# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၀၈)


# မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင် သတင်းစာရှင်းလင်း

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ အစီရင်ခံစာ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲအောင် ပုံဖော်ခဲ့

## မောင်တောဒေသမှ လူနည်းစုဖြစ်သော တိုင်းရင်းသားများ၏ သဘောထားများ၊ ဖြေဆိုချက်များကို ထည့်သွင်းစဉ်းစားဖော်ပြခြင်းမပြုခဲ့




မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် (သတင်းစဉ်)


ရန်ကုန် ဩဂုတ် ၆

ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်သော မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော် ဧည့်ဂေဟာကျောက်စိမ်းခန်းမ၌ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။


စာမျက်နှာ ၃ ကော်လံ ၁ ✻


## မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အဓိက တွေ့ရှိချက်များ

- မောင်တောဒေသဖြစ်စဉ်သည် လူသားမျိုးနွယ်အား ဆန့်ကျင်သည့်ရာဇဝတ်မှု (Crimes against humanity) လုံးဝမဟုတ်။
- မောင်တောဒေသဖြစ်စဉ်တွင် လူမျိုးတုံးသတ်ဖြတ်သန့်စင်ခြင်း (Ethnic cleansing)ဟု ယူဆနိုင်သည့်အနေအထား လုံးဝမတွေ့ရှိ။
- လူမျိုး/ဘာသာ အုပ်စုတစ်အုပ်စုအား ပထဝီနယ်မြေတစ်ခုမှ ဖယ်ရှားရန်အတွက် ရည်ရွယ်ချက်ရှိစွာ မူဝါဒရေးဆွဲချမှတ်၍ ကျင့်သုံးဆောင်ရွက်ခြင်းမျိုး လုံးဝမရှိ။
- မောင်တောဒေသဖြစ်စဉ်တွင် လူမျိုးတုံးသတ်ဖြတ်ခြင်း (Genocide) ဖြစ်ရပ်မျိုး လုံးဝမတွေ့ရှိ။

မြန်မာ့အလင်း

# ပထမဦးဆုံးသော ကွန်တိန်နာရထား

မြန်မာနိုင်ငံသည် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းရှိသော်လည်း ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသည်သာ မြန်မာနိုင်ငံပင်လယ်ရေကြောင်း ကုန်သွယ်မှု၏ ၉၅ ရာခိုင်နှုန်းခန့်ကို ကိုင်တွယ်ဆောင်ရွက်ပေးနေရပါသည်။ ကုန်သွယ်မှု အသုံးအနှုန်းအရ မြန်မာနိုင်ငံဆိပ်ကမ်းများသည် ပေ ၂၀ ကွန်တိန်နာယူနစ် (twenty foot equivalent unit-TEUs) တစ်သန်းကျော်သာ ကိုင်တွယ်ဆောင်ရွက်ပေးနိုင်ပါသည်။ ကျွမ်းကျင်သူများ၏ ခန့်မှန်းတွက်ချက်မှုအရ လက်ရှိတိုးချဲ့တည်ဆောက်နေသော ဆိပ်ကမ်းများကို ထည့်သွင်းတွက်ချက်ပါက ၂၀၂၁ ခုနှစ်၌ ပေ ၂၀ ကွန်တိန်နာယူနစ်ပေါင်း သုံးသန်းကျော်ကို ကိုင်တွယ်ဆောင်ရွက်ပေးနိုင်လာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဆိပ်ကမ်းများ၌ ကွန်တိန်နာများထုတ်ယူရှင်းလင်းရေး လုပ်ငန်းစဉ်အရပ်ရပ်ကို စနစ်တကျ မြန်ဆန်သွက်လက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ရတော့မည်ဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာ၌ ပြည်တွင်း ကွန်တိန်နာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို Dry Port များမှ တစ်ဆင့် ဆောင်ရွက်ခြင်းသည်လည်း နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် Dry Port လုပ်ငန်းပူးပေါင်းဆောင်ရွက်ရန်အတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ (Kerry Resource Transport Limited-KRTL) ကို ရွေးချယ်ခဲ့ပါသည်။ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ Kerry Resource Transport Limited သည် ကွန်တိန်နာရထားကို တစ်နှစ်အတွင်း ပြေးဆွဲရမည်ဖြစ်သော်လည်း လေးလတာကာလအတွင်း၌ပင် ရန်ကုန်-မန္တလေး ကွန်တိန်နာရထားကို ပုံမှန်စတင်ပြေးဆွဲလိုက်ပြီ ဖြစ်ပါသည်။

ရန်ကုန်-မန္တလေး ကွန်တိန်နာရထားပြေးဆွဲမှု အချိန်သည် ၂၄ နာရီကြာမည်ဖြစ်ပြီး ကွန်တိန်နာတွဲဆိုင်း ၁၁ တွဲ ပါဝင်မည်ဖြစ်ပါသည်။ ကွန်တိန်နာရထားသည် ရန်ကုန်မြို့ ဝါးတန်းကုန်ရုံမှ သောကြာနေ့ထွက်၍ ပလိပ်မြို့သို့ စနေနေ့၌ ရောက်ရှိမည်ဖြစ်ပါသည်။ ကွန်တိန်နာရထားသည် ပလိပ်မြို့မှ တနင်္လာနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ပါသည်။ ဤရထားသည် မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ကွန်တိန်နာရထားဖြစ်ပါသည်။ လုပ်ငန်းသဘောတူညီချက်အရ Kerry Resource Transport Limited သည် ရန်ကုန်မြို့(ရွာသာကြီး)နှင့် မန္တလေးမြို့(မြစ်ငယ်)တို့၌ Dry Port ကို နှစ်နှစ်ကာလအတွင်း အပြီးတည်ဆောက်ရမည်ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာ၌ ပြည်တွင်း အခြေခံအဆောက်အအုံများ ခိုင်မာကောင်းမွန်ခြင်းသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ယခုစတင် ပြေးဆွဲပြီဖြစ်သော ရန်ကုန်-မန္တလေး ကွန်တိန်နာရထားသည် အဆိုပါလိုအပ်ချက်ဖြည့်ဆည်းရေး၌ တစ်တပ်တစ်အား ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ ဤကွန်တိန်နာရထား ကုန်ပစ္စည်းတန်ဆာခနှုန်းထား သတ်မှတ်ချက်ကို ကြည့်ပါကလည်း ရန်ကုန်-မန္တလေး တစ်တန် တစ်မိုင်ကို ငွေကျပ် ၃၀ သာရှိပြီး မန္တလေး-ရန်ကုန် တစ်တန် တစ်မိုင်ကို ငွေကျပ် ၂၀ သာ ရှိပါသည်။ လက်ရှိအားပြုဆောင်ရွက်လျက်ရှိသော ကားလမ်း သယ်ယူပို့ဆောင်စရိတ်နှုန်းထားနှင့် နှိုင်းယှဉ်ပါက များစွာသက်သာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်တပ်တစ်အား ပါဝင်ကူညီ အားဖြည့်ပေးမည့် ပထမဦးဆုံးသော ကွန်တိန်နာရထား စတင်ပြေးဆွဲခြင်းကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း တင်ပြအပ်ပါသည်။ ။

## မိဘမဲ့ပရဟိတကျောင်းသို့ အလှူငွေများလှူဒါန်း

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ "ပေးဆပ်သူများ၊ နာမှုကူညီရေးအသင်း"၏ (၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အသင်းဝင် ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များစုပေါင်း၍ ဩဂုတ် ၆ ရက် နံနက် ၉ နာရီတွင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် မဟာဝိသုတာရာမသီဟိုဠ်ကျောင်းတိုက်ရှိ (လူငယ်ဖွံ့ဖြိုးရေး မိဘမဲ့ပရဟိတဂေဟာ) ခန်းမ၌ ငွေကျပ် ၄၁ သိန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ စာအုပ်၊ ခြင်ထောင်ပစ္စည်းတို့ကို လှူဒါန်းခဲ့သည်။

ဤအသင်းအနေဖြင့် လူမှုရေးလုပ်ငန်းစဉ်များဖြစ်သော နွမ်းပါးကလေးငယ်များအတွက် ပညာရေးထောက်ပံ့မှု၊ နာရေးကူညီမှုလုပ်ငန်း၊ သွေးလှူဒါန်းခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်နေသောဒေသများသို့ လုပ်အားဒါနအလှူငွေများ၊ အဝတ်အထည်များ၊ ကျောင်းသုံးစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းလျက်ရှိရာ အကူအညီလိုအပ်နေသူများနှင့် အလှူငွေလှူဒါန်းလိုသူများအနေဖြင့် အသင်းဥက္ကဋ္ဌ ဦးကျော်မြင့် ဖုန်း - ၀၉၂၆၂၃၆၉၂၈၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်) အသင်းဝင်တိုးပွားရေး ဆက်လက်စည်းရုံးမည်

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း (ရန်ကုန်)အနေဖြင့် လက်ရှိ အသင်းဝင်အရေအတွက်ထက် ပိုမိုများပြားတိုးပွားရေးအတွက် ပွင့်လင်းရာသီတွင် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒါရိုက်တာ မောင်ယဉ်ကျော်က ဩဂုတ်လ ၅ ရက်တွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပသော မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်)နှစ်ပတ်လည် အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်)ကို ၂၀၁၂ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုဆိုလျှင် လေးနှစ်ကျော်ကာလတစ်ခုတိုင် ရောက်ခဲ့ပြီဖြစ်သည်။မြို့နယ်အဆင့် အသင်းများကိုလည်း မြို့နယ်ပေါင်း ၂၂ မြို့နယ်အထိ ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ယခုအခါ အသင်းဝင်ပေါင်း ၈၀၀ ကျော် ရှိနေပြီဖြစ်သည်။




မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်) ဗဟန်းမြို့နယ်အသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်

ယနေ့ကျင်းပသော မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို)မှ ပြန်ကြားရေးမှူး ဦးအောင်သူရက မြန်မာနိုင်ငံသတင်းစာဆရာအသင်း ကိုယ်စား သဝဏ်လွှာဖတ်ကြားခြင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း တိုင်းဒေသကြီး အတွင်းရေးမှူး ဒေါ်ဇူလိုင်မိုးက နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် စကိုင်းနက်မီဒီယာမှ အထွေထွေမန်နေဂျာ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ) က မုဒိတာစကားတို့ကိုပြောကြားခဲ့ပြီး အဓိကကူညီ ထောက်ပံ့ပေးသော ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

ထင်သာမြင်သာပြုပြင်စရာ

# အင်းတော်မြို့အဝင် ကြာအင်း-စင့်ဟောက် ချောင်းကူးတံတား ပြုပြင်ပေးစေလို



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့အဝင် ကြာအင်း-စင့်ဟောက်ကျေးရွာအနီးရှိချောင်းကူးတံတား၏အလယ်နေရာမှာ ပျက်စီးနေကြောင်း သိရသည်။

အဆိုပါတံတားသည် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်တွင်တည်ရှိပြီး တစ်ရက်လျှင် ယာဉ်အစီးရေ ၂၀၀ ခန့် ဖြတ်သန်းသွားလာနေရာ ပွင့်လင်းရာသီ၌ ယာဉ်အစီးရေထိုမျှမက ဖြတ်သန်းသွားလာနေကြောင်းလည်း သိရသည်။

ယခုအခါ ဖော်ပြပါတံတားကြီး၏ အလယ်နေရာများတွင် ချိုင့်ခွက်ကြီးများဖြစ်နေပြီး မကြာမီ အပေါက်အနေအထားသို့ရောက်ရှိနိုင်ကြောင်း တွေ့ရ၍ ထိုတံတားကြီးကို သက်ဆိုင်ရာမှ အချိန်မီပြုပြင်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**လူအောင် (ကသာ)**

# မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၆**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၆-၈-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ . ၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၁ |
| တရုတ် | တစ်ယွမ် | ၂၀၂ . ၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ . ၄၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*စာမျက်နှာ ၃ မှ*

ထို့ပြင် မောင်တောဒေသတွင် စိတ်ကြွရူးသွပ်ဆေးပြား အမြောက်အမြားဖမ်းဆီးရရှိမှုများ ရှိနေသည့်အတွက် မူးယစ်ဆေးဝါးကုန်သွယ်မှု လမ်းကြောင်းသည် လက်နက်ကိုင်ပုန်ကန်မှုများ၊ စီးပွားရေးသမားများနှင့် ဆက်နွှယ်ပြီး ကြီးထွားလာနိုင်သော အခြေအနေများကို တွေ့ရှိနေရပါကြောင်း၊ ထိုအခြေအနေကို မိမိတို့ကော်မရှင်၏ အစီရင်ခံစာတွင် ပြည့်စုံစွာရေးသားပြုစုဖော်ပြထားပါကြောင်း။

မောင်တောဒေသ၌ နောင်အလားတူဖြစ်ရပ်မျိုး ထပ်မံမပေါ်ပေါက်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးကဏ္ဍအလိုက် အဆက်အစပ်ရှိရှိ၊ ရည်မှန်းချက်ရှိစွာမည်သို့စီမံဆောင်ရွက်သွားသင့်ကြောင်း၊ မောင်တောဒေသ အနာဂတ်အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရည်မျှော်၍ အကြံပြုချက်များကို တင်ပြထားပါကြောင်း။

ယခု သတင်းစာရှင်းလင်းပွဲတွင် ကော်မရှင်၏အစီရင်ခံစာ အကျဉ်းချုပ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖြန့်ဝေပြီးဖြစ်ပါကြောင်း၊ အစီရင်ခံစာအပြည့်အစုံကို နိုင်ငံတော်သမ္မတထံ တင်သွင်းထားပြီး ဖြစ်ပါကြောင်း၊ ကော်မရှင်၏အစီရင်ခံစာပါ အကြောင်းအရာများအပြည့်အစုံကို ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက ရှင်းလင်းသွားမည် ဖြစ်သည့်အတွက် သိသင့်သိထိုက်သည်များကို ပိုမိုသိရှိသွားနိုင်ပါကြောင်း။

ကော်မရှင်သည် မောင်တောဒေသ၏ အတိတ်နောက်ခံအခြေအနေနှင့် လက်ငင်းဖြစ်ပျက်နေသော အခြေအနေများကို စုံလင်အောင်သုံးသပ်ပြီး ပြုပြင်ဆောင်ရွက်သင့်သည်များကို အုပ်ချုပ်ရေးဆိုင်ရာ၊ သတင်းမီဒီယာဆိုင်ရာ၊ UN အဖွဲ့အစည်းများနှင့် INGO အဖွဲ့အစည်းများဆိုင်ရာ၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာ၊ ဘာသာ / သာသနာရေးဆိုင်ရာ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ၊ အမျိုးသားလုံခြုံရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ၊ နိုင်ငံတကာလုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာနှင့် အထွေထွေဟူ၍ ခေါင်းစဉ်များ ခွဲခြားအကြံပြုထားပါကြောင်း။

သတင်းမီဒီယာများကို ကော်မရှင်၏ အဓိကစစ်ဆေးတွေ့ရှိချက်ကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာသည် ၂၀၁၆ ခုနှစ်အောက်တိုဘာလ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် စတင်ဖြစ်ပွားသော ပထမပိုင်းကာလအတွင်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို အကြမ်းဖက်အဖွဲ့ဝင်များက ရက်စက်စွာတိုက်ခိုက်သတ်ဖြတ်မှုဖြစ်စဉ်များကို လည်းကောင်း၊ ဒုတိယပိုင်းကာလတွင် အကြမ်းဖက်အဖွဲ့ဝင်များက ဒေသခံတိုင်းရင်းသားများကိုရော၊ မူဆလင်ကျေးရွာသားများကိုပါ ရက်စက်စွာသတ်ဖြတ်မှု၊ ကျေးရွာသားများကို ခြိမ်းခြောက်မှု၊ အကြမ်းဖက်သင်တန်းများပေးမှုများကို မဖော်ပြသည့်အပြင် နိုင်ငံတော်အစိုးရမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ မောင်တောဒေသရှိ ကျေးရွာများအား ပြည်တွင်း၊ ပြည်ပမှ ထောက်ပံ့ရေးပစ္စည်းများ ကူညီထောက်ပံ့ပေးမှု စသည့်အခြေအနေများကို နိုင်ငံတကာမှ သိအောင် အလေးထားဖော်ပြခြင်းမပြုခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကြိုးပမ်းဆောင်ရွက်ချိန်ဖြစ်သည့် ဒုတိယပိုင်းကာလ၌ အကြမ်းဖက်သမားများနှင့် အပြန်အလှန် ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ မီးလောင်မှုများ၊ နေအိမ်များမှ ရွာသူ ရွာသားများ စွန့်ခွာထွက်ပြေးမှုများ၊ ပစ္စည်းပျောက်ဆုံးပျက်စီးမှုများစသည့် ဖြစ်ရပ်များနှင့် မောင်တောဒေသမှ ထွက်ပြေးလာသူများ၏ တစ်ဦးချင်းမေးမြန်းထွက်ဆိုချက်များအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင်ပုံကြီးချဲ့ပြီး ပုံဖော်မီးမောင်းထိုးခဲ့ကြောင်း။

ထို့ပြင် မောင်တောဒေသတွင် နေထိုင်သည့် လူနည်းစုဖြစ်သော ဒေသခံတိုင်းရင်းသားများကို မေးမြန်းပြီး ၎င်းတို့၏သဘောထားများ၊ ဖြေဆိုချက်များကို ထည့်သွင်းစဉ်းစားဖော်ပြခြင်းမပြုခဲ့သည်ကို ဝမ်းနည်းစွာတွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အဖွဲ့ဝင်လေးဦးသည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်ခဲ့သည်ဟုဆိုသူ ၂၀၄ ဦးအား တွေ့ဆုံမေးမြန်းချက်များ ဖော်ပြပါရှိသည့် မဟာမင်းကြီးရုံး၏ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် ရက်စွဲပါ Report of OHCHR Mission to Bangladesh အစီရင်ခံစာ၏ သုံးသပ်ချက်အပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မူဆလင်များအား တိုက်ခိုက်ခြင်းသည် လူသားမျိုးနွယ်အား ဆန့်ကျင်သည့်ရာဇဝတ်မှု (Crimes against humanity) ဖြစ်နိုင်ခြေရှိကြောင်း၊ ၎င်းတို့အပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုလုပ်ရပ်များသည် လူမျိုးတုံးသတ်ဖြတ်သန့်စင်ခြင်း (Ethnic cleansing ) ဟု ဖော်ပြနိုင်ကြောင်း စွပ်စွဲထားသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့ကော်မရှင်သည် ယင်းအစီရင်ခံစာကို အသေးစိတ်လေ့လာဖတ်ရှုပြီး အစီရင်ခံစာတွင်ပါရှိသည့် ကျေးရွာပေါင်း ၂၀ ကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ စွပ်စွဲချက်များကို အချိန်ယူ၍ စုံစမ်းစစ်ဆေးသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းသုံးခုသို့ သွားရောက်ပြီး ဒုက္ခသည်များကို တွေ့ဆုံမေးမြန်းခဲ့ပါကြောင်း။

ကော်မရှင်၏ စုံစမ်းစစ်ဆေးချက်များကိုအခြေခံပြီး သုံးသပ်ပြောကြားရမည်ဆိုပါက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက သုံးသပ်သည့် Crimes against humanity ဖြစ်နိုင်ခြေလုံးဝမရှိပါကြောင်းနှင့် Ethnic cleansing ဟု ယူဆနိုင်သည့် အနေအထားလည်း လုံးဝမတွေ့ရှိပါဟု ပြောကြားလိုပါကြောင်း။ *စာမျက်နှာ ၅ သို့*



ဒါးကြီးစားကျေးရွာတွင် အစ္စလာမ်ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းစဉ်



ဇင်ပိုင်ညာရွာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆန်နှင့်ကုလားပဲများ ထောက်ပံ့စဉ်



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ မောင်တောမြို့နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှု မှတ်တမ်းဓာတ်ပုံ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင် IDP စခန်း




မေယုတောင်ကြောအတွင်း ချုံခိုတိုက်ခိုက်၍ သေဆုံးသွားသော အကြမ်းဖက်သမားတစ်ဦးထံမှ သိမ်းဆည်းရမိသည့် ဖုန်းအတွင်းမှ မှတ်တမ်းဓာတ်ပုံ

*စာမျက်နှာ ၄ မှ*

ထို့ပြင် အချို့သော ပြင်ပပုဂ္ဂိုလ်များက ၎င်းဒေသ၌ လူမျိုးတုံးအောင်သတ်ဖြတ်ခြင်း(Genocide) ရှိသယောင် စွပ်စွဲပြောဆိုခြင်း၊ မဟုတ်မမှန် သတင်းဖြန့်ခြင်းများကို တွေ့ရှိရပါကြောင်း၊ ကော်မရှင်၏ အချိန်ယူစုံစမ်းစစ်ဆေးချက်များအရ ထိုဖြစ်ရပ်မျိုးလုံးဝမရှိကြောင်း တွေ့ရှိရပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက ကော်မရှင်၏ အစီရင်ခံစာတွင်ပါရှိသည့် ရခိုင်ပြည်နယ်၏ အနေအထား၊ ရခိုင်ပြည်နယ်ပဋိပက္ခဖြစ်စဉ်များ၏ နောက်ခံအခြေအနေ၊ မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ဦးဆောင်ပါဝင်သူများ၊ မောင်တောဖြစ်စဉ်၏ ထူးခြားချက်၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများ အာမခံချက်ပေးနိုင်မှုအခြေအနေ၊ ပဋိပက္ခကြိုတင်ကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး၊ ပြင်ပစွပ်စွဲပြောဆိုမှုများအပေါ် စိစစ်တွေ့ရှိချက်၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏အစီရင်ခံစာပါ ဖော်ပြချက်များအပေါ် ကော်မရှင်၏သုံးသပ်ချက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကော်မရှင်အဖွဲ့ သွားရောက်စုံစမ်းစစ်ဆေးချက်၊ ကော်မရှင်၏ အကြံပြုချက်များစသည်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့အပြင် ကော်မရှင်က နိုင်ငံတကာတွင် ကျင့်သုံးသည့် စုံစမ်းစစ်ဆေးသောနည်းစနစ်များအတိုင်း လျှို့ဝှက်သိုသိပ်စွာမေးမြန်းခဲ့မှု၊ ကော်မရှင်သည် မောင်တောဒေသအတွင်း လေးကြိမ်ကွင်းဆင်းစစ်ဆေး၍ မှုခင်းဖြစ်ပွားရာနေရာ စခန်းနှင့် ကျေးရွာပေါင်း ၆၄ နေရာသို့ အရောက်သွား၍ စုံစမ်းစစ်ဆေးခဲ့မှု၊ အခါအားလျော်စွာ သတင်းထုတ်ပြန်ခဲ့မှု၊ ထိုဒေသအတွင်း တစ်ဖက်နှင့်တစ်ဖက် နည်းလည်မှုမရှိ၊ ယုံကြည်မှုမရှိ၊ ရောယှက်ဆက်ဆံခြင်းမရှိသည့် လူ့အသိုင်းအဝိုင်းများအတွင်း သတင်းချဲ့ကားခြင်း၊ မဟုတ်မမှန်စွပ်စွဲခြင်း၊ ပြင်ပစွက်ဖက်မှုပယောဂများနှင့် ဆက်စပ်နေသည့် အခြေအနေများ၊ ထွက်ပေါ်လာသည့် သက်သေများနှင့် စွပ်စွဲပြောဆိုမှုများကို မှန်/မမှန် အလေးအနက်ဆင်ခြင်သုံးသပ် ဆောင်ရွက်ခဲ့မှုများအပြင်၊ စုံစမ်းတွေ့ရှိချက်များအပေါ် အခြေခံ၍ လက်ငင်းဆောင်ရွက်ရမည့် အချက်များနှင့် ရေရှည်မဟာဗျူဟာချမှတ်ဆောင်ရွက်ရမည့် အကြံပြုချက် ၄၈ ချက်တို့ကို ထည့်သွင်းတင်ပြခဲ့မှုများ၊ မောင်တောဒေသ၌ လူ့အခွင့်အရေးကိစ္စများကို ကြည့်ရှုစုံစမ်းနိုင်မည့် ယန္တရားတစ်ခုထားရှိသင့်သော ကိစ္စတို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများမှ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ကော်မရှင်အဖွဲ့ဝင်များက အသေးစိတ် ရှင်းလင်းဖြေကြားသည်။


ကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် ကဏ္ဍအလိုက် မှတ်တမ်းဓာတ်ပုံများ၊ မောင်တောဒေသဆိုင်ရာအချက်အလက်များ၊ မြေပုံကားချပ်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)၏ စွပ်စွဲချက်များနှင့် ၎င်းစွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ၊ ကော်မရှင်၏ သုံးသပ်ချက်များကို ပြည့်စုံစွာ ခင်းကျင်းပြသထားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးညွန့်ဆွေ၊ ဒေါက်တာ ဒေါ်သက်သက်ဇင်၊ ဒေါက်တာလှမောင်၊ ဦးဇော်ဝင်း (ရဲချုပ်ငြိမ်း)၊ ဦးစောသလေးစော၊ ဒေါ်ကျိန်ငိုက်မန်၊ ဦးအောင်နိုင်နှင့် ဒေါက်တာသာညဏ်တို့ စုံညီစွာတက်ရောက်ကြသည်။

ထို့အပြင် ပြည်ပသတင်းမီဒီယာ ၁၄ ဌာနနှင့် ပြည်တွင်းသတင်းမီဒီယာ ၆၇ ဌာနတို့မှ သတင်းမီဒီယာသမား စုစုပေါင်း ၁၁၄ ဦး တက်ရောက်သတင်းရယူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**


ငါးခူရနယ်မြေရဲစခန်း(ပ) ၁၃/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆(မုဒိမ်းမှု)မှ တိုင်ကြားသူ


မောင်တောခရိုင် အထူးတရားရုံး၊ တရားခွင်(၃)





အောင်ဗလကင်းစခန်းမှ ပြူးမချောင်းကြား ခြံစည်းရိုးသွပ်ဆူးကြိုးပျက်နေပုံ


ရေတွင်းကျွန်းကျေးရွာမှ ဘူးသီးတောင်အကျဉ်းထောင်သို့ ထောင်ဝင်စာ လာရောက်တွေ့ဆုံမှု မှတ်တမ်းဓာတ်ပုံ

# တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်ကို တိုက်ခိုက်ပြီး လက်နက်ခဲယမ်းရယူတာဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးအောင်လုပ်တဲ့ အကြမ်းဖက်ဖြစ်စဉ်ပါ


ဒေါက်တာလှမောင်
သံအမတ်ကြီး(ငြိမ်း) ကော်မရှင်အဖွဲ့ဝင်


ဦးအောင်ကြည်၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း)
ကော်မရှင်အဖွဲ့ဝင်


ဦးဇော်ဝင်း(ရဲချုပ်-ငြိမ်း)
ကော်မရှင်အဖွဲ့ဝင်


ဒေါက်တာသာညဏ်
အထွေထွေအတွင်းရေးမှူး၊ခရစ်ယာန်ကလျာဏ
ယုဝအသင်း (ကော်မရှင်အဖွဲ့ဝင်)


ဦးထွန်းမြတ် (UN လက်ထောက်အတွင်း
ရေးမှူးချုပ်၊ ငြိမ်း) ကော်မရှင်အဖွဲ့ဝင်

**သတင်းအဖွဲ့**

**ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပသည့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ကော်မရှင်အဖွဲ့ဝင်များ၏ ဖြေကြားချက်များကို ဖော်ပြအပ်ပါသည် -**

**မေး။ ။ အရာရာလူနေမှုအဆင့်နိမ့်ကျပြီး အရာရာနွမ်းပါးမှုတွေ ကြုံနေတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း အပါအဝင် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုစီမံဆောင်ရွက်သင့်သလဲဆိုတာနဲ့ ပတ်သက်ပြီး ကော်မရှင်ရဲ့ အစီရင်ခံစာမှာ ထည့်သွင်းထားသလဲ သိချင်ပါတယ်။**

**ဒေါက်တာလှမောင်**
**သံအမတ်ကြီး(ငြိမ်း) ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်အတွင်း မကြာခဏပဋိပက္ခများ ဖြစ်ရခြင်းရဲ့ အကြောင်းအရင်းခံများကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် လူမှုစီးပွားရေးအခြေအနေများ အလွန်အမင်းနိမ့်ကျလျက်ရှိနေခြင်းက အကြောင်းအရင်းခံများထဲမှာ အရေးကြီးပြီး အဓိကကျတဲ့ အကြောင်းအရင်းခံတစ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ရဲ့ လူမှုစီးပွားရေးအခြေအနေကို ပြည်ထောင်စုတစ်ခုလုံးရဲ့ ပျမ်းမျှအခြေအနေနဲ့ နှိုင်းယှဉ်ရင်သော်လည်းကောင်း၊ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်များနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်လည်းကောင်း လွန်စွာနိမ့်ကျလျက်ရှိနေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ချင်းပြည်နယ်ပြီးရင် ရခိုင်ပြည်နယ်က ဒုတိယ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံး ပြည်နယ်ဖြစ်နေပါတယ်။ ထို့နည်းတူစွာပဲ မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့နဲ့တကွ အခြေခံစီးပွားရေးအဆောက်အအုံ (Economic Infrastructure)များဖြစ်ကြတဲ့ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ကျောင်းများနှင့် ဆေးရုံများအပါအဝင် လူမှုရေးကဏ္ဍစသဖြင့် ကျန်တိုင်းနဲ့ပြည်နယ်များနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လွန်စွာနိမ့်ကျလျက်ရှိနေတာ တွေ့ရှိရပါတယ်။

လက်ရှိ မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ ကုန်ထုတ်လုပ်မှုအခြေအနေကို ဆန်းစစ်ကြည့်မယ်ဆိုရင် လယ်ယာနဲ့ သားငါးကဏ္ဍတို့က အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိနေပါတယ်။ အကယ်၍ ၎င်းစီးပွားရေးကဏ္ဍနှစ်ခုတို့ရဲ့ ကုန်ထုတ်လုပ်မှုစနစ်ကို လက်ရှိသမားရိုးကျကုန်ထုတ်လုပ်မှုစနစ်မှ သိပ္ပံနည်းကျ ခေတ်မီကုန်ထုတ်လုပ်မှုစနစ်အသွင်သို့ ကူးပြောင်းဆောင်ရွက်မယ်ဆိုရင် ကုန်ပစ္စည်းထုတ်လုပ်မှု နှစ်ဆသုံးဆခန့် တိုးမြင့်လာနိုင်တဲ့အပြင် နိုင်ငံရဲ့ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်မှုကိုလည်း အကျိုးပြုပေးနိုင်မှာ ဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ အခြေခံစီးပွားရေးအဆောက်အအုံများ (Economic Infrastructure) ဖြစ်ကြတဲ့ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ကျောင်းများနှင့် ဆေးရုံများအပါအဝင် လူမှုရေးကဏ္ဍစတာတွေကို အထူးစီမံကိန်းများရေးဆွဲလျက် အလျင်အမြန် အကောင်အထည်ဖော်ဆောင်ပေးသင့်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံရဲ့ လက်ရှိပျမ်းမျှလုပ်ခအခြေအနေက အိမ်နီးချင်းနိုင်ငံများနဲ့ နှိုင်းစာရင် များစွာနိမ့်ကျလျက်ရှိနေပြီး မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ ပျမ်းမျှလုပ်ခလစာက အနိမ့်ဆုံးအဆင့်မှာရှိနေပါတယ်။ အလုပ်သမားများရဲ့ လုပ်ခလစာနိမ့်ကျနေခြင်းက စက်မှုလုပ်ငန်းများ လာရောက်တည်ထောင်ရန်အတွက် များစွာ ဆွဲဆောင်ပေးနိုင်ပါတယ်။ ဒါကြောင့် မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ ဆိပ်ကမ်းများနဲ့ နီးစပ်တဲ့ဒေသတစ်လျှောက်မှာ Export Processing Zone တွေအပါအဝင် အထူးစက်မှုဇုန် (Special Economic Zone)တွေ၊ အသေးစားနဲ့ အလတ်စားစက်မှုလက်မှုလုပ်ငန်းတွေ( SME) တည်ဆောက်ပေးနိုင်မယ်ဆိုရင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေ များစွာ ဝင်ရောက်လာနိုင်ပါတယ်။ ဒီကမှတစ်ဆင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)နဲ့ ပြည်ပပို့ကုန်တန်ဖိုး(Export) တွေ အဆပေါင်းများစွာ တိုးတက်လာနိုင်ပြီး အလုပ်အကိုင်သစ်မြောက်မြားစွာ ပေါ်ထွန်းလာစေနိုင်ပြီး လူတစ်ဦးချင်းဝင်ငွေများ တိုးမြင့်လာမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် မောင်တောဒေသအပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးရဲ့ နိမ့်ကျလျက်ရှိနေတဲ့ လူမှုစီးပွားရေးအခြေအနေ တိုးမြင့်လာပြီး ပဋိပက္ခဖြစ်ပွားမှုများ တုံ့ဆိုင်းသွားစေနိုင်ပါတယ်။

**မေး။ ။ UN ကနေပြီးတော့ ကျွန်တော်တို့နိုင်ငံကို စွပ်စွဲထားတာရှိပါတယ်။ ဒီမှာရှိနေတဲ့ လူမျိုးတွေကို ကျွန်တော်တို့က နှင်ထုတ်နေတယ်။ လူမျိုးစုတစ်ခုလုံးပြုန်းတီးသွားအောင် Genocide လုပ်တယ်ဆိုတာဖော်ပြထားပါတယ်။ အဲ့ဒီလိုစွပ်စွဲထားတာ ဘာကြောင့်လဲဆိုတာကို ကော်မရှင်က သုံးသပ်ထားတာရှိပါသလား။ သုံးသပ်ထားတာရှိရင်သိလိုပါတယ်။ နောက်တစ်ခုက ရခိုင်ဒေသမှာ အုပ်ချုပ်ရေးစီမံချက်တစ်ခုချမယ်ဆိုတဲ့ အကြံပြုချက်ပါပါတယ်။ အဲ့ဒီ အုပ်ချုပ်ရေးစီမံချက်ချမယ်ဆိုတဲ့ ပုံစံက ဘယ်လိုလဲဆိုတာ သိလိုပါတယ်။**

**ဦးအောင်ကြည်၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း)**
**ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ အဖွဲ့အစည်းတွေက အခုလိုစွပ်စွဲတာ မှားယွင်းတယ်လို့ သီးသန့်ဆွေးနွေးထားတာတော့မရှိပါဘူး။ သဘာဝအားဖြင့်တော့ နိုင်ငံတစ်ခုမှာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေ ဖြစ်တယ်ဆိုရင် အပြည်ပြည်ဆိုင်ရာဥပဒေအရနယ်မြေတစ်ခုမှာ ဒီလိုလူမျိုးစုအလိုက် သတ်ဖြတ်မှုတွေရှိတယ်လို့ ခိုင်မာတဲ့သုံးသပ်ချက်တွေ ထွက်ပေါ်လာရင် သူတို့ရဲ့ တော်လှန်မှုတွေက တရားဝင်မှုရသွားနိုင်တဲ့ လက်ခံနိုင်တဲ့အနေအထားမျိုး ဖြစ်သွားနိုင်တယ်။ သူတို့အနေနဲ့ ဒီလိုပဲ ရည်မှန်းတယ်လို့ ကျွန်တော်ကတော့ ဖြေကြားလိုပါတယ်။

ဘာကြောင့်လဲဆိုတော့ အခုလုပ်ရှားမှုတွေကို ကြည့်တဲ့အခါမှာလည်း လက်နက်တွေစုပြီး လုံခြုံရေးတပ်ဖွဲ့တွေကို ဦးတည်တိုက်ခိုက်တာ၊ အဲ့ဒီကနေပြီးတော့ လက်နက် ခဲယမ်းမီးကျောက်တွေကို လုယူသွားတာ၊ ပြန်လည်သိမ်းဆည်းမခံရအောင် နည်းလမ်းအမျိုးမျိုးနဲ့ လုပ်တာ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက နယ်မြေစိုးမိုးရေး ဒေသစိုးမိုးရေးလုပ်တဲ့အခါမှာ ဒီလိုအစုလိုက်အပြုံလိုက် သတ်ဖြတ်တယ်ဆိုတဲ့ပုံစံမျိုး မပေါ်ပေါ်အောင် မီဒီယာတွေကိုသုံးပြီး သူတို့ဆောင်ရွက်နေတာကို ဆက်စပ်ပြီးတော့ စဉ်းစားမယ်ဆိုရင် ဒီလိုရည်ရွယ်ချက်မျိုးဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေးသုံးသပ်ချက် ဖြစ်ပါတယ်။

အဓိကအားဖြင့် ကျွန်တော်တို့ကော်မရှင်အနေနဲ့ ပြည်သူတွေရဲ့ လုံခြုံရေးနဲ့ အခြေခံလွတ်လပ်ခွင့်တွေ ဆောင်ရွက်ပေးဖို့ဆိုတာ ကျွန်တော်တို့ရဲ့ မစ်ရှင်ထဲမှာပါပါတယ်။ ဒါကြောင့်မို့ ဥပဒေနဲ့အညီ နိုင်ငံသားဖြစ်မှုတွေကို ဆောလျင်စွာဆောင်ရွက်ပေးနိုင်ဖို့ဆိုတဲ့ကိစ္စတွေ ဆောင်ရွက်ခဲ့တာရှိတယ်။ ပြီးတော့ လွတ်လပ်စွာကိုးကွယ်ခွင့်တွေ၊ လွတ်လပ်စွာဝတ်ပြုခွင့်တွေ၊ ခရီးသွားလာခွင့်တွေ၊ နောက် အသက်မွေးဝမ်းကျောင်းလုပ်ဆောင်မှုတွေ၊ ရောင်းဝယ်ဖောက်ကားမှုတွေ ဖြစ်အောင် ကြိုးပမ်းပြီးဆောင်ရွက်ခဲ့တာတွေ ရှိတယ်။

ဒုတိယသမ္မတကိုယ်တိုင် ဦးစီးပြီးတော့ ရေဆိပ်တွေအထိသွားပါတယ်။ ရေဆိပ်တွေ ပြန်ဖွင့်နိုင်အောင် ကြပ်မတ်ပြီးကိုယ်တိုင်ပဲဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်း ပြည်ပ မီဒီယာအဖွဲ့တွေ သွားရောက်တဲ့အခါမှာလည်း သူတို့အနေနဲ့ ပြောချင်တိုင်း ပြောခွင့်ရအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

မီဒီယာတွေနဲ့ တိုက်ရိုက်တွေ့ပြီး လွတ်လပ်စွာပြောဆိုခွင့်ရတဲ့သူတွေကိုလည်း နောက်ပိုင်းမှာ တစ်ဖက် အဖွဲ့အစည်းတွေအနေနဲ့ သတ်ဖြတ်တာတွေလည်းရှိပါတယ်။ သတင်းအချက်အလက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ သိရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဖမ်းဆီးခံထားရတဲ့ သူတွေကိုလည်း မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန် စစ်ဆေးနိုင်အောင် အထူးတရားရုံးတွေ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဖမ်းခံထားရတဲ့ သူတွေကို မိသားစုဝင်တွေ သွားတွေ့နိုင်အောင်လည်း ဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ ဒီဒေသကို လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ဖို့ဆိုတာ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အနေနဲ့ ရုံးခွဲလေးတစ်ခုလာဖွင့်ပြီးတော့ စနစ်တကျဆောင်ရွက်ပေးနိုင်ရင် ကောင်းမယ်ဆိုတဲ့ အကြံပြုချက်မျိုးပြောခဲ့တာရှိပါတယ်။

**မေး။ ။ မောင်တောဒေသမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုတွေကိုဘယ်လိုမြင်ပါသလဲ။ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ဆက်စပ်မှုရှိနေပါသလား။ နိုင်ငံတော်အတွက် စိုးရိမ်စရာအခြေအနေတွေ ရှိနေပါသလား။**

**ဦးဇော်ဝင်း(ရဲချုပ်-ငြိမ်း) ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ ဒီနေ့ဖြစ်သွားခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်တွေက မောင်တောဒေသနဲ့ ရခိုင်ဒေသတွေမှာ ဖြစ်ပွားခဲ့တဲ့ ယခင်ဖြစ်စဉ်တွေနဲ့ မတူပါဘူး။ ယခင်တုန်းကတော့ ဒေသခံပြည်သူတွေအချင်းချင်းကြားမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေလည်းဖြစ်ခဲ့ပါတယ်။ အရင်ပဋိပက္ခတွေနဲ့ မတူပါဘူး။ အခုဖြစ်စဉ်က နိုင်ငံတော်မှာ တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်လို့ နေရာမျိုးကို ဝင်ရောက်တိုက်ပြီးတော့ လက်နက်ခဲယမ်းတွေရယူတာဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိုထိပါးအောင် လုပ်တဲ့ အကြမ်းဖက်ဖြစ်စဉ်ပါ။ သူတို့ရဲ့ ဗီဒီယိုကလစ်ကို ကျွန်တော်တို့ပြန်ကြည့်တော့ ဘာပြောလဲဆိုရင် နှစ်ပေါင်းများစွာက မျှော်လင့်ချက်တွေကို ပြည့်ဝအောင်လုပ်မယ်ဆိုတာကို ပြောထားတာ ပါပါတယ်။ လူ့အခွင့်အရေးကိစ္စ၊ လူသားချင်းစာနာထောက်ထားမှုကိစ္စတွေအပြင် ပိုမိုကျယ်ပြန့်တဲ့ လုံခြုံရေးဆိုင်ရာကဏ္ဍတွေ၊ နိုင်ငံရေးဆိုင်ရာကဏ္ဍတွေအထိ ဆက်စပ်ပါဝင်နေတဲ့ ဖြစ်စဉ်ဖြစ်တယ်ဆိုတာ တင်ပြလိုပါတယ်။

ပြည်ပနဲ့ဆက်စပ်မှုပြောရမယ်ဆိုရင် နောက်ဆုံးသူတို့ရဲ့ ကြေညာချက်အရဆိုရင် Arakan Rohingya Salvation Army (ARSA) ဆိုပြီးကြေညာပါတယ်။ ဦးဆောင် သူကဟာဇတ်ဒူလာ၊ သူဟာ မောင်တော ကျောက်ပြင်ဆိပ်ရွာသားတစ်ဦးဖြစ်ပေမယ့် ကြီးပြင်းခဲ့တဲ့နေရာကတော့ ပြည်ပမှာကြီးပြင်းခဲ့တယ်။ ဆော်ဒီမှာနေထိုင်ခဲ့ပြီးတော့ ပါကစ္စတန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ စစ်သွေးကြွလက်နက်ကိုင်တွေထဲမှာ စစ်ရေးပညာသင်ကြားခဲ့သူဖြစ်ပါတယ်။ စုဖွဲ့လေ့ကျင့်မှုနဲ့ အသုံးပြုခဲ့တဲ့ငွေတွေကိုလည်း မောင်တောကနေ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံအချို့ကို ရောက်နေတဲ့သူတွေကနေ ငွေကြေးထောက်ပံ့မှုတွေရှိတယ်။ အဲ့ဒီမှာပြန်ကြည့်ရင် ငွေကြေးစီမံခန့်ခွဲမှုအဖွဲ့ဆိုပြီးတော့ စနစ်တကျစီမံခန့်ခွဲမှုတွေ လုပ်ထားတယ်လို့ သိရှိရပါတယ်။

စစ်ရေးလေ့ကျင့်မှုတွေကြည့်တဲ့အခါမှာလည်း တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ဝင်ရောက်လာသူတွေက စစ်ရေးလေ့ကျင့်မှုတွေ လုပ်ပေးတာတွေ့ရပါတယ်။ ကျွန်တော်တို့ တိတိကျကျပြောလို့ရတာကတော့ ပြည်ပအဖွဲ့အစည်းများနဲ့ အဆက်အသွယ်ရှိနေပါတယ်ဆိုပြီး ပြောနိုင်ပါတယ်။ အဲ့ဒီအဖွဲ့အစည်းတွေက အကြမ်းဖက်အဖွဲ့အစည်းတွေ ဟုတ်၊ မဟုတ်ဆိုတာကိုတော့ ကျွန်တော်တို့ တိတိကျကျမပြောနိုင်သေးပါဘူး။ အခုဖြစ်စဉ်သည် ငွေကြေးထောက်ပံ့မှုတွေကော၊ လေ့ကျင့်မှုတွေပါ အားလုံးဟာ ပြည်ပနဲ့ ဆက်စပ်မှုရှိနေတယ်ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်းတင်ပြလိုပါတယ်။

စာမျက်နှာ ၇ သို့

**အားလုံးက လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခု အနေနဲ့ ကျွန်တော်တို့ နားလည်ဖို့လိုပါတယ်။ ဒီဒေသမှာ ဆက်လက်ပြီးတော့ ဂရုစိုက်ပြီး လူ့အခွင့်အရေးကိုပိုမိုမြှင့်တင် ပေးဖို့လိုအပ်တယ်။ ကျွန်တော်တို့ လုပ်ဆောင်သွားမယ့် လုပ်ငန်းအတွက် အချက် ၄၈ ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြပြီးပါပြီ။ အဲဒီတင်ပြမှုအပေါ်မှာ အကောင်အထည်ဖော်ဖို့ အဖွဲ့ကိုလည်း ဖွဲ့ပေးဖို့အတွက် မေတ္တာရပ်ခံခဲ့တယ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ မျှဝေခြင်းအစီအစဉ်သို့ တက်ရောက်

**သထုံ ဩဂုတ် ၆**

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သည့် ရွှေပါရမီပညာရေး ဖောင်ဒေးရှင်း၏ တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများ၏ ထည့်ဝင်ငွေများဖြင့် သထုံမြို့နယ်ရှိ ကျောင်းများ၌ ပညာသင်ကြားနေသော ကျောင်းနေကလေးများအတွက် ကျောင်းဝတ်စုံများ မျှဝေခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် သထုံမြို့ ရွှေစာရံစေတီဝင်းအတွင်းရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်၌ ကျင်းပသည်။

မျှဝေခြင်းအခမ်းအနားသို့ ရွှေပါရမီဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် အရှင်ဆန္ဒာဓိက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ရွှေပါရမီဖောင်ဒေးရှင်းပညာသင်ဆုရ ကျောင်းသား ကျောင်းသူများနှင့် သထုံမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သထုံမြို့နယ်ရှိကျောင်းများ၌ ပညာသင်ကြားနေသော ကျောင်းနေကလေးများအတွက် ကျောင်းဝတ်စုံများ မျှဝေခြင်းအခမ်းအနားတွင် ဂုဏ်ပြုစကားပြောကြားစဉ်

အခမ်းအနားတွင် ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက မျှဝေခြင်းအစီအစဉ် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုစကားများ ပြောကြားခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မျှဝေခြင်းအစီအစဉ်၌ ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း၏ ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများက ၎င်းတို့ရရှိသည့် ထောက်ပံ့ငွေများမှ တစ်လလျှင် ငွေကျပ် ၁၀၀၀ စီ မျှဝေထည့်ဝင် စုဆောင်းကာ အမှန်တကယ်လိုအပ်သည့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် ပစ္စည်းများကို မျှဝေပေးသည်ဟု သိရပါကြောင်း၊ ယင်းအစီအစဉ်မှာ တာဝန်သိသည့် ပြည်သူများအနေဖြင့် အစိုးရအား ကူညီလိုက်သည်ဟု ခံယူမိပါကြောင်း၊ မျှဝေခြင်းဆိုသည်မှာ မိမိစားဝတ်နေရေးအတွက် အသုံးပြုရမည့် ငွေကြေးပစ္စည်းများအား မိမိထက် ချို့တဲ့သူများကို မျှဝေပေးခြင်းဖြစ်သောကြောင့် အလွန်မွန်မြတ်ပါကြောင်းဖြင့် အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ယင်းနောက် ရွှေပါရမီပညာရေး ဖောင်ဒေးရှင်း၏ တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများက သထုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၅ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၇၃ ဦးအတွက် ကျောင်းဝတ်စုံ ၅၇၃ စုံ၊ ပုံပြင်စာအုပ် ၆၀၀၊ ဗလာစာအုပ် ဒါဇင် ၁၀၀၊ စက်ဘီး ၁၄၃ စီးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး တက်ရောက်လာသူများက ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကထံမှ အနုမောဒနာ တရားများ နာကြားခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**



ဦးခိုင်မြတ်ကျော်(ရခိုင်တိုင်းရင်းသားမီဒီယာ) မေးမြန်းစဉ်



ဒေါ်မာလွင်ဦး( MRTV ) မေးမြန်းစဉ်



Mr. Ryuta Sometaya (Asahi Shimbun) သတင်းဌာန မေးမြန်းစဉ်



ဦးဇော်မင်း ( Hot News ဂျာနယ်) မေးမြန်းစဉ်



Ms. May Wong(Channel Asia News) မေးမြန်းစဉ်



Mrs.Orie Tuschiya ( NHK သတင်းဌာန) မေးမြန်းစဉ်

*စာမျက်နှာ ၆ မှ*

နိုင်ငံအတွက် စိုးရိမ်စရာရှိနေပြီလားဆိုတာကတော့ ကျွန်တော်တို့ ဘာကိုပြန်ကြည့်ရမလဲဆိုရင် သူတို့ရဲ့ Ideology (အတွေးအမြင်စနစ်)က လွန်ခဲ့တဲ့ ၁၉၄၂ ခုနှစ်လောက်ကတည်းက စတင်လာခဲ့တာပါ။ လက်ရှိသုံးနေတဲ့ သူတို့ရဲ့ နည်းနာကို ကျွန်တော်တို့ ကြည့်တဲ့အချိန်မှာ နည်းလမ်းလေးချက်နဲ့ လက်ရှိဆောင်ရွက်နေတာကို တွေ့ရပါတယ်။

ပထမတစ်ချက်က အခိုင်အမာအခြေပြု တပ်စွဲပြီးတော့မှ လှုပ်ရှားတာမဟုတ်ဘဲ ပြောက်ကျား စနစ်ကိုသုံးပြီးတိုက်တယ်။ နေရာသုံးခုကို ညမှာ တစ်ပြိုင်နက်တည်းဝင်တယ်။ တိုက်ခိုက်မှုတွေလုပ်တယ်။ လက်နက်တွေယူတယ်။ ပြီးတော့ ချက်ချင်းပျောက်သွားတယ်။ အချို့ထိတွေ့မှုဖြစ်စဉ်တွေမှာ အင်အားစုများတာတွေ့ရပေမယ့် ကျန်တဲ့နေရာတော်တော်များများကတော့ ပြောက်ကျားစနစ်နဲ့ပဲရင်ဆိုင်နေရတယ်။

ဒုတိယအချက်ကတော့ ဘာသွားတွေ့လဲဆိုတော့ အကြမ်းဖက်အဖွဲ့အစည်းတွေ သုံးကြတဲ့အတိုင်းသုံးတယ်။ ကားအင်ဂျင်ကို မိုင်းအဖြစ်သုံးတာတွေ့ပြီး သိမ်းဆည်းရမိမှုတွေရှိခဲ့ပါတယ်။ ၂၀၁၇ မေလတုန်းက တင်းမေကျေးရွာမှာ စစ်သွေးကြွအဖွဲ့တွေက မိုင်းတပ်ဆင်မှုလေ့ကျင့်ရေးစမ်းသပ်လှုပ်ရှားမှုတွေ လုပ်ခဲ့တယ်။ နိုင်ငံတကာမှာ စစ်သွေးကြွတွေသုံးတဲ့နည်းအတိုင်း လက်လုပ်မိုင်းတွေသုံးပြီး တိုက်ခိုက်မှုတွေ ဆောင်ရွက်လာတာတွေ့တယ်။

တတိယနည်းကတော့ သူတို့က အစိုးရအမာခံလို့ ယူဆရတဲ့သူတွေ၊ စစ်သွေးကြွကိုမထောက်ခံဘူးလို့ ယူဆတဲ့သူတွေကို အင်တာနက်အွန်လိုင်းပေါ်ကနေ ခြိမ်းခြောက်တယ်။ ပြီးရင် အဲ့ဒီသူတွေကို တစ်ယောက်ပြီးတစ်ယောက် ရက်ခြားလိုလို သတ်ဖြတ်လာတယ်။ အခုကျွန်တော်တို့ ကော်မရှင် စာရင်းပိတ်တဲ့ ဇွန်လ ၃၀ ရက်နေ့ အထိဆိုရင် ၄၄ ယောက် အသတ်ခံရတယ်။ သေချာကြည့်တဲ့အခါမှာ ၂၇ ယောက်က ရက်ရက်စက်စက်လည်လှီးပြီး သတ်တာတွေ့ရတယ်။ ဒါက ဘာကိုပြသလဲဆိုရင် ကျွန်တော်တို့ အုပ်ချုပ်မှုယန္တရားတွေ အားလျော့အောင်၊ စစ်သွေးကြွတွေကို ပိုပြီးကြောက်လာအောင်လုပ်တဲ့နည်းနဲ့ ဆွဲခေါ်ထားပြီး ရေရှည်မျှော်လင့်ချက်တွေရှိတယ်ဆိုတာ တွေ့ရတယ်။

နောက် စတုတ္ထနည်းလမ်းကတော့ လူမှုကွန်ရက်တွေသုံးပြီး ဝါဒဖြန့်တာ။ ဒီဝါဒဖြန့်မှုတွေကလည်း တော်တော်လေးကို စိုးရိမ်စရာရှိပါတယ်။ လူမှုကွန်ရက်ပေါ်ကနေ ပေးပို့တဲ့ သဘောတရားတွေကိုဖတ်ပြီး ဘယ်သူနဲ့မှလည်း အဆက်အသွယ်မရှိ၊ မဆက်ဆံဘဲ တစ်ယောက်တည်း အစွန်းရောက်သွားတာတွေ ရှိနိုင်ပါတယ်။

မနေ့တစ်နေ့ကလို မြေပြင်ပေါ်မှာ ဖြစ်နေတဲ့ အဖြစ်တွေကို ကြည့်ရင် ကျွန်တော်တို့ရဲ့ အုပ်ချုပ်မှုယန္တရားတွေကို ထိခိုက်အောင် ရည်ရွယ်ချက်ရှိရှိလုပ်နေပါတယ်။ ဒါဟာရေရှည်မှာ နိုင်ငံတော်အတွက်တော့ စိုးရိမ်စရာအကြောင်း ပြချက်ပါပဲ။

**မေး။ ။ မောင်တောဒေသမှာ ဘာသာရေးနှိပ်ကွပ်မှုတွေ၊ လူမျိုးရေးခွဲခြားမှုတွေ ရှိနေတယ်ဆိုတဲ့ စွပ်စွဲမှုတွေအပေါ်မှာ ဘယ်လိုထင်မြင်ပါသလဲ။ ကော်မရှင်အနေနဲ့ကော ဒီလိုကိစ္စရပ်တွေ ကြုံတွေ့ခဲ့ရသလားဆိုတာ သိချင်ပါတယ်။**

**ဒေါက်တာသာဉာဏ်**
**အထွေထွေအတွင်းရေးမှူး၊ ခရစ်ယာန်ကလျာဏယုဝအသင်း (ကော်မရှင်အဖွဲ့ဝင်)**

ဖြေ။ ။ မြန်မာနိုင်ငံဟာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါအခွင့်အရေးအရ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာနဲ့ နတ်ကိုးကွယ်မှုတို့ကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပါတယ်။ လွတ်လပ်စွာ ဘုရားရှိခိုးခွင့်၊ လွတ်လပ်စွာ ဓမ္မဒေသနာဝေငှခွင့်တွေ ရှိပါတယ်။ မောင်တောဒေသမှာ ဘာသာရေးနှိပ်ကွပ်မှုအနေနဲ့တော့ မတွေ့ပါဘူး။ ဘယ်သူမှလည်း ဘာသာရေးနဲ့ပတ်သက်ပြီး စွပ်စွဲခဲ့ခြင်းမရှိပါဘူး။ ကျွန်တော်တို့ မောင်တောမှာ မြို့သူကြီးဆိုတဲ့ရွာကို ရောက်ခဲ့ပါတယ်။ ပညာဉာဏ်နည်းတာရယ်၊ ကြောက်တာရယ်၊ ဗဟုသုတနည်းတာရယ်ကြောင့် ပုဒ်မ ၁၄၄ ကို တလွဲမြင်ခဲ့တာတော့ရှိတယ်။ ကျွန်တော်တို့က ရှိခိုးဖို့ ခွင့်ပေးခဲ့ပါတယ်။ ပုဒ်မ ၁၄၄ ကာဖျူးထုတ်ထားလို့ နံနက်စောစောတစ်ကြိမ်နဲ့ ညဘက်တစ်ကြိမ်ကလွဲပြီး ကျန်တဲ့အချိန်တွေမှာ လွတ်လပ်စွာရှိခိုးခွင့်ရခဲ့ပါတယ်။ ဘာသာရေးကျောင်း အာရဗီကျောင်းလည်းရှိပါတယ်။ မောင်တောဒေသတစ်ခုတည်းမှာတင် ဗလီဟာ ၁၂၇၈ လုံးရှိပါတယ်။ မော်လဝီဆရာ ၁၆၅၇ ယောက်ရှိပါတယ်။ ဟိန္ဒူကျောင်း ၁၇ ကျောင်း၊ ခရစ်ယာန်ခုနစ်ကျောင်း၊ ဘုန်းကြီးကျောင်းက ၁၂၁ ကျောင်းရှိပါတယ်။ ဒီအရေအတွက်ကို ကြည့်ရင်ဘာသာရေးဖိနှိပ်မှု၊ လူမျိုးခွဲခြားမှု မရှိပါဘူး။

**မေး။ ။စုံစမ်းစစ်ဆေးရေးကော်မရှင်အနေနဲ့ မောင်တောဒေသမှာရှိနေတဲ့ပြည်သူတွေရဲ့ လုံခြုံရေး၊ အခြေခံလူ့အခွင့်အရေးကို အာမခံပေးနိုင်ရေးအတွက် ဘာတွေလုပ်ခဲ့ပါလဲ၊ ဘာတွေဆက်လုပ်သွားဖို့အစီအစဉ်ရှိပါသလဲ။**

**ဦးအောင်ကြည်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။နံပါတ်တစ်အနေနဲ့ လူ့အခွင့်အရေးဆိုတာ အများကြီး ကျယ်ပြန့်ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခု အားနည်းမှုရှိတယ်ဆိုတာနဲ့ ဒီကိစ္စဟာ ဘာ့ကြောင့်ဖြစ်ရလဲဆိုတဲ့ အကြောင်းတရားတွေကို ရှာဖွေဖို့ အများကြီးရှိပါတယ်။ လူ့အသိုင်းအဝိုင်းအချင်းချင်းမှာ ဟိုဘက်ဒီဘက် အသိုင်းအဝိုင်းကလည်း လူ့အခွင့်အရေး လေးစားရမယ်။ အဲဒီလိုလေးစားနေရင် ဒီပြဿနာ ဖြစ်စရာမရှိပါဘူး။ အလားတူပဲ အုပ်ချုပ်ရေးအဖွဲ့အစည်းကလည်း လေးစားရမယ်။ ကျန်တဲ့သူတွေအနေနဲ့လည်း လေးစားရမယ်။

အားလုံးက လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခုအနေနဲ့ ကျွန်တော်တို့ နားလည်ဖို့လိုပါတယ်။ ဒီဒေသမှာ ဆက်လက်ပြီးတော့ ဂရုစိုက်ပြီး လူ့အခွင့်အရေးကိုပိုမိုမြှင့်တင်ပေးဖို့လိုအပ်တယ်။ ကျွန်တော်တို့ လုပ်ဆောင်သွားမယ့် လုပ်ငန်းအတွက် အချက် ၄၈ ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြပြီးပါပြီ။ အဲဒီတင်ပြမှုအပေါ်မှာ အကောင်အထည်ဖော်ဖို့ အဖွဲ့ကိုလည်း ဖွဲ့ပေးဖို့အတွက် မေတ္တာရပ်ခံခဲ့တယ်။ အလားတူပဲ လူ့အခွင့်အရေးကို လိုက်နာစောင့်ထိန်းရမယ့် အဖွဲ့ကိုဖွဲ့စည်းဖို့၊ အမြဲတမ်းအားပေးဖို့ဆိုတာမျိုးကိုလည်း မေတ္တာရပ်ခံထားတာရှိပါတယ်။ လုံခြုံရေးအနေနဲ့ကတော့ ရှေ့ပိုင်းမှာလည်း ပြောပြခဲ့တာတွေ အထဲမှာလည်း ပါပါတယ်။ အဓိကကတော့ နယ်စပ်ဒေသလည်း ဖြစ်နေတဲ့အတွက်ကြောင့် နယ်ခြားစောင့်တပ်ဖွဲ့က ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒါကိုလည်း အင်အားတိုးပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ သွားလာရေးခက်ခဲတဲ့ နေရာတွေမှာလည်း လုံခြုံရေးအတားအဆီးတွေကို ပိုပြီးတော့ချပေးဖို့ ဒါတွေကိုလည်း ဆွေးနွေးအကြံဉာဏ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ကတော့ ဒီဒေသကို ဖြစ်နိုင်သမျှ ရဲတပ်ဖွဲ့နဲ့ လုံခြုံရေးဆောင်ရွက်သွားဖို့ အဓိကထားပြီး ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ကော်မရှင်အဖွဲ့ဝင်တွေအနေနဲ့ အကြိမ်ကြိမ် နှံ့နှံ့စပ်စပ်စုံစမ်းပြီးတဲ့အခါမှာ လူမျိုးတုံးသတ်ဖြတ်သန့်စင်တာ၊ လူမျိုးတုံးသတ်ဖြတ်တာတွေ မတွေ့ရဘူး။ အဓမ္မကျင့်တယ်ဆိုတာတွေလည်း လုပ်ကြံစွပ်စွဲချက်တွေဖြစ်တယ်ဆိုတာ ကျွန်မ အကြိမ်ကြိမ် ကြားသိနေရပါတယ်။ ဒီအချက်တွေဟာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက စောင့်ကြည့်နေတဲ့အဖွဲ့အစည်းတွေက ပြောတဲ့အချက်တွေနဲ့ တော်တော်ကွာခြားနေတာကို တွေ့ရပါတယ်။ ဘာဖြစ်လို့ဒီလိုကွာခြားနေတာလဲဆိုတာကို ရှင်းလင်းပြောကြားပေးပါဦး။**

**ဦးထွန်းမြတ်**
**(UN လက်ထောက်အတွင်းရေးမှူးချုပ်၊ ငြိမ်း)**
**ကော်မရှင်အဖွဲ့ဝင်**

ဖြေ။ ။ မဖြစ်ခဲ့တဲ့အရာကို ဘယ်လိုသက်သေပြမလဲဆိုတာအခက်အခဲပါပဲ။ ဒါကိုကျွန်တော်တို့လည်း ပြောခဲ့တယ်။ ဒီမှာအဓမ္မကျင့်တာတို့၊ အုပ်စုဖွဲ့ပြီး အနိုင်ကျင့်တာတို့၊ ကိုယ်ဝန်ရှိနေတဲ့အမျိုးသမီးရဲ့ ဗိုက်ကိုကန်လိုက်တာတို့၊ သားသမီးရှေ့မှာ မိဘကိုသတ်လိုက်တာတို့ဆိုတာတွေဟာ မြန်မာနိုင်ငံမှာနေတဲ့သူတွေမဆိုထားနဲ့ မြန်မာနိုင်ငံအကြောင်းသိတဲ့သူတွေကတောင် ဒီလောက်ကြီးတော့ မဖြစ်နိုင်ဘူးဆိုတာသိကြတယ်။ ဒါပေမယ့် ဒါကိုကျွန်တော်တို့ ဒီအတိုင်းမထားပါဘူး။ သေသေချာချာကြည့်ပါတယ်။

တစ်ခါတလေကျတော့ ဝေါဟာရတွေနားလည်မှုလွဲတာ၊ တစ်ခါတလေကျတော့ ဟုတ်ကိုမဟုတ်တာပါ။ တစ်ခါတလေကျတော့ ရည်ရွယ်ချက်ရှိရှိနဲ့ကို အုပ်စုလိုက်ပြောတာတွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်ပြောရမှာလည်း တော်တော်တွန့်ဆုတ်ပါတယ်။ နိုင်ငံတကာအသိုက်အဝန်းက ဆုံးဖြတ်ချက်ချတာ မြန်လွန်းအားကြီးတယ်လို့ ဒီလိုပဲပြောရမှာပါ။ ကျွန်တော်တို့ အစီရင်ခံစာထွက်လာတာကို စောင့်ကြည့်မယ်ဆိုရင် OHCHR အစီရင်ခံစာအနေနဲ့ အထောက်အကူဖြစ်လောက်တဲ့သဘောရှိတယ်။ အခုတော့ သူတို့က အစီရင်ခံစာကို အမြန်ထွက်နိုင်အောင် အလောတကြီးပြုစုလိုက်တဲ့အတွက် ပြဿနာပြေလည်နိုင်ဖို့ထက် ပြဿနာကို ဖြစ်စေနိုင်တဲ့သဘောက ပိုများသွားတဲ့သဘောပါ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ Kyoto မြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၆**

ဂျပန်နိုင်ငံ Kyoto မြို့၌ အလုပ်သဘောချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ဧည့်ဂေဟာ (State Guest House) အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Kinkaku-ji (Golden Pavilion) ရွှေဘုရားကျောင်းကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Kyoto ဘူတာမှနေ၍ Shinkansen ကျည်ဆန်ရထားဖြင့် ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် Tokyo မြို့သို့ရောက်ရှိခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများအား သွားရောက်တွေ့ဆုံသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA က Smida Gawa မြစ်အတွင်း မြစ်တွင်းသွားရေယာဉ်ပေါ်၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Kyoto မြို့ ရွှေဘုရားကျောင်း၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဦးကျော်ဝင်း အမှတ်(၁)သံမဏိစက်ရုံ(မြိုင်ခြံ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့သည် ဩဂုတ် ၅ ရက်က မန္တလေးတိုင်းဒေသကြီး မြိုင်ခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြိုင်ခြံ)သို့ ရောက်ရှိကြသည်။ **(အောက်ပုံ)**

အစည်းအဝေးခန်းမ၌ နိုင်ငံတော်အတွက် "အကျိုးရှိစွာ စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်" လက်တွေ့ကျသော အစီအစဉ်များ ချမှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကာ စက်ရုံအတွင်းရှိ စက်ကိရိယာများ ဆက်လက်တပ်ဆင်ရန် အသင့်ရှိနေသော စက်ကိရိယာများကို အမြန်ဆုံးပြန်လည် လည်ပတ်၍ ပြည်သူအတွက် အလိုအပ်ဆုံးသော ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း၊ သံရက်မနှင့် သံပြားအမျိုးမျိုးတို့ကို ဈေးနှုန်း ချိုသာပြီး အရည်အသွေးစံချိန်စံညွှန်းကိုက်ညီစွာ ထုတ်လုပ်နိုင်ရေးကို လက်တွေ့ကျသည့် ဦးစားပေးအစီအစဉ်များ ချမှတ်၍ အသင့်ပြင်ဆင်ထားရန်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စည်းမျဉ်းနှင့်အညီ တိတိကျကျဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကြသည်။

အမှတ်(၁) သံမဏိစက်ရုံ(မြိုင်ခြံ)မှ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိသော ဦးစားပေး သံမဏိထုတ်ကုန်များကို ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ နိုင်ငံတော်အတွက် အကျိုးရှိစွာ ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လတ်တလော ရပ်ဆိုင်းထားရသည့် စက်ရုံ ၂၈ ခုအနက် တစ်ခုအပါအဝင်ဖြစ်သော အမှတ်(၁) သံမဏိစက်ရုံ (မြိုင်ခြံ) စက်ရုံစီမံကိန်းသည် အရင်းအနှီးကြီးမားစွာ မြှုပ်နှံထားရသည့် စီမံကိန်းဖြစ်သည့် အားလျော်စွာ နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းပြီး ထိရောက်စွာ တာဝန်ယူလုပ်ဆောင်နိုင်ရန် အရေးကြီးကြောင်း၊ စက်ရုံတစ်ရုံ တည်ဆောက်ရာတွင် စက်ရုံတစ်ရုံတည်း၏ ကိစ္စရပ်ဟု မှတ်ယူ၍ မရဘဲ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ပြည်သူများအတွက်ပါ အကျိုးရှိပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး တို့မှာ အလွန်အရေးကြီးကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြိုင်ခြံမြို့ရှိ အထည်စက်ရုံ ခွဲ (မြိုင်ခြံ)မှ ကျန်းမာရေးကုသမှုလုပ်ငန်းများအတွက် အောင်မြင်စွာ ထုတ်လုပ်ပေးလျက်ရှိသည့် "ဆေးဂွမ်း၊ ပတ်တီး"စက်ရုံတွင် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အမှတ် (၅)အထည်စက်ရုံ (ပခုက္ကူ)သို့ရောက်ရှိပြီး အရည်အသွေးတိုးမြှင့် ထုတ်လုပ်ထားသော ချည်မျှင်၊ အထည်အလိပ်နှင့် ခြင်ထောင်များ၊ အိန္ဒိယနည်းပညာဖြင့် အရည်အသွေးတိုးမြှင့်ထုတ်လုပ် အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြိုင်ခြံမြို့ရှိ အမှတ် (၁)သံမဏိစက်ရုံ (မြိုင်ခြံ) သို့ ရောက်ရှိပြီး စက်ရုံအတွက် သံမဏိကုန်ကြမ်း(Steel Scrap)များ စုဆောင်းရရှိမှုနှင့် ထပ်မံရရှိနိုင်မှု၊ ကုန်ကြမ်းတင်ပို့မည့် မီးရထားလမ်းအခြေအနေ၊ ကတ္တားများ မှန်ကန်တိကျမှုတို့ကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ဇူလိုင် ၂၁ ရက်မှ ယနေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူစုစုပေါင်းလူနာ ၃၈၇ ဦး အနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၁၄၆ ဦး၊ သေဆုံးသူ ၁၅ ဦးရှိပြီး ထပ်မံတိုးလာခြင်းမရှိကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၆**

ဩဂုတ် ၅ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၃၁ ဦး အား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၁၀ ဦး တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၈၇ ဦး အနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၁၄၆ ဦးရှိပြီး သေဆုံးသူ စုစုပေါင်း ၁၅ ဦးတွေ့ရှိရကြောင်း။

လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ရောဂါဖြစ်ပွားသူ ၃၈၇ ဦး၌ အသက်အပိုင်းအခြားအရ အသက် ၅ နှစ်အောက်တွင် ဖြစ်ပွား ၈၇ ဦး၊ သေဆုံး နှစ်ဦး၊ အသက် ၅ နှစ်မှ ၁၂ နှစ်ကြားတွင် ဖြစ်ပွား ၂၆ ဦး၊ သေဆုံး နှစ်ဦး၊ အသက် ၁၃ နှစ်မှ ၆၅ နှစ်ကြားတွင် ဖြစ်ပွား ၂၄၈ ဦး၊ သေဆုံး ၁၁ ဦးနှင့် အသက် ၆၅ နှစ်အထက် ဖြစ်ပွား ၂၆ ဦးတွင် သေဆုံးသူမရှိကြောင်း၊ ထို့ကြောင့် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက် ကုသသူများတွင် သေဆုံးမှုနှုန်းမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်တွင် H1N1 ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့သော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ အခြားရောဂါဖြင့် သေဆုံးသူယနေ့အထိ ၁၃ ဦး ရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့အတွင်းလူနာ ၂၅ ဦးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၃၉ ဦး၊ စုစုပေါင်း ၆၄ ဦး ဆက်လက်ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း၊ အများစုမှာ သက်သာလျက်ရှိပြီး မကြာခင် ဆေးရုံဆင်းနိုင်မည့် အခြေအနေရှိကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်း အများဆုံးတိုင်းဒေသကြီး၊ ပြည်နယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အထူး ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) တို့ ပူးပေါင်း၍ ရန်ကုန်၌ ရာသီတုပ်ကွေးရောဂါအကြောင်း ဆွေးနွေးပွဲကျင်းပခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေး ဦးစီးဌာန) နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်းဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထွေထွေရောဂါကုဆရာဝန်များ အသင်းအဖွဲ့မှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းအောက်ရှိ ဘာသာရပ်ဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အခြားတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ယခုလက်ရှိဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရှုထောင့်မှ လည်းကောင်း၊ ဆေးပညာ ကုသမှုဆိုင်ရာ ရှုထောင့်မှလည်းကောင်း အသေးစိတ်မေးမြန်းဆွေးနွေးခြင်းများကိုပြုလုပ်ခဲ့ပြီး တက်ရောက် လာသူများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားပေးခဲ့ကြောင်း။

အစည်းအဝေးတွင် ပြည်သူများအကြား ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းကို အားဖြည့်ဆောင်ရွက်ရန်နှင့် အထွေထွေရောဂါကုဆေးခန်းများအနေဖြင့် တုပ်ကွေးရောဂါဖြင့် လာရောက်ပြသသူများအား သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ သတင်းပေးပို့ခြင်း၊ ထိရောက်သော ကုသမှုနှင့် အချိန်မီလွှဲပြောင်းပေးပို့ခြင်း စသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြပါရန် အဓိက ဆွေးနွေးခဲ့သည့်အပြင် ဗဟိုမှထုတ်ဝေထားသော စံပြုလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်များ၊ ဆေးကုသမှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်များအား မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများနှင့် အထွေထွေရောဂါကု ဆရာဝန်များထံသို့ အမြန်ဆုံးနည်းနှင့် ဖြန့်ဝေပေးသွားရန်နှင့် ဆေးရုံများ၏ ရောဂါထိန်းချုပ်ခြင်း လုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း။

တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များသည် ဇူလိုင် ၂၄ ရက်မှစ၍ ပိုးတွေ့လူနာများနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းရှိ အိမ်များသို့ သွားရောက်ပြီး ကျန်းမာရေးပညာပေးခြင်း၊ အတူနေထိုင်သူများ၏ ကျန်းမာရေးအခြေအနေကိုမေးမြန်းစစ်ဆေးခြင်း၊ လူနာအိမ်နှင့်အနီးပတ်ဝန်းကျင်အိမ်များတွင် ဖျားနာလူနာများ ရှိ၊ မရှိ စုံစမ်းထောက်လှမ်းခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မေတ္တာစာတ်တို့ဖြင့် လောကစာတ်ကမ္ဘာကို အအေးစာတ်လွှမ်းပတ်နိုင်စေသော်

**ဓမ္မဒူတ အရှင်ဆေကိန္ဒ**

**ဗုဒ္ဓဘာသာဝင်တို့သည် နှစ်စဉ်နှစ်တိုင်း မြန်မာသက္ကရာဇ်အားဖြင့် ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် သတ်မှတ်ထားကြပါသည်။ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် ရုက္ခစိုးနတ်တို့ ခြောက်လှန့်ခံရသော ရဟန်းအပါးငါးရာတို့ကို အကြောင်းပြု၍ မေတ္တသုတ်တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။ မေတ္တသုတ် ဟောတော်မူရာကာလ ဝါခေါင်လ၏ လပြည့်နေ့ကို မြန်မာနိုင်ငံသူ နိုင်ငံသား ဗုဒ္ဓဘာသာအများတို့က မေတ္တာအခါတော်နေ့ဟု သတ်မှတ်ထားခြင်းဖြစ်ပါသည်။**

ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြမည့် ရဟန်းတော်တို့သည် မြတ်စွာဘုရားရှင်၏ထံတော်မှ ကမ္မဋ္ဌာန်းအားထုတ်နည်းတို့ကို ခံယူလေ့ရှိကြကုန်၏။ မြတ်စွာဘုရားရှင်ဟောကြားသော စရိုက်တို့နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းနည်းတို့ကို အသီးအသီးခံယူကြလျက် မိမိတို့နှင့် သင့်တော်လျော်ကပတ်သော အရပ်ဒေသအသီးသီးသို့ ကြွရောက်ဝါဆိုလျက် ရဟန်းတော်တို့သည် တရားအားထုတ်ကြလေ၏။


ထိုကဲ့သို့လျှင် အပါးငါးရာသော ရဟန်းတော်တို့သည် ကမ္မဋ္ဌာန်းနည်းနာခံယူပြီး ဟိမဝန္တာတောင်အနီး တောအုပ်ကြီးတစ်ခုအတွင်း သီတင်းသုံးလျက် ကမ္မဋ္ဌာန်းတရားအားထုတ်ကြလေ၏။ ထိုတောအုပ်၌ နေထိုင်ကြသော ရုက္ခစိုးနတ်တို့သည် ရဟန်းတော်တို့၏ တန်ခိုးအရှိန်ကြောင့် သစ်ပင်ထက်ဗိမာန်မှ သမီးသားတို့နှင့် အတူတကွ မြေပြင်သို့ သက်ဆင်းနေထိုင်ကြလေ၏။ နှစ်ရက်၊ သုံးရက်မျှ ကြာလာသောအခါ မိမိတို့ဗိမာန်၌သာ ပြန်လည်နေထိုင်ကြလိုသည်ဖြစ်၍ ရဟန်းတော်တို့အား သီတင်းမသုံးနိုင်စေရန် အမျိုးမျိုးသော ကြောက်မက်ဖွယ် အဆင်း၊ အသံ၊ အနံ့တို့ဖြင့် အနှောင့်အယှက်ပေး ခြောက်လှန့်ကြလေကုန်၏။ ထိုအခါ ရဟန်းတော်တို့သည် ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းငှာ အဆင်မပြေကြသည်ဖြစ်၍ မြတ်စွာဘုရားရှင်၏ထံတော်သို့ ပြန်ကြွကုန်ပြီး အကြောင်းအကျိုးတို့ကို လျှောက်ထားကြလေ၏။

ထိုသို့လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်သည် "ရဟန်းတို့၊ သင်တို့အတွက် တရားထူးရရှိရန် သင့်လျော်သော နေရာသည် ဤနေရာမှတစ်ပါး အခြားနေရာ မရှိပါချေ၊ သို့အတွက် သင်ရဟန်းတို့သည် ထိုနေရာအရပ်သို့သာ ပြန်သွားနေထိုင်ကြလျက် ရဟန္တာအဖြစ်ကို ဖြစ်စေကြပါကုန်လော့၊ ရဟန်းတို့ ထိုနေရာသို့သာ ပြန်သွားကြလျက် ထိုနေရာကိုအမှီပြုပြီး တရားအားထုတ်ကြပါလော့၊ ထို့အပြင် သင်တို့သည် ရုက္ခစိုးနတ်တို့၏ နှောင့်ယှက်မှုကင်းလိုကြလျှင် ဤမေတ္တသုတ် ပရိတ်တရားတော်ကို သင်ယူမှတ်သားရွတ်ဖတ်ပွားများ အားထုတ်ကြကုန်လော့၊ ဤမေတ္တသုတ်တရားတော်သည် သင်တို့အတွက် အနှောင့်အယှက် ရန်အားလုံးကို ကာကွယ်တားမြစ်ဖို့ရန် နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းကျင့်နိုင်ဖို့ရန် အမှန်ဖြစ်၏"ဟု မြတ်စွာဘုရားရှင်သည်မိန့်လျက် မေတ္တသုတ်ကို ဟောတော်မူပါသည်။

မေတ္တသုတ်တရားတော်သည်ကား ဗုဒ္ဓဘာသာဝင်တို့အတွက် ပါဠိစကားဖြင့် နေ့စဉ်ရွတ်ဆိုပွားများလေ့ရှိသော သုတ္တန်တရားဖြစ်ပါသည်။ မြန်မာစကားဖြင့် မေတ္တသုတ်၏ ဆိုလိုရင်း အဓိပ္ပာယ်ကိုသိသူများ နည်းပါးနိုင်သေး၏။ မြန်မာစကားဖြင့် နားလည်သဘောသိလျှင် ကမ္မဋ္ဌာန်းတရား၊ အားထုတ်ရာ၌ ပို၍လွယ်ကူ အောင်မြင်နိုင်ပါသည်။

"ငြိမ်းအေးနိဗ္ဗာန်သို့ ရရောက်လိုသော အကျိုးစီးပွားဖြစ်ခြင်း၌ ကျွမ်းကျင်လိမ္မာသောသူသည် ဤမေတ္တသုတ်လာ နည်းမှန်၊ လမ်းမှန်၊ အကျင့်မှန်တို့ကို လက်တွေ့ကျင့်ကြံအားထုတ်သင့်၏။ ကျင့်နိုင်သော အစွမ်းရှိရမည်၊ ကိုယ်နှုတ်အကျင့် ဖြောင့်မတ်ရမည်၊ စိတ်နေစိတ်ထားကောင်းစွာ ဖြောင့်မတ်ရမည်၊ ဆိုဆုံးမ ခံယူလွယ်ရမည်၊ စိတ်ထားနူးညံ့သိမ်မွေ့ရမည်၊ အထင်ကြီး မာနမထားရ။

ရသမျှသော အကျိုးပေးဖြင့်သာ ရောင့်ရဲလွယ်ရမည်၊ အများနှင့်ဆက်ဆံရေး အဆင်ပြေစေရမည်၊ အကျိုးမဲ့သော



ဓမ္မဒူတ အရှင်ဆေကိန္ဒ

အမှုကိစ္စကို ရှောင်ရမည်၊ စိတ်ဖိစီးမှုကင်းသော အသက်မွေးမှုရှိရမည်၊ တည်ကြည်ငြိမ်သက်သော ဣန္ဒြေရှိရမည်၊ ရင့်ကျက်သော အသိစိတ်ဓာတ်ရှိရမည်၊ ကိုယ်နှုတ်နှလုံးစိတ်တို့ အမူအရာမကြမ်းတမ်းရ၊ ပုဂ္ဂိုလ်ရေး အဂတိကင်းရမည်။

ပညာရှိတို့ ကဲ့ရဲ့အပြစ်မြင်သည့် ဒုစရိုက်တို့ကို မပြုကျင့်ရ၊ (မေတ္တာတရားထားလျက် နိဗ္ဗာန်ရောက်လိုသော ပုဂ္ဂိုလ်သည် ဤသို့သော အကျင့်တို့ကို လိုက်နာကျင့်သုံးရမည်ဖြစ်ပေသည်။)

ဤသို့သော အရည်အချင်းတို့ကို ပြည့်စုံအောင် ဖြည့်ကျင့်လျက် မေတ္တာစိတ်ထားကာ မေတ္တာဘာဝနာ ပွားများရပေမည်။ အားလုံးသောသတ္တဝါတို့သည် ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ ဘေးရန်ကင်းဝေးကုန်သည် ဖြစ်ကြပါစေ၊ ချမ်းသာကိုယ်စိတ်ရှိကြပါစေ၊

အလုံးစုံသော ထွက်သက်ဝင်သက်ရှိသော သတ္တဝါ၊ မရှိသော သတ္တဝါတို့သည် လည်းကောင်း၊

ထိတ်လန့်တတ်သော ပုဂ္ဂိုလ်၊ မထိတ်လန့်တတ်သော ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊

ကိုယ်ခန္ဓာရှည်သော ၊ ကိုယ်ခန္ဓာတိုသော၊ ကိုယ်ခန္ဓာအလတ်ရှိသော သတ္တဝါတို့သည် လည်းကောင်း၊

ကိုယ်ခန္ဓာသေးငယ်သော၊ ကိုယ်ခန္ဓာဝဖြိုးသော သတ္တဝါတို့သည် လည်းကောင်း၊

မြင်ဖူး မြင်ရသော သတ္တဝါ၊ မမြင်ဖူး မမြင်ရသောသတ္တဝါတို့သည် လည်းကောင်း၊

အဝေး၌နေသော၊ အနီး၌နေသော သတ္တဝါတို့သည် လည်းကောင်း၊

ရဟန္တာပုဂ္ဂိုလ်၊ ပုထုဇဉ်သေက္ခကျင့်ဆဲ ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ခပ်သိမ်းသောသတ္တဝါတို့သည် ချမ်းသာသော ကိုယ်စိတ်ရှိကြပါစေကုန်သတည်း။

တစ်ယောက်က တစ်ယောက်ကို အမျက်ဒေါသ မဖြစ်ပါစေလင့်၊

ချုပ်ချယ်စော်ကားခြင်းမရှိပါစေလင့်၊ ရန်လိုသောစိတ်မရှိပါစေလင့်၊ မထီမဲ့မြင် မပြုပါစေလင့်၊ အချင်းချင်း ဆင်းရဲမှုကို အလိုမရှိပါစေလင့်၊

ဤသို့လျှင် တစ်ဦးတည်းသောသား၏မိခင်သည် သားအပေါ် မေတ္တာဖြင့်စောင့်ရှောက်သကဲ့သို့ အားလုံးသောသတ္တဝါတို့အပေါ်၌ ကြီးမြတ်သော မေတ္တာစိတ်ထားပွားများရာ၏။

အထက်အောက်ရပ်ဝန်းကျင် အလုံးစုံလောက၌ အတွင်းရန်၊ အပြင်ရန်တို့ကင်းစေနိုင်သော အတိုင်းအရှည်မရှိ ကြီးမြတ်သော မေတ္တာစိတ်ထား ပွားများရာ၏။

အိပ်ချင်ငိုက်မျဉ်းမှုကင်း၍ ရပ်နေသမျှ၊ သွားနေသမျှ၊ ထိုင်နေသမျှ၊ လဲလျောင်းနေသမျှ ကာလပတ်လုံး ဤမေတ္တာဓာတ်နှင့်ယှဉ်သော သတိကိုဖြစ်စေလျက်နေရမည်၊ ဤသာသနာတော်၌ မေတ္တာနှင့်ယှဉ်သော သတိဖြင့်နေခြင်းကို ဖြဟ္မဝိဟာရမြတ်သော နေခြင်းဟူ၍ မြတ်စွာဘုရားရှင်တို့သည် ဟောတော်မူကုန်၏၊

ထိုသို့လျှင် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသောသူသည် အစွဲမှားသော သက္ကာယဒိဋ္ဌိအယူသို့ မရောက်မူ၍သာလျှင် သီလရှိသူဖြစ်လျက် သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသည်ဖြစ်၍ ဝတ္ထုအာရုံကာမဂုဏ်တို့၌ တပ်မက်မှုကို ပယ်ဖျောက်သည်ရှိသော် တစ်ဖန် ပဋိသန္ဓေနေခြင်းသို့ မရောက်တော့ပေဟု မြတ်စွာဘုရားရှင် မိန့်တော်မူ၏။

ထိုရဟန်းတော်ငါးရာတို့သည် မေတ္တသုတ်တရားကို နာယူမှတ်သားကြ၍ မိမိတို့ သီတင်းသုံးခဲ့ရာ တောအုပ်၌ ရှိကြကုန်သော နတ်ဒေဝတာတို့အား မေတ္တာပို့သကြကုန်၏၊ နတ်ဒေဝတာတို့သည် ဝမ်းမြောက်ကြကုန်လျက် ကြွလာသော ရဟန်းတော်တို့အား ခရီးဦးကြိုဆိုခြင်း၊ နေရာထိုင်ခင်းစီမံခြင်းစသော အမှုတို့ကိုပြုခြင်းဖြင့် ပြန်လည်ကူညီစောင့်ရှောက်ကြလေကုန်၏။ ဤသို့လျှင် မြတ်စွာဘုရားရှင်၏ မေတ္တသုတ် ဒေသနာအရ အချင်းချင်းမေတ္တာဖြင့် ညီညွတ်ကြကုန်လျက် နေထိုင်ကြပြီးလျှင် ဝါကျွတ်တော်မူသောအခါ ရဟန်း အပါးငါးရာတို့သည် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြကုန်လျက် စင်ကြယ်သော ပဝါရဏာပြုခြင်းကို ပြုတော်မူကုန် လေကုန်၏။

မေတ္တာအခါတော်နေ့ဖြစ်ပေါ်လာသော ဤအကြောင်းအရာ၌ ရဟန်းတော်တို့နှင့် ရုက္ခစိုးနတ်တို့သည် ရှေးဦးစွာ အတူယှဉ်တွဲနေထိုင်ကြရာ၌ အဆင်မပြေမှုများ ဖြစ်ခဲ့ကြရပါသည်။ များသောအားဖြင့် အဆင်မပြေမှုများသည် တစ်ဦးနှင့်တစ်ဦး မေတ္တာမရှိ၊ မေတ္တာမထား၊ မေတ္တာနည်းကြ၍သာ ဖြစ်ပေါ်တတ်ကြပါသည်။ ဤယခုဖြစ်ရပ်၌ ရဟန်းတော်တို့၏ မိမိတို့၏ ကမ္မဋ္ဌာန်းအလုပ်ကိုသာ ပဓာနပြုမိလျက် အနီးဝန်းကျင်ရှိ ပုဂ္ဂိုလ်တို့အပေါ် မေတ္တာမထားမိခြင်းသည်လည်း အကြောင်းရင်းတစ်ချက် ဖြစ်ပေသည်။ ရုက္ခစိုးနတ်တို့သည်လည်း မိမိနှင့်သားသမီးတို့၏ ပင်ပန်းဆင်းရဲမှု၊ မိမိပိုင်ဆိုင်သောဝတ္ထုပစ္စည်းတို့ကို မသုံးဆောင်ရမှုစသော မကျေနပ်မှု၊ မနှစ်သက်မှု အခြေခံသည်လည်း အကြောင်းရင်းတစ်ချက် ဖြစ်ပေသည်။ ထိုသူတို့၏ သန္တာန်၌ မေတ္တာဓာတ်ဖြစ်ပေါ်စေခြင်း၊ မေတ္တာဓာတ်ပျံ့နှံ့စေခြင်း၊ တစ်ဦးအပေါ်တစ်ဦး မေတ္တာထားကြခြင်းသည် အဆင်မပြေမှုအခက်အခဲများကို ပြေဖျောက်စေနိုင်ပါသည်။

မြတ်စွာဘုရားရှင်၏ တရားတော်တို့သည် သစ္စာလေးပါး၌သာ အကျုံးဝင်ကြလေကုန်၏။ သစ္စာလေးပါးဟူသည် ဒုက္ခဆင်းရဲ အမှန်သစ္စာ၊ ဒုက္ခဆင်းရဲဖြစ်ကြောင်း အမှန်သစ္စာ၊ ဒုက္ခဆင်းရဲချုပ်ငြိမ်းခြင်း အမှန်သစ္စာနှင့် ထိုဒုက္ခဆင်းရဲချုပ်ငြိမ်းခြင်းကိုရကြောင်း အမှန်သစ္စာဟူ၍ပင် ဖြစ်ပေသည်။

အဆင်မပြေမှု၊ ခက်ခဲမှု၊ ဆင်းရဲမှုစသော ပြဿနာတို့သည် လောကသဘာဝတရားတို့ ဖြစ်ကြလေကုန်၏။ ထိုပြဿနာတို့သည် အကြောင်းမဲ့သက်သက် ဖြစ်ပေါ်သည် မဟုတ်၊ အကြောင်းကြောင့်သာ ဖြစ်ပေါ်လာကြလေကုန်၏။ ပြဿနာရှိလျှင် ပြဿနာမရှိခြင်းသည်လည်း အမှန်တရား အစစ်သာတည်း၊ ပြဿနာမဖြစ်လို မရှိလိုလျှင် ပြဿနာမဖြစ်ကြောင်း၊ ပြဿနာမရှိစေသောအကြောင်းကို သိရှိနားလည်အောင် ရှာဖွေရမည်ဖြစ်ပါသည်။ ထိုပြဿနာမဖြစ်ကြောင်းသည်ကား အခြားမဟုတ်ပါချေ၊ ပြဿနာဖြစ်ကြောင်း၏ ဆန့်ကျင်ဘက်သာဖြစ်ပေသည်၊ ပြဿနာဖြစ်ပေါ်စေသော လောဘ၊ ဒေါသ၊ မောဟ၊ မာနစသော ကိလေသာတို့ကို အနိုင်ယူနိုင်သော အလောဘ၊ အဒေါသ၊ အမောဟ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစသော သူတော်ကောင်းတရားတို့ပင် ဖြစ်ပေသည်။ ကိလေသာအားလုံးတို့ကို အနိုင်ယူနိုင်သော မဂ္ဂင်ရှစ်ပါးတရားတို့ပင် ဖြစ်ပေသည်။

မေတ္တာအခါတော်နေ့၌ ခိုက်ရန်ဖြစ်ခြင်းကို အနိုင်ယူနိုင်သော မေတ္တာဓာတ်တို့ဖြင့် လောကဓာတ်ကမ္ဘာကိုလွှမ်းမိုး အနိုင်ယူလျက် မိမိတို့၏ အတွင်းသန္တာန်၌ တည်သော ကိလေသာအပူဓာတ်တို့ကို သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရေစင်မြတ်ဖြင့် အအေးဓာတ် လွှမ်းပတ်နိုင်ကြပါစေကုန်သတည်း။ ။

**အဆင်မပြေမှု၊ ခက်ခဲမှု၊ ဆင်းရဲမှုစသော ပြဿနာတို့သည် လောကသဘာဝတရားတို့ ဖြစ်ကြလေကုန်၏။ ထိုပြဿနာတို့သည် အကြောင်းမဲ့သက်သက် ဖြစ်ပေါ်သည် မဟုတ်၊ အကြောင်းကြောင့်သာ ဖြစ်ပေါ်လာကြလေကုန်၏။ ပြဿနာရှိလျှင် ပြဿနာမရှိခြင်းသည်လည်း အမှန်တရား အစစ်သာတည်း၊ ပြဿနာမဖြစ်လို မရှိလိုလျှင် ပြဿနာမဖြစ်ကြောင်း၊ ပြဿနာမရှိစေသောအကြောင်းကို သိရှိနားလည်အောင် ရှာဖွေရမည်**

**(ယခုဆောင်းပါးအား ၇-၈-၂၀၁၇ ရက်နေ့ထုတ် *The Global New Light of Myanmar* သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)**



## ရေစကြိုမြို့နယ်တွင် ဒုတိယအကြိမ် မြစ်ရေပြန်တက်လာပါက သမိုင်းဝင်ဖောင်တော်ဦးဘုရား မြစ်ရေတိုက်စားပြိုကျခြင်းမဖြစ်ရန် ကြိုတင်ဆောင်ရွက်

**ရေစကြို ဩဂုတ် ၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ် (၄) ရပ်ကွက်ရှိ သမိုင်းဝင် ဖောင်တော်ဦးဘုရားအောက်ခြေတွင် မြစ်ရေတက်စဉ် အချိန်က မြစ်ရေတိုက်စား၍ ဘုရားပြိုကျခြင်းများ မဖြစ်ပွားစေရန် ရေစကြိုမြို့ရှိ တပ်ရင်းသုံးရင်းမှ အရာရှိ၊ စစ်သည်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ဘုရားအောက်ခြေ ကလိုင်အတွင်း သဲအိတ်များဖို့ခြင်း သဲအိတ်များထည့်ရန် နိုင်လွန်ကြိုးများကျစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယခုအချိန်တွင် ချင်းတွင်းမြစ်ရေသည် ကျဆင်းသွားပြီဖြစ်၍ မြစ်ရေကြီးချိန်က ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ဘုရားအောက်ခြေရှိ သဲအိတ်များကို ပြန်လည်ပြုပြင်ခြင်းနှင့် ဘုရားအောက်ခြေကလိုင်အတွင်းသို့ သဲအိတ်များ ထပ်မံဖို့ခြင်းတို့ကို ဒုတိယအကြိမ် မြစ်ရေပြန်တက်လာပါက မြစ်ရေတိုက်စား၍ ဘုရားပြိုကျခြင်းများ မဖြစ်ပွားစေရန် ဩဂုတ် ၆ ရက် နံနက်က စတင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးညီညီအောင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်ခိုင် ဦးဆောင်သည့်အဖွဲ့က ကြိုတင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အိမ့်မွန်ဆွေ(ရေစကြို)**

# ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့်လုံခြုံရေးဆိုင်ရာဘာသာပေါင်းစုံညီလာခံကြီးမှ ငြိမ်းချမ်းရေးညီလာခံ၏ကြေညာစာတမ်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၆**

ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံ ဒုတိယအကြိမ်မြောက် သံပဒ်အစည်းအဝေးကြီးကို သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုအဖွဲ့၊ အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝိဝေကာနန္ဒဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့သည် ဂျပန်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ ရန်ကုန်မြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ၂၀၁၇ ခုနှစ် ဩဂုတ် ၅ ရက်မှ ၆ရက်အထိ ကျင်းပခဲ့သည်။ **(ယာပုံ)**

ယင်းဘာသာပေါင်းစုံညီလာခံသို့ ကမ္ဘာ့နိုင်ငံ ၃၀ တို့မှ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဆစ်ခ် နှင့် ဂျိန်းဘာသာခေါင်းဆောင်အသီးသီးနှင့် ကျွမ်းကျင်သူပညာရှင် ၁၀၀ ကျော် တက်ရောက်ခဲ့သည်။

အဆိုပါ ဘာသာပေါင်းစုံညီလာခံကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီခွဲတွင် မေတ္တာသုတ်များ ပွားများရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရနှင့် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝိဝေကာ နန္ဒဖောင်ဒေးရှင်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး အင်န်စီဗီတို့က အဖွင့်မိန့်ခွန်းများ ပြောကြားသည်။ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် သျှရီနာရိန္ဒြာရာမိုဒီနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဆိုအာဘေးတို့က ညီလာခံဖွင့်ပွဲသို့ ဗီဒီယိုဖြင့် သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံ ဟိန္ဒူဓမ္မအာစရိယသဘာအဖွဲ့မှ ပရန်ပူဇာ ဆွာမိအာဒန္ဒ၊ ယူနိဒ္ဒိရှုပါအာစရိယ၊ မဟာမန္ဒလရှုဝါတို့က မေတ္တာသုတ်ရွတ်ဆို၍ ဩဝါဒချီးမြှင့်ပေးသည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အိန္ဒိယနိုင်ငံမှ အထူးဧည့်သည်တော် ဥတ္တာရာပရာဒေ့ရှ် ပြည်နယ်အုပ်ချုပ်ရေးမှူး ဆရီရမ်နိုက်နှင့် ဂျပန်နိုင်ငံခြားရေး ဒုတိယဝန်ကြီး မစ္စတာ နိုဘူအိုကီရှိတို့က မိန့်ခွန်းများ မြွက်ကြားသည်။

ထို့အပြင် ပထမအကြိမ် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံ စာအုပ်ကို မိတ်ဆက်ထုတ်ဝေဖြန့်ချိခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက




အဖွင့်အမှာစကားပြောကြားပြီးနောက် ဂျပန်ဖောင်ဒေးရှင်း အမှုဆောင်ဒုတိယဥက္ကဋ္ဌ မစ္စ ဟီရိုကိုဆုကာ က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော အထူးဧည့်သည်တော်များကို သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရနှင့် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝိဝေကာနန္ဒဖောင်ဒေးရှင်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး အင်န်စီဗီတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကျင်းပသော နှစ်ရက်တာကာလအတွင်း ပထမနေ့တွင် "ပဋိပက္ခရှောင်ရှားရေး၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးအတွက် ပဋိပက္ခအသွင် မဆောင်သည့် အတွေးအခေါ်ပုံစံသစ်ထွန်းကားရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယနေ့တွင် "စဉ်ဆက်မပြတ်တိုးတက်သော ကမ္ဘာကြီးအတွက် ပတ်ဝန်းကျင်အသိတရား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဘာသာရေးခေါင်းဆောင်ကြီးများက စားပွဲဝိုင်းဆွေးနွေးမှုဖြင့် အသီးသီးဆွေးနွေးကြပြီး "ငြိမ်းချမ်းရေးညီလာခံ၏ ကြေညာစာတမ်း" ကို ထုတ်ပြန်ကြေညာခဲ့သည်။

ဘာသာပေါင်းစုံညီလာခံ ပိတ်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် ညနေပိုင်းတွင် ငြိမ်းချမ်းရေးတရား မေတ္တာသုတ်ရွတ်ဖတ်သရဇ္ဈာယ်မှုပြုလုပ်ပြီး ငြိမ်းချမ်းရေးညီလာခံအတွင်း ဘာသာရေး ခေါင်းဆောင်ကြီးများ၏ ဆွေးနွေးချက်များမှ ကောက်နုတ်ချက်များနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝိဝေကာနန္ဒဖောင်ဒေးရှင်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး အင်န်စီဗီက အကျဉ်းချုပ် မိန့်ခွန်းကိုလည်းကောင်း၊ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက ညီလာခံအပိတ်ဩဝါဒကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပိတ်ပွဲမိန့်ခွန်းကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံမှ အထူးဧည့်သည်တော် ဥတ္တာရာပရာဒေ့ရှ် ပြည်နယ်အုပ်ချုပ်ရေးမှူး ဆရီရမ်နိုက်က ငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာ ပြီးမြောက်ကြောင်း အပြီးသတ် နှုတ်ဆက်အမှာစကားကိုလည်းကောင်း ပြောကြားကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ သံအမတ်ကြီး(ငြိမ်း) ဦးညွန့်မောင်ရှိန်နှင့် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝိဝေကာနန္ဒဖောင်ဒေးရှင်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး အင်န်စီဗီတို့က ကျေးဇူးတင်စကားပြောကြားပြီး "ငြိမ်းချမ်းရေးညီလာခံ၏ ကြေညာစာတမ်း"ကို ရန်ကုန်မြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခ ဦးကျော်စိုးလွင်က ဖတ်ကြားပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကြီးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမျိုးမြင့်နှင့်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၆**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမျိုးမြင့်နှင့် အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုလိုမြို့၌ ဩဂုတ် ၇ ရက်မှ ၁၁ ရက်အထိကျင်းပမည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ တရားရုံးများအဖွဲ့(AACC) အစည်းအဝေးများနှင့် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်ရန် ယမန်နေ့ည ၇ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆိုလိုမြို့သို့ လေကြောင်းခရီး ဖြင့်ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးမျိုးမြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ချိုနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးတို့လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် Level-ll သို့ယှဉ်ပြိုင်ရန်ပဏာမလက်ရွေးစင်ရွေးချယ်ပွဲများကျင်းပလျက်ရှိ

**ပုသိမ် ဩဂုတ် ၆**

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) က ငြိမ်းချမ်းရေးဂီတပွဲတော် -၂၀၁၇ သီချင်းဆိုပြိုင်ပွဲကို မြို့နေရာများသတ်မှတ်ပြီး ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

Level -l ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်နှင့် လားရှိုးမြို့များ၌ ကျင်းပပေးခဲ့ပြီး Level-ll သို့ယှဉ်ပြိုင်ခွင့်ရသူများကိုလည်း ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။


ယခုအခါ Level-l အသံစစ်ရာတွင် အောင်မြင်ခဲ့ပြီး Level-ll သို့ဆက်လက်ယှဉ်ပြိုင်ရမည့် လက်ရွေးစင်များပေါ်ထွက်လာရာ တောင်ကြီးမြို့ပြိုင်ပွဲမှ Aဒေး၊ နော်ရှဖဲရီ၊ စိုင်းမင်းဇော်တို့ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့ ပြိုင်ပွဲမှ မင်းဇိုင်းဂျူးဇယ်၊ စလား၊ မွန်းရာတို့ကိုလည်းကောင်း၊ မော်လမြိုင်မြို့ ပြိုင်ပွဲမှ နောင်နောင်၊ စောစံထွေး၊ ဝင်းလှဲ့လှဲ့ အောင်တို့ကို လည်းကောင်း၊ လားရှိုးမြို့ ပြိုင်ပွဲမှ ထွယ်ဆန်ရာ၊ စည်သူဘုန်းမြင့်၊ ရဲရင့်အောင်တို့ကို ရွေးချယ်ထားကြောင်း သိရသည်။

ဩဂုတ် ၆ ရက် ည ပုသိမ်မြို့ ပြိုင်ပွဲတွင် **(အောက်ပုံ)** ပထမ ဇင်သူဇာထွန်း၊ ဒုတိယ လင်းသစ်၊ တတိယ ဇင်မာမိုးစက်တို့က ရရှိသွားကြသည်။

အဆိုပါပြိုင်ပွဲ ကျင်းပရာသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်ဇနီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၃ ရက်နှင့် ဩဂုတ် ၂၀ ရက်များတွင်လည်း ရန်ကုန်မြို့၌ Level -l ပွဲစဉ်များကို ဆက်လက်ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချပေး

နေပြည်တော် ဩဂုတ် ၆

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပပြီး ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချပေးသည်။**

ပြပွဲပဉ္စမနေ့တွင် နံနက် ၉နာရီခွဲမှစ၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် သတ်မှတ်ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ်နှင့် ပထမထပ်တို့၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ကြည့်ရှုလေ့လာ ရွေးချယ်မှတ်သားကြပြီး ဈေးနှုန်းအဆိုပြုလွှာများကို သတ်မှတ်တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယခုပြပွဲတွင် နိုင်ငံပိုင် ကျောက်စိမ်းအချောထည် အတွဲ ၂၀၊ နိုင်ငံပိုင် ကျောက်စိမ်းအရိုင်းတွဲ ၂၀၊ နိုင်ငံတော်နှင့် အကျိုးတူကုမ္ပဏီများက တင်ပြသည့် ကျောက်စိမ်းအရိုင်းတွဲ ၂၉၀၀၊ ပုဂ္ဂလိက ကျောက်စိမ်းအရိုင်း ၃၅၄၅ တွဲ၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက် အရိုင်း ၁၆ တွဲ၊ ပုဂ္ဂလိက ကျောက်စိမ်း အချောထည် ၂၅ တွဲ၊ ကျောက်စိမ်းဖြင့် ဆင်ယင်ထားသော ခုတင်သုံးလုံး၊ ကျောက်စိမ်းမဟုတ်သော အခြားတွင်းထွက်အချောထည် ၃၂ တွဲ အပါအဝင် စုစုပေါင်းကျောက်စိမ်းအတွဲ ၆၅၆၁တွဲကို သတ်မှတ်ဧရိယာများ၌ ဩဂုတ် ၂ ရက်မှ ၅ ရက်အထိ ခင်းကျင်းပြသထားပြီး ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၁၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ကျောက်မျက်အတွဲပေါင်း ၃၂၆ တွဲကို ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ ခင်းကျင်းပြသခဲ့ပြီး ဩဂုတ် ၅ ရက်က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ စုစုပေါင်း ကျောက်မျက် ၁၀၅ တွဲကို ယူရို ၃ ဒသမ ၀၆ သန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ များကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျင်းပ လာခဲ့ရာ ယခုနှစ်ဆိုလျှင် ၅၄ နှစ်ရှိပြီ ဖြစ်ပြီး ယခုကျင်းပသည့် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသည် အကြိမ်ရေအားဖြင့်(၉၁) ကြိမ်မြောက် ပြပွဲဖြစ်သည်။

ယင်းပြပွဲကို မဏိရတနာကျောက် စိမ်းခန်းမ၌ ဩဂုတ် ၁၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အာနန္ဒာစေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပူဇော်

**ညောင်ဦး ဩဂုတ် ၆**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော အာနန္ဒာစေတီတော်မြတ်ကြီးအား ငှက်ပျောဖူး၊ အထွတ်စေတီ၊ ကွမ်းထောင်တော်၊ နတ်မင်းကြီးရုပ်တုလေးပါး၊ မုခ်ကပ် ပေါက်မုခ်ဦးနှင့် ဆင်းတုတော် ၂၀ တို့အား ရွှေသက်န်းကပ်လှူပူဇော်ခြင်းနှင့် ရတနာစိန်ဖူးတော်၊ ဌာပနာရွှေကြုတ်၊ ရတနာငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ တင်လှူပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီ က အဆိုပါစေတီတော်မြတ်ကြီး၏ ယာယီမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်နှင့် ညောင်ဦး(ပုဂံ) မြို့မှ သံဃာတော် အရှင်သူမြတ်များ၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို သံဃာတော် အရှင်သူမြတ်များနှင့် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ် ထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော် မူခဲ့သည်။

ထို့နောက် အလှူရှင်များက ရတနာစိန်ဖူးတော်၊ ဌာပနာရွှေကြုတ်၊ ရတနာငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဆပ်ကပ်လှူဒါန်းခဲ့ကြပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ အနုမောဒနာ ရေစက်ချတရားကို နာယူခဲ့ကြသည်။ ဆက်လက်၍ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ဌာပနာရွှေကြုတ်၊ ရတနာ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ စေတီတော်ကြီးကို လက်ယာရစ် သုံးပတ်ပတ်၍ ပူဇော်ခဲ့ကြသည်။

ထို့နောက် ရတနာစိန်ဖူးတော်၊ ဌာပနာရွှေကြုတ်၊ ရတနာငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ခဲ့ကြပြီး ဆရာတော်သံဃာတော်များ၊ အလှူရှင်များက တင်လှူပူဇော်ပြီးသည့် ရတနာရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်း ပူဇော်ခဲ့ကြသည်။ ထို့နောက် အလှူရှင်များက ရတနာစိန်ဖူးတော်၊ ဌာပနာရွှေကြုတ်၊ ရတနာငှက်မြတ်နားတော်တို့ တင်လှူပူဇော်ပွဲ



အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ရွှေမိုး၊ ငွေမိုးရွာသွန်းခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ရွှေစင်ရွှေသားအစစ် ငါးပိဿာရှိ ရတနာရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ တင်လှူပူဇော်ပွဲ အခမ်းအနားသို့ ညောင်ဦး (ပုဂံ)မြို့ပေါ်ရှိ ဒေသခံပြည်သူများ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများ အများအပြားလာရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

## မန္တလေးမြို့၌ စစ်ကိုင်းပညာရေးတက္ကသိုလ် ကျောင်းသားများ ဆန္ဒပြ



**မန္တလေး ဩဂုတ် ၆**

မန္တလေးမြို့၌ ဩဂုတ် ၆ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ခန့်က စီတန်းလှည့်လည် ဆန္ဒပြခဲ့ကြသည်။

၎င်းတို့သည် ဆရာခန့်ထားရေးမူဘောင်ရရှိရေး၊ တောင်းဆိုချက် သုံးချက်အပြည့်အဝရရှိရေး၊ ပွင့်လင်းမြင်သာမှုမရှိသော ဆရာခန့်ထားရေးစနစ်အလိုမရှိ၊ တရားမျှတမှုမရှိသော ဆရာခန့်ထားရေးစနစ် အလိုမရှိ စသည့်ကြွေးကြော်သံများနှင့်အတူ မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် (၃၂×၃၃) လမ်းကြား၊ ၇၉ လမ်းမှစတင်ကာ လမ်း ၈၀ အတိုင်း ၂၇ လမ်းအထိ၊ ၎င်းမှ ၈၂ လမ်းအတိုင်း ၃၂ လမ်းအထိ၊ ၎င်းမှ စုရပ်အထိ စီတန်းလှည့်လည်ခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း (ဝက်ထီးကန်)၏ အခြေခံရဲတပ်သားသစ်သင်တန်း (၁၀၃/၁၇) စည်သူတပ်ခွဲ သင်တန်းဆင်းပွဲကို အဆိုပါကျောင်း စစ်ရေးပြကွင်း(၁)၌ ဩဂုတ် ၄ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ဆုရသင်တန်းသားများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးစဉ် ခရိုင်(ပြန်/ဆက်)**

## Paradiso Cinemas အဆင့်မြင့်ရုပ်ရှင်ရုံသစ် သထုံ၌ ဖွင့်လှစ်

**သထုံ ဩဂုတ် ၆**

မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက်ရှိ မြကျွန်းသာပန်းခြံအတွင်း တည်ဆောက်ထားသည့် သထုံမြို့၏ ပထမဆုံး အဆင့်မြင့်ရုပ်ရှင်ရုံဖြစ်သော Paradiso Cinemas ရုပ်ရှင်ရုံသစ် ဖွင့်ပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါရုပ်ရှင်ရုံသစ်တွင် ပြုလုပ်ခဲ့သည်။

ရုပ်ရှင်ရုံသစ်အား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်နှင့် Paradiso ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးလွင်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ "ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့က ရုပ်ရှင်ရုံတွေရှိဖို့ အရေးကြီးပါတယ်။ ဘယ်လိုပဲကောင်းအောင်ရိုက်ရိုက် ကြည့်ရှုခံစားမယ့် ပရိသတ်မရှိဘူးဆိုရင် ငွေရေးကြေးရေးအရရော အနုပညာအရပါ မအောင်မြင်နိုင်ဘူး။ ကျွန်တော်ကိုယ်တိုင် သရုပ်ဆောင်တစ်ယောက်ဖြစ်နေတော့ ဒီရုပ်ရှင်လုပ်ငန်းကို အကျိုးပြုနိုင်မယ့် နည်းလမ်းကို စဉ်းစားခဲ့တယ်။ စီးပွားရှာဖို့၊ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးဖို့နဲ့ ပြည်သူလူထု အပန်းဖြေဖို့ ဒီလိုသုံးပွင့်ဆိုင် အဆင်ပြေမယ့် ဒီရုပ်ရှင်ရုံလုပ်ငန်းကို ရွေးချယ်ခဲ့တယ်" ဟု Paradiso ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ အကယ်ဒမီဦးလွင်မိုးက ဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး Paradiso ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးလွင်မိုးက အဆင့်မြင့်ရုပ်ရှင်ရုံ တည်ဆောက်ရခြင်းနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားသည်။ သထုံမြို့ မြကျွန်းသာပန်းခြံရှိ Paradiso Cinemas ရုပ်ရှင်ရုံမှာ Paradiso ကုမ္ပဏီအနေဖြင့် မွန်ပြည်နယ်အတွင်း ပထမဆုံးဖွင့်လှစ်သည့် အဆင့်မြင့်ရုပ်ရှင်ရုံ ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် ခြောက်ရုံမြောက်ဖွင့်လှစ်ခြင်းလည်းဖြစ်ကာ မြန်မာတစ်နိုင်ငံလုံးတွင် ရုံပေါင်း ၁၀၀ တည်ဆောက်ရန် လျာထားကြောင်း သိရသည်။

**သက်ဦး (သထုံ)**

## ချင်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီ စည်းဝေး

**ဟားခါး ဩဂုတ် ၆**

ချင်းပြည်နယ် ပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အဖွင့်အမှာစကားပြောကြားရာ၌ ချင်းပြည်နယ်တွင် ဖြစ်ပွားနေသည့် မြေယာပြဿနာများကို ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်ဖြေရှင်းမှုသာ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုအပါအဝင် တာဝန်ရှိသူများအနေဖြင့် လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ နည်းဥပဒေများအား အခြေခံကျကျသိရှိနားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ လူနေထူထပ်မှုများပြားလာသည်နှင့်အညီ မြို့ပြတိုးချဲ့စီမံကိန်းများ ဆောင်ရွက်ရာ၌ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများဥပဒေများနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထု၏ ခံစားမှုများ၊ လိုအပ်ချက်များအား လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေနှင့် အမျိုးသားရေးယုံကြည်ချက်ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြတ်ကျော်က လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများ၏ လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ပြီးဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများနှင့်စပ်လျဉ်း၍ မိမိတို့ခရိုင်နှင့် မြို့နယ်များအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကြံပြုတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **( ပြည်နယ် ပြန်/ဆက် )**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၁၇၈ ဦး၊ ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ ၅၆ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ခုနစ်ဦးရှိကြောင်း သိရှိရ

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၁၇၈ ဦး ၊ ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ ၅၆ ဦးနှင့် ဓာတ်ခွဲအတည်ပြု သေဆုံးသူ ခုနစ်ဦးရှိကြောင်း၊ ယမန်နေ့ နံနက် ၇ နာရီ သတင်းအရ အထူးကုဆေးရုံကြီး (ဝေဘာဂီ)၌ ဆေးရုံတက်ရောက်ကုသနေသော လူနာ ၂၉ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေး ဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်း

**လောက်ကိုင် ဩဂုတ် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေး ဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၃၁ ရက်က စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးနိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသန်းအောင်က ရှင်းလင်းပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးစောလောအယ်စိုးက ပြည်တွင်း၊ ပြည်ပ သွင်းကုန်၊ ပို့ကုန်ဖြစ်သော မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေးများ တရားမဝင်သုံးစွဲပါက ကျခံရမည့်ပြစ်ဒဏ်များနှင့် ငွေဒဏ်အချက်အလက်များ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးထွန်းကျော်က မြေသြဇာမှတ်ပုံတင်ခြင်းနှင့် လိုင်စင်လျှောက်ထားခြင်းကိစ္စရပ်များ၊ ခရိုင် သီးနှံကာကွယ်ရေး တာဝန်ခံ ဦးမိုးမင်းစိုးက ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းနှင့် လိုင်စင်လျှောက်ထားခြင်းကိစ္စရပ်များနှင့် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ဥမ္မာမော်က မျိုးစေ့ဆိုင်ရာ ကိစ္စရပ်များတို့အား ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များနှင့် တောင်သူများတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**ဗထူး**

# ဇမ္ဗူသီရိ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၆**

ဇမ္ဗူသီရိ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့၌ ဩဂုတ် ၃ ရက်က စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃ ရက် ညနေ ၃ နာရီခန့်က နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားချက်ဖြင့် တိုင်းမှူး/ကူ ဌာနစိတ်(၁)မှ ရဲအုပ်မောင်မျိုးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁)ရဲစခန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝေဖြိုးလွင်ပါဝင်သော ပူးပေါင်းအဖွဲ့နှင့်အတူ သတင်းအရ စောင့်ဆိုင်းနေစဉ် ညောင်ပင်ကြီးစုကျေးရွာ၊ ပုဗ္ဗသီရိ မြို့နယ်နေသူ ဇော်မိုးခိုင် မောင်းနှင်ပြီး နောက်မှ သီဟတင်စိုး(ခ)သီဟ ရွှေကြာပင်ရပ်ကွက် ဇမ္ဗူသီရိမြို့နယ်နေသူတို့ စီးလာသည့် ဆိုင်ကယ်အား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇ ပြား၊ ဘိန်းဖြူမှုန့်ဟု ယူဆရသော အမှုန့်များထည့်ထားသည့် ပင်နီဆီလင်ပုလင်း သုံးလုံး၊ အမှုန့် စုစုပေါင်း အလေးချိန် ၁၉ ဒသမ ၉ ဂရမ်နှင့် မူးယစ်ဆေးဝါးရောင်းချရာတွင် ရရှိသော ငွေကျပ် ၁၈၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ သီဟတင်စိုး(ခ)သီဟ၏ ထွက်ဆိုချက်အရ ယင်းနေ့ ည ၇ နာရီခွဲခန့်တွင် ပျဉ်းမနားမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် သက်နိုင်ဦးနှင့်အတူ ပျဉ်းမနားမြို့ မြင်းရတနာအနီးရှိ ကရဝိက်စားသောက်ဆိုင်၌ ရောက်ရှိနေသော ဇော်လွင်(ခ)ကိုဇော် အောင်ချမ်းသာကျေးရွာ လယ်ဝေးမြို့နယ်နေသူအား စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့်ထည့်ထားသော ပင်နီဆီလင်ပုလင်း ရှစ်ပုလင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၊ ငွေစက္ကူရောရာ ငွေကျပ် ၈၁၀၀၀၊ ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ၎င်း၏ ထပ်မံထွက်ဆိုချက်အရ ဘိန်းဖြူမှုန့်များနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါတစ်ထုပ်၊ ၂၂၀ ပါ တစ်ထုပ်၊ ဘိန်းမည်းဟုယူဆရသော အထုပ်တစ်ထုပ် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် သိန်း ၇၀ ကျော်ကိုဖမ်းဆီးရမိပြီး သက်ဆိုင်ရာ မြို့မရဲစခန်းများ၌ ရဲအုပ် အောင်မျိုးက တရားလိုပြုလုပ်၍ အမှုအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်မျိုးနိုင်**



# မိုးကောင်းမြို့နယ်၌ မိုင်းပေါက်ကွဲမှုကြောင့် လူသုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**မိုးကောင်း ဩဂုတ် ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ဟိုင်ကျေးရွာ၌ ယနေ့ နံနက် ၁၀နာရီ မိနစ် ၂၀ က နေအိမ်အတွင်း မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နန့်ဟိုင်ကျေးရွာ ရပ်ကွက်(၁)နေ ဒေါ်နန်ဂရောင် (၄၆ နှစ် သေဆုံး)၏ နေအိမ်မီးဖိုချောင်အတွင်း လက်လုပ်မိုင်းပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ခဲ့ခြင်းကြောင့် ယင်းကျေးရွာနေ ဦးဂျန်အောင်(၃၈ နှစ် သေဆုံး)၊ ဦးဇော်ဘောက်(၃၅ နှစ် သေဆုံး)၊ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာနေ ကျော်ဇင်ထွန်း(ခ)အိုက်စိုင်း(ခ)ဇော်စမ်းတွင် မိုင်းစထိမှန်၍ ပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။

အခင်းဖြစ်ပွားရာနေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းမြင့်အောင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းထိုက်တို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒဏ်ရာရရှိသူအား မိုးကောင်းပြည်သူ့ဆေးရုံ၌ ဆေးကုသပေးထားကြောင်းနှင့် ဖြစ်စဉ်နှင့် ပတ်သက်၍ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ သတင်းထုတ်ပြန်မှုအရ သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**


# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇၄ စီး၊ သွင်းကုန် ၅၆၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇ ဒသမ ၂ သန်းခန့် စုစုပေါင်း တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၅ ရက် သစ်ဆိပ်ပင်စွပ်ပွနူးကျေးရွာ ရှောင်ကွင်းလမ်း၌ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လှည့်ကင်းဆောင်ရွက်စဉ် UD ခြောက်ဘီးယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ခြောက်ဘီး UD ခေါင်း Without Engine, Without Frame (1) U၊ တွဲကားခေါင်း Without Engine, Without Frame (1) U ၊ Nissan Diesel Engine (10000 CC) (1) U ၊ Gear Box (1) U နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၂ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မောင်တောမြို့နယ်၌ ရာအိမ်မှူးဟောင်းတစ်ဦး အသတ်ခံရ

**နေပြည်တော် ဩဂုတ် ၆**

မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု ရွှေဇားကပ္ပကောင်းကျေးရွာ ရာအိမ်မှူးဟောင်းတစ်ဦး ယနေ့နံနက်ပိုင်းက အသတ်ခံရကြောင်း သိရသည်။

ရွှေဇားကျေးရွာအုပ်စု ရွှေဇားကပ္ပကောင်းကျေးရွာ လမ်းဆုံအနီး၌ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း လာရောက်သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ရွှေဇားကပ္ပကောင်းကျေးရွာနေ ရာအိမ်မှူးဟောင်း ဟူဆောင်းဖြစ်ပြီး လည်ပင်းပြတ်ရှဒဏ်ရာ၊ ဦးခေါင်းထိပ်တည့်တည့် ပြတ်ရှဒဏ်ရာ၊ ဦးချိုစောင်း ဝဲ၊ ယာ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

အဆိုပါ သေဆုံးသူသည် ယနေ့ နံနက်ပိုင်းက တစ်ဦးတည်း ဈေးဝယ်ထွက်လာစဉ် သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယာဉ်ကျော်တက်စဉ် ဆိုင်ကယ်နှင့်တိုက်မိ၍ နှစ်ဦးသေဆုံး

**တပ်ကုန်း ဩဂုတ် ၆**

နေပြည်တော် တပ်ကုန်းမြို့ ရန်ကုန်-မန္တလေးလမ်းဟောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဩဂုတ် ၅ ရက် ည ၉ နာရီခွဲခန့်က တပ်ကုန်းမြို့မှ ပျဉ်းမနားမြို့ဘက်သို့ ယာဉ်မောင်း ဇေယျာစိုး (၃၉ နှစ်) သာယာဝတီမြို့နေသူ မောင်းနှင်လာသော နီဆန်း ၂၂ ဘီး၊ နောက်တွဲယာဉ်သည် ယာဉ်ကြီးတစ်စီးအားကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ လှိုင်မျိုးဝင်း (၂၃ နှစ်) မောင်းနှင်၍ နောက်မှ နေဇော်(၂၂ နှစ်) လိုက်ပါစီးနင်းလာသည့် လေ့ဂျာဆိုင်ကယ်အား ဝင်ရောက်တိုက်မိရာ နှစ်ဦးစလုံး အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇေယျာစိုးကို တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်ထွန်းတာ (တပ်ကုန်း)**


## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊အထက(ခွဲ) သာထွန်းအေး သတ္တမတန်းမှ မသူသူမိုး၊ အမက(အုပ်ကလေး)တတိယတန်းမှ မောင်သက်ပိုင်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးတင်လှိုင် ၉/မလန(နိုင်)၀၂၅၉၁၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထက(ခွဲ) သာထွန်းအေး သတ္တမတန်းမှ မသူဇာမြင့်၊ ပဉ္စမတန်းမှ မစုမြတ်လှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး ၉/မလန(နိုင်)၀၈၉၇၆၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထက(ခွဲ) သာထွန်းအေး နဝမတန်းမှ မဂျူလိုင်မိုး၊ ဆဋ္ဌမတန်းမှ မကေသီမိုး၊ အမက(သပြေလှ) စတုတ္ထတန်းမှ မမြတ်နိုးဝေတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင် ၉/မလန(နိုင်)၀၂၀၃၆၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထက(ခွဲ) သာထွန်းအေး နဝမတန်းမှ မောင်ဇော်ကိုနိုင်၊ သတ္တမတန်းမှမောင်ဟိန်းမင်းဇော်၊ အမက(အုပ်ကလေး)စတုတ္ထတန်းမှ မောင်မိုးမင်းဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင် ၉/မလန(နိုင်)၀၆၈၉၈၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ခွဲ)ဝါးလီး၊ တက္ကသိုလ်ဝင်တန်းမှ မူကြည်ငွေး၏ ဖခင်အမည်မှန်မှာ မောင်ယန်း ၁၃/ပလန(နိုင်)၀၂၉၅၂၉ ဖြစ်ပါကြောင်း။

**မောင်ယန်း**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅၊ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၂၄၇၊ မြေကွက်တည်နေရာအမှတ်-၂၄၇၊ ၂၉ လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးဘိုညီ ၁၁/ကတန(နိုင်)၀၇၉၆၃၅ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/5901 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/2538 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/4743 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)၊ သတ္တမတန်း(D)မှ မချိုရင်၏ ဖခင်အမည်မှန်မှာ ဦးလောက်စူး ၁၃/လရန(နိုင်)၁၀၀၃၁၇ ဖြစ်ပါကြောင်း။

**ဦးလောက်စူး**

## ဖခင်အမည်မှန်

မန်စီမြို့နယ်၊ မန်ဝိန်းကြီး (အထက)၊ တတိယတန်း(B)မှ မောင်အားဖူ၏ ဖခင်အမည်မှန်မှာ ဦးတွမ်ဝန် ၁၃/နခန(နိုင်)၀၄၉၈၁၅ ဖြစ်ပါကြောင်း။

**ဦးတွမ်ဝန်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ အထက(ခွဲ) ဝါးလီး၊ တက္ကသိုလ်ဝင်တန်းမှ မူသဲင်စီး၏ ဖခင်အမည်မှန်မှာ ဦးကလုပ် ၁၃/ပလန(နိုင်)၁၂၁၃၂၅ ဖြစ်ပါကြောင်း။

**ဦးကလုပ်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ခွဲ) ဝါးလီး၊ တက္ကသိုလ်ဝင်တန်းမှ မူသိန်းနု၏ ဖခင်အမည်မှန်မှာ ဦးကျော် ၁၃/ပလန(နိုင်)၀၈၂၅၁၇ ဖြစ်ပါကြောင်း။

**ဦးကျော်**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၁)၊ တတိယတန်း(A)မှ မောင်ကျော်မျိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးလောက်စူး ၁၃/လရန(နိုင်)၁၀၀၃၁၇ ဖြစ်ပါကြောင်း။

**ဦးလောက်စူး**

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းမှ မယောမာန်ဆောင်း၏ ဖခင်အမည်အမှန်မှာ ဦးရင်ကျော်အောင် ၁၃/တကန(နိုင်)၂၀၅၆၈၃ ဖြစ်ပါကြောင်း။

**ဦးရင်ကျော်အောင် ၁၃/တကန(နိုင်)၂၀၅၆၈၄**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်) စတုတ္ထတန်းမှ နန်းယွန်းနိုနိုအောင်၏ ဖခင်အမည်မှန်မှာဦးစိုးအောင် ၁၃/ပလန(နိုင်)၀၄၄၇၉၅ ဖြစ်ပါကြောင်း။

**ဦးစိုးအောင်**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ အထက(၂) ကျောင်းဝင်အမှတ် (က-၁၁၈၅၆) တက္ကသိုလ်ဝင်တန်း (A-2) မှ မောင်လင်းလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၉/တကန(နိုင်)၁၂၀၁၃၈ ဖြစ်ပါကြောင်း။

**ဦးဇော်လင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/1962 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ အနောက်ပိုင်းလမ်းနေ ဦးပါရတ်(ရှ်)နတ်(သ်)၇/ဖမန(နိုင်)၀၉၇၅၅၃၏သား မနို့ချ်ကူးမား ၇/ဖမန(နိုင်)၁၀၀၃၆၄သည် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးပါရတ်(ရှ်)နတ်(သ်)(ဇေယျဝတီမြို့)**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဝန်ထမ်းရပ်ကွက်၊ မင်္ဂလာလမ်းနှင့်ရတနာလမ်းကြား၊ (၆၇×၆၈)လမ်းကြား၊ ဦးပိုင်အမှတ်-၆၄၊ မြေကွက်အမှတ် (ခခ-၂၁/၆၄-ဆ)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) မြေကွက်အနက် (မြောက်ဘက်ခြမ်း)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိမြေကွက်အား အမည်ပေါက်ဒေါ်ဖြူဖြူသင်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်လှလှငွေး (၉/မနတ(နိုင်)၀၃၃၀၀၁)ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းအသိ ပေးကြေငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နီလာအေး(စဉ်-၇၇၂၆) (တရားလွှတ်တော်ရှေ့နေ)**
**(၀၉-၅၀၇၀၁၂၈)အမှတ်-၁၀၄၊ပထမထပ်၊ ၃၉-လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/1262, Myanmar Double Cab. MDC .GT , P/U(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသန်း ၇/ပမန(နိုင်)၀၈၈၈၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/4700 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်**

## သားအဖြစ်မှရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား ဦးရာဇာထွန်းလင်း ၁၂/ဒဂမ(နိုင်)၀၂၉၉၈၁ သည် မိသားစုအပေါ် ဂုဏ်သိက္ခာကျဆင်းအောင်နှင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၅-၈-၂၀၁၇ရက်တွင် မိမိဆန္ဒအလျောက် မိခင်၏နေအိမ်မှ ဆင်းသွားပါသဖြင့် မိသားစုမှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**ဖခင် ဦးစိန်ထွန်းလင်း ၁၂/ဥကတ(နိုင်)၀၆၁၂၆၉**
**မိခင် ဒေါ်သီသီခင် ၁၂/ဥကတ(နိုင်)၀၆၁၂၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/3396, Hyun dai Staren Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ကိုနန္ဒာလွင်ဦး ၁၃/ တကန (နိုင်)၁၈၅၂၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ပရီမီယာလိဂ်ရာသီအဖွင့် ကွန်မြူနတီဒိုင်း အာဆင်နယ်တို့သိမ်းပိုက်




ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ကွန်မြူနတီဒိုင်းလုပွဲကို ဩဂုတ် ၆ ရက် ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူခဲ့သည်။

အာဆင်နယ်အသင်းတွင် ချက်၊ ဟိုဒင်၊ မာတီဆက်ကာ၊ မွန်ရီရယ်၊ ဘယ်လာရင်၊ အယ်လ်နီညီ၊ ဇာကာ၊ ချန်ဘာလိန်၊ ဝဲလ်ဘက်၊ အီယိုဘီတို့နှင့်အတူ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဝယ်ယူထားသော တိုက်စစ်မှူး လာကာဇက်တီတို့ဖြင့် ပွဲထုတ်လာခဲ့ပြီး ပြိုင်ဘက် ချယ်လ်ဆီးအသင်းက ကော့တွိုက်စ်၊ အက်စ်ပီလီကျူတာ၊ မားကိုစ့်အလွန်ဆို၊ ဖာဘရီဂတ်စ်၊ ဒေးဗစ်လူးဝစ်၊ ကန်တီ၊ ဝီလီယံ၊ ကာဟေး၊ ပက်ဒရို၊ မော့ဆက်၊ ဘတ်ရှူယာရီ တို့ဖြင့် ပွဲထုတ်လာခဲ့သည်။

ကွန်မြူနတီဒိုင်းလုပွဲဟု ဆိုသော်လည်း တစ်သင်းနှင့်တစ်သင်း အမှားမခံဘဲ ဂိုးရရှိရန် နှစ်သင်းစလုံး ရုန်းကန်ခဲ့ကြရသည်။ ပထမပိုင်းကို ဂိုးမရှိ သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့ရသည်။

ဒုတိယပိုင်းစတင်ပြီး တစ်မိနစ်အကြာမှာပင် ချယ်လ်ဆီးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထိုဂိုးကို ဗစ်တာမော့ဆက်က ဂိုးသမားနှင့် တစ်ယောက်ချင်းအတွေ့တွင် ညာခြေဖြင့် အသာပိတ်သွင်းယူခဲ့ခြင်း ဖြစ်သည်။ အာဆင်နယ်အသင်း၏ ကစားကွက်သည် ဦးဆောင်ဂိုးပေးရပြီးနောက် အနည်းငယ်လှုပ်လှုပ်ခတ်ခတ် ရှိလာခဲ့သော်လည်း ချယ်လ်ဆီးအသင်းကသာ ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန် ၇၃ မိနစ်အရောက်တွင် ချယ်လ်ဆီးအသင်း၏ ပထမဆုံးလူစားလဲထိုးမှုအဖြစ် ဘတ်ရှူယာရီ၏နေရာမှာ ကလပ်စံချိန်တင်ကြေးဖြင့် ဝယ်ယူထားသော မိုရာတာဖြင့် အစားထိုးခဲ့သည်။ ၇၅ မိနစ်တွင် ဇာကာ၏ ပြင်းထန်အားပါသော အဝေးကန်ချက်ကိုလည်း ကော့တွိုက်စ်က ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။ မိနစ် ၈၀ အရောက်တွင် ပက်ဒရို၏ မလိုလားအပ်သော ဖျက်ထုတ်မှုကြောင့် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ ရရှိခဲ့သည့် ပြစ်ဒဏ်ဘောကို ကလာစီနက်က လူကျွံထောင်ချောက်ကို ပြေးထွက်ကာ အာဆင်နယ်အသင်းအတွက် ခေါင်းတိုက်ချေပဂိုး သွင်းယူပေးခဲ့သည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲမှာ ပိုမိုမြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာခဲ့သည်။ နှစ်သင်းစလုံး မိနစ် ၉၀ ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသော ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ပယ်နယ်တီတွင် အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ဝဲလ်ကော့၊ မွန်ရီရယ်၊ ချန်ဘာလိန်၊ ဂျရူးတို့ ဂိုးဝင်အောင် သွင်းနိုင်ခဲ့သော်လည်း ချယ်လ်ဆီးအသင်းက ကာဟေး တစ်ယောက်သာ ဂိုးဝင်ခဲ့ပြီး ကော့တွိုက်စ်နှင့် မိုရာတာတို့ လွဲချော်ခဲ့သည်။ **ဇော်ဇော်**

❐ *ကျောဖုံးမှ*

မြန်မာအားကစားအဖွဲ့သည် မူလက အားကစားသမားအင်အား ၄၀၀ ကျော်ဖြင့် ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း လျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် ကစားသမားဦးရေမှာ ရေကူး၊ ဒိုင်ဗင်အဖွဲ့ ငါးဦး၊ ဘောလုံးအသင်း ဦးရေ ၄၀၊ ဖူဆယ်အသင်း ၂၈ ဦး၊ မြားပစ်အဖွဲ့ ၁၄ ဦး၊ ပြေးခုန်ပစ်အဖွဲ့ ၁၂ ဦး၊ ကြက်တောင်အဖွဲ့ ၁၂ ဦး၊ ဘတ်စကက်ဘောအသင်း ၂၂ ဦး၊ ဘိလိယက်၊ စနူကာအဖွဲ့ ၁၂ ဦး၊ ဘိုလင်း ခြောက်ဦး၊ လက်ဝှေ့ ငါးဦး၊ ခရစ်ကက် ၁၅ ဦး၊ ဓားရေးအဖွဲ့ သုံးဦး၊ ဂေါက်သီးအသင်း ခုနစ်ဦး၊ ကျွမ်းဘားအဖွဲ့ သုံးဦး၊ ဂျူဒိုအဖွဲ့ ၁၁ ဦး၊ ဟော်ကီအသင်း ၃၆ ဦး၊ ဂျူဒိုအဖွဲ့ ခြောက်ဦး၊ ကရာတေးအဖွဲ့ ၁၇ ဦးနှင့် ပီတန်းအဖွဲ့ ၁၅ ဦး၊ ရွက်လှေအဖွဲ့ ၁၂ ဦး၊ ပိုက်ကျော်ခြင်းအသင်း ၂၃ ဦး၊ ခြင်းလုံးအသင်း ကိုးဦး၊ သေနတ်ပစ်အဖွဲ့ ခြောက်ဦး၊ Squash အဖွဲ့ ရှစ်ဦး၊ စားပွဲတင် တင်းနစ်အဖွဲ့ ခုနစ်ဦး၊ တင်းနစ်အဖွဲ့ ခြောက်ဦး၊ တိုက်ကွမ်ဒိုအဖွဲ့ ခုနစ်ဦး၊ သုံးမျိုးစုံအဖွဲ့ သုံးဦး၊ ဘော်လီဘောအသင်း ၂၄ ဦး၊ အလေးမအဖွဲ့ ငါးဦးတို့ ပါဝင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် အားကစားသမား ၃၈၄ ဦးအပြင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များ၊ အုပ်ချုပ်မှုအဖွဲ့အပါအဝင် စုစုပေါင်းအင်အား ၅၀၀ ကျော် သွားရောက်မည်ဖြစ်သည်။

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်စုစုပေါင်း ၄၀၄ ခု ချီးမြှင့်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့များသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အချိန်ယူပြင်ဆင်ခဲ့ပြီး အားကစားနည်းအလိုက် ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်ခဲ့သလို နိုင်ငံတကာပြိုင်ပွဲများလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



မြန်မာပိုက်ကျော်ခြင်းအသင်း လေ့ကျင့်မှုပြုလုပ်နေစဉ် ဓာတ်ပုံ-စိုးညွန့်

❋ *ကျောဖုံးမှ*

အမှတ်ဖြင့်ရှုံးနိမ့်ခဲ့၍ ယနေ့အလဲထိုးစည်းစနစ်အတိုင်း ပြန်လည်စိန်ခေါ်ယှဉ်ပြိုင် ထိုးသတ်ခဲ့သော်လည်း ဆာလာဒွိုက်ကိုအပေါ်စီးက မယှဉ်ပြိုင်နိုင်ခဲ့ပေ။ ရိုးရာလက်ဝှေ့ချစ်ပရိသတ်ဆန္ဒ ဖြည့်ဆည်းပေးရန် အချိန်ယူကာ ဘက်ပေါင်းစုံက လေ့ကျင့်ယှဉ်ပြိုင်ခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့သည်။ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲတိုင်းတွင် အထနှေးခဲ့သော စိုးလင်းဦးသည် ယနေ့ပွဲစသည်နှင့် ဘယ်ညာတွဲလုံး၊ ခြေကန်ချက်များဖြင့် ဆာလာဒွိုက်ကို စတင်ယှဉ်ပြိုင်ခဲ့သည်။ ရိုးရာလက်ဝှေ့နှင့်မစိမ်းဘဲ ယခင်အတွေ့အကြုံရထားသော ဆာလာဒွိုက်က စိုးလင်းဦး၏ လက်သီးတွဲလုံးများကို အထိမခံဘဲ အရှောင်အတိမ်း၊ အခွာအထွက်များဖြင့် လေထဲမှာပင် ဖျောက်ပစ်နိုင်စွမ်းနှင့်အတူ ဘယ်ညာတံတောင်ရိုက်ချက်များက တစ်ပြိုင်တည်း ကပ်ပါလာသည်။ ပထမအချီတွင် တစ်ဦးနှင့်တစ်ဦး အထိမနာဘဲ ဒုတိယအချီတွင် စိုးလင်းဦး၏နဖူး ဆာလာဒွိုက် ညာတံတောင်ရိုက်ချက်ကြောင့် အထိနာကွဲရှခဲ့သလို ဆာလာဒွိုက်သည်လည်း စိုးလင်းဦး၏ ဖြောင့်လက်သီး တွဲလုံးများမိခဲ့၍ သွေးဖြိုင်ကာ ကြိုးဝိုင်းစင်သို့ ထိုင်ကျခဲ့သည်အထိ ပွဲမြိုင်ခဲ့သည်။ သို့သော် ပထမတန်း လက်ဝှေ့ကျော် သံမဏိအသည်းပိုင်ရှင် စိုးလင်းဦးနှင့် ဆာလာဒွိုက်တို့မှာ ငါးချီပြည့် အသည်းတထိတ်ထိတ် ရင်တဖိုဖို ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်သာပြီးဆုံးခဲ့၍ စိုးလင်းဦး ပရိသတ်မျက်နှာပန်း မလှုဖြစ်ခဲ့ရသည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် စိုးလင်းဦးနှင့် ဆာလာဒွိုက်တို့၏ အထူးစိန်ခေါ်ပွဲအပြင် ပြည်တွင်းရိုးရာလက်ဝှေ့တွဲဆိုင်းများဖြစ်သော လေးချီပွဲ နှစ်ပွဲ၊ ငါးချီပွဲ ခြောက်ပွဲ စုစုပေါင်း ပြည်တွင်းတွဲဆိုင်း ရှစ်ဆိုင်းပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ လေးချီစိန်ခေါ်ပွဲနှစ်ပွဲတွင် ချစ်မောင်မောင်(တောင်ကလေး)နှင့် ချစ်ဦး(ခ)စောမင်းခိုင်(ရွှေသောင်ရင်း)တို့ပွဲတွင် တစ်ဦးနှင့်တစ်ဦး အစွမ်းကုန်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း သရေကျခဲ့ပြီး လက်သီးမိုး( T & T သထုံ)နှင့် စောဖိုးထွန်း (သတ္တိ)တို့ပွဲတွင် လက်သီးမိုး အသာစီးရခဲ့သော်လည်း အရှုံးအနိုင်မပေါ် ဖြစ်ခဲ့ရပြန်သည်။ ငါးချီ အထူးစိန်ခေါ်ပွဲများတွင် ဟိန်းထွန်းအောင် (T & T သထုံ)နှင့် ကျော်စွာဝင်း(ယူနိုက်တက်)၊ ဇာမဏီသွေး(ရောသား)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)၊ ဇွဲရွှေကို( T & T သထုံ)နှင့် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)၊ စောအယ်လေး (Adventure)နှင့် စိန်မျိုးအောင်(မန္တလေး)တို့၏ ငါးချီစိန်ခေါ်ပွဲများမှာ တစ်ဖက်နှင့်တစ်ဖက် အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်ပြီးဆုံးခဲ့ပြီး ရွှေကျောင်းသား( T & T သထုံ)နှင့် သက်ပိုင်အောင်(တောင်ကလေး)တို့ပွဲတွင် တတိယအချီ ၁ မိနစ် ၁၄ စက္ကန့်မှာပင် သက်ပိုင်အောင် ညာဒူးတိုက်ချက်ဖြင့် ရွှေကျောင်းသားကို အလဲထိုးအနိုင်ယူခဲ့ပြီး ပိုက်ထွေး (T & T သထုံ)နှင့် အောင်ပိုင် (နဂါးမာန်)တို့ပွဲတွင် ဒုတိယအချီ ၁ မိနစ် ၃၇ စက္ကန့်မှာပင် အောင်ပိုင်က အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Victory Myanmar Group Co., Ltd. က အဓိကကူညီပံ့ပိုးကာ T & T Group စီစဉ်ကျင်းပသော မကျေပွဲ ပြန်လည်စိန်ခေါ်သော နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အဓိကစိန်ခေါ်ပွဲအဖြစ် ပါဝင်ယှဉ်ပြိုင်ထိုးသတ်သော ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် ပိုလန်နိုင်ငံသား ဆာလာဒွိုက် တွဲဆိုင်းအပါအဝင် စုစုပေါင်း တွဲဆိုင်းကိုးဆိုင်း ယှဉ်ပြိုင်ထိုးသတ်ရာ ခုနစ်ပွဲသရေကျခဲ့ပြီး နှစ်ပွဲသာ အရှုံး၊ အနိုင်ပေါ်ခဲ့သည်။

❂ *ကျောဖုံးမှ*

ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်ခိုင်က ပြောသည်။

အဆိုပါ မြန်မာ-တရုတ်ချစ်ကြည်ရေးပြိုင်ပွဲတွင် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်မှ မျိုးဆက်သစ်လူငယ်များ၊ တနင်္သာရီ၊ မွန်၊ မကွေးအသင်းနှင့် ရန်ကုန်ကလပ်အသင်း စုစုပေါင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ အထက(ခွဲ) ကန်ကလေး ပဥ္စမတန်းမှ မနှင်းအင်ကြင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမော်ထော် ၇/အတန(နိုင်)၁၀၄၅၆၆ ဖြစ်ပါကြောင်း။ **ဦးမော်ထော်**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

2017 AUGUST 7 TO 13 MONDAY

အကွေးအမြင် ဆောင်းပါးအမြဲ

နည်းပညာတစ်ခေတ်ပြောင်း ဈေးကွက်ပလက်ဖောင်း

တရုတ်တို့ခြောက်လှန့်လိုက်သည့် အမေရိကန်နှင့် အိန္ဒိယတို့အတွက် အိပ်မက်ဆိုး

ပြဿနာကို မီးထွန်းရှာနေတာများလား

အရှေ့အလယ်ပိုင်းဒေသမှ ဥရောပသို့ ရိုက်ခတ်လာသည့် စစ်ပွဲများ

ဝါဇီရစ္စတန်ဒေသ ဒရုန်းစစ်ဆင်ရေး

အမေရိကသမိုင်း၌ ရောမဆူနာမီကြီးတစ်ရပ် ကြုံတွေ့လာတော့မည်လော

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/- ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၅
E-mail:internationaljournalmm@gmail.com

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9L/5464 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/9161 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆စီ)၊ မြေကွက်အမှတ် ၂၀/ဘီ/၄၊ ဧရိယာ ၀ ဒသမ ၁၄၁၈ ဧကရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသောအမှတ် (၈၄-B)၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အမည်ပေါက်ဦးခင်မောင် ၉/မကန(နိုင်)၀၀၇၈၄၅၊ ဒေါ်အမာကြည် ၉/မကန(နိုင်)၀၀၁၅၃၀ တို့ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ) (၂၁၇၂)**
**B.A(LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy**
**WIPO, DL(101), (201), (317) Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘုတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၂၃၃၁၂၃၊ ၅၇၈၅၅၀၊ ၀၉-၈၆၁၆၇၆၅**

**ဝင်ငွေရှိလည်ပတ်နေဆဲ ၅ထပ်တိုက်သစ်တည်းခိုခန်းရောင်းမည်**

သုခမ္မာလမ်း မယ်လမုဘုရားမီးပွိုင့်မှ ခါတ်တိုင်၅တိုင်အကွာ၊ ဘုန်းကြီးလမ်းမ (အာသာဝတီလမ်းမ)ပေါ် ၂၀ပေ×၅၀ပေ၊ RC ၅ထပ်တိုက်၊ အခန်း ၁၈ခန်း၊ အခန်းတိုင်းအဲကွန်း၊ ရေခဲသေတ္တာ၊ ဘိုထိုင်၊ ကြွေပြားကပ်၊ ကိုယ်ပိုင်မီးစက်၊ ကိုယ်ပိုင်ထရန်စဖော်မာ။ အကျိုးဆောင်လက်ခံသည်။ ၂%
**သိန်း ၅၅၀၀(ညှိနှိုင်း) ဆက်သွယ်ရန် 0943021001**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ ကွင်း/အကွက်အမှတ်-၂/ဈေး၊ ဦးပိုင်အမှတ် (၄၈)၊ မြေကွက်အမှတ် (၅၀)၊ မြေဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် ဦးဌေးကိုကို ၈/သရန(နိုင်)၀၂၅၆၀၉ အမည်ပေါက် တရားဝင်ပိုင်ဆိုင်လျက်ရှိနေပါသည်။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ ဈေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၂/ဈေး၊ ဦးပိုင်အမှတ် (၄၈)၊ မြေကွက်အမှတ် (၅၀)၊ မြေဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဈေးရပ်ကွက်၊ သရက်မြို့ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်)မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်၊ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ကျွန်တော့်ထံသို့ဖြစ်စေ၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်) စီမံ(ပစ္စည်း)ဌာနသို့ဖြစ်စေ၊ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို တရားဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြဝတီဘဏ်လီမိတက်(ရုံးချုပ်)စီမံ(ပစ္စည်း)ဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရာစိုး B.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၄/၇၁)**
**အခန်း (၃)၊ တိုက် (၄၆)၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်**
**မြဝတီဘဏ်လီမိတက်(ရုံးချုပ်)၏ ဘဏ်အကျိုးဆောင်ရှေ့နေကြီး**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ဥပုသ်တော်ရပ်နေ ဒေါ်စန်းစန်းမြင့် ၉/မနမ(နိုင်)၀၂၄၇၃၁ နှင့် ဒေါ်နွဲ့နွဲ့ ၁၃/လလန(နိုင်)၀၂၀၆၈၆ တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းညွှန့် ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ဥပုသ်တော်ရပ်နေ ဦးတင်ချစ် (ခ) ဦးတင်ချစ်ညို ၁၂/တမန(နိုင်)၀၈၂၀၂ ၏ ဖခင်အမည်မှန်မှာ ဦးဘကျော် ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် CC/1031 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/8395 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ပိတ်ဆို့အရေးယူမှု ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ကြိုဆို

**တိုကျို ဩဂုတ် ၆**

မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂက ချမှတ်လိုက်သည့်အရေးယူပိတ်ဆို့မှုအသစ်များကို ဂျပန်ဝန်ကြီးချုပ်က ကြိုဆိုလက်ခံသည့်သဘောထားဖော်ပြခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံကပြုလုပ်ခဲ့သည့် တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်းစမ်းသပ်ပစ်လွှတ်ခဲ့မှုအပါအဝင် ကန့်ကွက်ဆန္ဒပြမှုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ သတိပေးချက်များကိုအလေးမထားခြင်းက လက်ခံနိုင်ဖွယ်မရှိသည့်အပြုအမူများဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။

အသစ်ချမှတ်လိုက်သည့်ပိတ်ဆို့အရေးယူမှုများသည် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုကိုရင်ဆိုင်ဖြေရှင်းလိုသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆန္ဒကိုရှင်းရှင်းလင်းလင်းထုတ်ဖော်ပြသလျက်ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကချမှတ်သည့် စည်းကမ်းအတိုင်းလိုက်နာဆောင်ရွက်သွားရန်နှင့် နောက်ထပ်နျူကလီးယားစမ်းသပ်မှုသို့မဟုတ် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကဲ့သို့သော ကျူးကျော်ရန်စသည့် အပြုအမူများကို နောက်ထပ်မပြုလုပ်ရန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက တိုက်တွန်းတောင်းဆိုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**(အင်န်အိတ်ချ်ကေ)**







# ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်ခဲ့သည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံ၏ ပြည်ပပို့ကုန်များပိတ်ပင်

**ပြုံယမ်း ဩဂုတ် ၆**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားနိုင်ငံအား ဇူလိုင်လအတွင်းက ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်ခဲ့သည့်အတွက် အရေးယူပိတ်ဆို့မှုအသစ်များကို စနေနေ့တွင် ချမှတ်လိုက်ကြောင်း သိရသည်။

အမေရိကန်ကမူကြမ်းရေးဆွဲတင်ပြခဲ့သည့် အရေးယူပိတ်ဆို့မှုတွင် မြောက်ကိုရီးယားနိုင်ငံ၏ ပို့ကုန်များဖြစ်သည့် ကျောက်မီးသွေး၊ သံ၊ ခဲနှင့် ပင်လယ်စာများတင်ပို့မှုကို ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

လုံခြုံရေး ကောင်စီသည် မြောက်ကိုရီးယားနိုင်ငံသို့ ကာယလုပ်သားအဖြစ်သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် အရေအတွက်တိုးပွားမလာစေရန်၊ ထိုသို့သွားရောက်သည့်နိုင်ငံများကိုလည်း တားမြစ်ပိတ်ပင်ခဲ့ပြီး မြောက်ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်မည့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းသစ်များနှင့် လက်ရှိစွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေမှုများကိုပါ ပိတ်ပင်လိုက်သည်။

ကျွန်ုပ်တို့သည် ကိုယ်တိုင်ဖြေရှင်းဆောင်ရွက်နိုင်သည့် ပြဿနာများကိုတွေးတောခြင်းဖြင့်တွေဝေမိုက်မဲမနေသင့်၊မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုသည် ကျွန်ုပ်တို့ကို ချမ်းသာလွတ်မြောက်ခွင့်ပေးလိမ့်မည်မဟုတ်။ ထို့အပြင်ပို၍ အန္တရာယ်ကြီးမားလာနေသည့်ခြိမ်းခြောက်မှုလည်း ဖြစ်သည်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်နစ်ကီဟာလေက သတင်းစာရှင်းလင်းပွဲအတွင်း ပြောကြားခဲ့သည်။

နောက်ထပ် အရေးယူဆောင်ရွက်မှုများပင် လိုအပ်နေသေးသည်။ ဆက်လက်ဆောင်ရွက်ရမည့် အရေးယူဆောင်ရွက်မှုများအတွက် အမေရိကန်အနေဖြင့် ပြင်ဆင်လျက်ရှိပြီး ကျွန်ုပ်တို့နိုင်ငံနှင့်မဟာမိတ်များကို ကာကွယ်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဟု ၎င်းကပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံအား စစ်ရေးလေ့ကျင့်မှုများပြုလုပ်ကာ ဒေသတွင်းတင်းမာမှုကို ပိုမိုမြင့်တက်လာအောင် နှိုးဆွနေကြောင်း စွပ်စွဲထားသည်။

မြောက်ကိုရီးယားအား ပိတ်ဆို့မှုပြုလုပ်ရန်အတွက် လုံခြုံရေးကောင်စီအတွင်း မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ရာ ထောက်ခံမဲ ၁၅ မဲ၊ ကန့်ကွက်မဲမရှိဖြင့် တစ်ခဲနက်သဘောတူညီစွာ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နှင့်ရုရှားသည် အမေရိကန်နှင့်အတူ မဲပေးခဲ့သည်။ အရေးယူဆောင်ရွက်မှုအား ဘဏ္ဍာရေးဆိုင်ရာ ကြီးမားသော အကျိုးသက်ရောက်မှုတစ်ခုအဖြစ် ထရန့်ကတွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# လေယာဉ်ပျက်ကျမှုဖြစ်ပွားရာသို့ ဩစတြေးလျက ရေတပ်သင်္ဘောများနှင့် ရေငုပ်သမားများစေလွှတ်၍ ကူညီရှာဖွေမည်

**မဲလ်ဘုန်း ဩဂုတ် ၆**

ဩစတြေးလျ အရှေ့မြောက်ဘက်ကမ်းခြေ၌ လွန်ခဲ့သည့်တစ်ရက်အကြာက အမေရိကန် လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ ထိုသို့ပျက်ကျမှုအတွင်း ပျောက်ဆုံးနေသည့် မရိန်းတပ်သားသုံးဦး ရှာဖွေနေမှုကို အမေရိကန်မရိန်းတပ်ဖွဲ့က ရပ်နားခဲ့ပြီးနောက် ဩစတြေးလျအစိုးရအဖွဲ့က ပျောက်ဆုံးနေသူများအားရှာဖွေမှုအတွက် အကူအညီပေးအပ်ရန် ၎င်း၏တပ်မတော်အင်အားစုများကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။



မူလက မရိန်းတပ်ဖွဲ့သည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကြိုးပမ်းဆောင်ရွက်မှုကို လနှင့်ချီ၍ကြာမြင့်မည့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ရန် ပြင်ဆင်ထားခဲ့ပြီး ပျောက်ဆုံးနေသည့်မရိန်းတပ်သားသုံးဦး၏ ဆွေမျိုးရင်းချာများကို အကြောင်းကြားခဲ့သည်ဟု ဆိုသည်။

အမေရိကန် မရိန်းတပ်ဖွဲ့သည် MV-22 Osprey လေယာဉ်ပျက်ကျမှုကို မတော်တဆဖြစ်ပွားမှု တစ်ခုအဖြစ်ဖော်ပြခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျ ကာကွယ်ရေးဝန်ကြီး မာရိုက်စ် ပေနီက လေယာဉ်ပျက်ကျမှုအတွင်း ပျောက်ဆုံးနေသည့်မရိန်းတပ်သားများအား ရှာဖွေကယ်ဆယ်ရေးအပြင်းအထန်လုပ်ဆောင်နေမှုရပ်ဆိုင်းလိုက်ပြီးနောက်တွင် အမေရိကန် ဦးဆောင်သည့် ပြန်လည်ထူထောင်ရေးကြိုးပမ်းဆောင်ရွက်မှုများကို ဩစတြေးလျက အကူအညီပေးအပ်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# တူနီးရှားနိုင်ငံ၌ ကြိမ်ဖန်များစွာမီးလောင်ခဲ့မှုကြောင့် လယ်မြေဟက်တာပေါင်း ၂၀၀၀ခန့်ပျက်စီး

**တူးနစ် ဩဂုတ် ၆**

တူနီးရှားနိုင်ငံရှိပြည်နယ်ရှစ်ခုတို့တွင် အပူလှိုင်းဝင်ရောက်မှုနှင့်အတူ မကြာခဏဖြစ်ပွားခဲ့သည့် မီးလောင်မှုများကြောင့် လယ်မြေဟက်တာပေါင်း ၂၀၀၀ကျော် မီးလောင်ဆုံးရှုံးခဲ့ကြောင်း ဒေသမီဒီယာကတနင်္ဂနွေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဝန်ကြီး အိုမာဘာဟီက နှစ်စဉ်ဖြစ်ပွားခဲ့သည့်မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လယ်မြေဟက်တာပေါင်း ၁၃၀၀ ခန့်ရှိပြီး ယခုဖြစ်ပွားခဲ့သည့် မီးလောင်ကျွမ်းမှုသည် စံချိန်တင်ဆိုးရွားသည့်မီးလောင်မှုဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပြည်နယ်လေးခုဖြစ်သည့် မြောက်ပိုင်းရှိဘစ်ဇာတီ၊ ဘီဂျာ၊ ဂျန်ဒိုဘာနှင့် အနောက်အလယ်ပိုင်းရှိ ကက်ဆာရင်းတို့မှလွဲ၍ ဖြစ်ပွားခဲ့သမျှမီးလောင်ကျွမ်းမှုအားလုံးနီးပါးကိုထိန်းချုပ်နိုင်ခဲ့ကြောင်း ဘာဟီကသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

တူနီးရှားအမျိုးသား စောင့်ကြပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ခါလီဖာ ချီဘာနီက နေရောင်ထဲတွင် အပူချိန် ၅၇ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိပြီး အရိပ်ထဲတွင် ၄၇ ဒီဂရီဆဲလ်ဆီးရပ်စ်ရှိသည့် တူနီးရှားနိုင်ငံ၏ရက်သတ္တပတ်တစ်ပတ်ကျော်ကြာအောင်အပူလှိုင်းဝင်ရောက်ခဲ့မှုကိုကိုးကားလျက် သဘာဝအလျောက်ဖြစ်ပွားသည့် အပူချိန်ပြင်းထန်မှုများကြောင့် မီးလောင်မှုများပြင်းထန်ခဲ့ကြောင်း ပြောကြားခဲ့သည်။

မီးလောင်မှု အများစုကို ဖြစ်ပွားစေခဲ့သူများကို ဖမ်းဆီးထားကြောင်း ချီဘာနီက ကြေညာခဲ့သည်။ အချို့သစ်တောဧရိယာများတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားအောင်လုပ်ဆောင်ခဲ့သည်ဟု သံသယရှိသူအများစုမှာ အများပြည်သူဆိုင်ရာလုပ်ငန်းခွင်များအတွင်း ဝင်ရောက်လုပ်ကိုင်ခဲ့ကြဖူးသည့် အလုပ်သမားများဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်မှစတင်ကာ တူနီးရှားနိုင်ငံတွင် နွေရာသီရောက်တိုင်း မီးလောင်ကျွမ်းမှုများ ပိုမိုမြင့်တက်လာခဲ့သည်။

**(ဆင်ဟွာ)**

# လေဆိပ်လုံခြုံရေးကို စိန်ခေါ်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ




**ချူးစန္ဒီနွေး**

**ဩစတြေးလျနိုင်ငံမှာ လေယာဉ်ပျက်ကျစေဖို့ လျှို့ဝှက်ကြံစည်မှုပေါ်ပေါက်ပြီးတဲ့နောက်မှာတော့ နိုင်ငံတကာလေဆိပ်တွေရဲ့လုံခြုံရေးစနစ်ဟာ မေးခွန်းထုတ်စရာဖြစ်လာခဲ့ပါတယ်။ ခရီးသွားပြည်သူတွေရဲ့အသက်အန္တရာယ်လုံခြုံစိတ်ချရစေရေးအတွက် အကောင်းဆုံးနည်းလမ်းတွေရှာဖွေကြဖို့ မီးမောင်းထိုးပြလိုက်သလိုပါပဲ။**

လေဆိပ်တွေမှာ လုံခြုံရေးအရစစ်ဆေးတာကို လူတန်းရှည်ကြီးဟာ တန်းစီပြီးစောင့်ဆိုင်းနေရတယ်။ ခရီးဆောင်အိတ်တွေကိုလည်း အဆင့်မြင့်နည်းပညာတွေနဲ့ ထပ်ခါထပ်ခါစစ်ဆေးတယ်။ လုံခြုံရေးအရာရှိတွေဟာ အနံ့ခံခွေးတွေနဲ့အတူ လေဆိပ်မှာ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြတယ်။ အားလုံးခြုံကြည့်ရင် လေဆိပ်မှာ လုံခြုံရေးအပြည့်အဝချထားတာကို တွေ့ရမှာပါ။ ဩစတြေးလျနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ လေဆိပ်တွေအားလုံးမှာ ယခင်နဲ့မတူ လုံခြုံရေးအပြည့်အဝချထားပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲ။ ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာပဲ ဆစ်ဒနီလေဆိပ်မှာ လေယာဉ်ဗုံးခွဲတိုက်ခိုက်ဖို့ ကြံစည်ခဲ့တဲ့ လူလေးဦးကို ဖမ်းဆီးခဲ့ပါတယ်။ လေယာဉ်ဖောက်ခွဲဖို့ ကြံစည်ခဲ့တဲ့ထဲက လူနှစ်ယောက်ဟာ အဆိပ်ငွေ့တွေ ထုတ်လွှတ်ပေးမယ့်ပစ္စည်းတစ်ခုကို တပ်ဆင်ဖို့လည်း ကြိုးစားခဲ့တယ်လို့ ရဲတွေက ပြောပါတယ်။

သူတို့ရဲ့ပထမဦးဆုံးအကြံကတော့ ဇူလိုင် ၁၅ရက်မှာ ဖောက်ခွဲရေးပစ္စည်းကို လေယာဉ်ပေါ်မှာ တပ်ဆင်ဖို့ကြိုးစားတာပဲဖြစ်တယ်လို့ ဩစတြေးလျရဲဌာနချုပ်က သတင်းထုတ်ပြန်ခဲ့ပါတယ်။ အဆိပ်ဓာတ်ငွေ့ထုတ်လွှတ်ဖို့ကြိုးစားရာမှာလည်း မအောင်မြင်ခဲ့ဘူးလို့ သိရပါတယ်။ လေယာဉ်ဖောက်ခွဲဖို့အတွက် ဖောက်ခွဲရေးပစ္စည်းတွေကိုတော့ တူရကီဘက်ကနေ ကုန်ပစ္စည်းတင်လေယာဉ်နဲ့ သယ်ဆောင်လာခဲ့တာပဲဖြစ်ပါတယ်။ သူတို့ရဲ့အကြံအစည်တွေ မအောင်မြင်ခင် တနင်္ဂနွေနေ့မှာ ရဲတွေက ကြံစည်သူလေးဦးကိုဖမ်းမိခဲ့ပါတယ်။ သူတို့ထဲက နှစ်ဦးကိုတော့ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဆောင်ရန်ကြံစည်မှုနဲ့ ဆစ်ဒနီတရားရုံးမှာ တရားစွဲဆိုခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ဩစတြေးလျဝန်ကြီးချုပ်ဟာ အခြေအနေတွေ အားလုံးကို ကောင်းကောင်းထိန်းချုပ်နိုင်ပြီလို့ ကြေညာခဲ့ပါတယ်။

ရဲတွေလုံခြုံရေးတင်းကျပ်ရတာဟာလည်း ဩစတြေးလျမှာ အကြမ်းဖက်တိုက်ခိုက်မှုမဖြစ်ပွားစေရေး ကာကွယ်ရတာပါလို့ ဝန်ကြီးချုပ်က ပြောပါတယ်။ ခရီးသွားပြည်သူတွေဟာလည်း ထပ်ခါထပ်ခါစစ်ဆေးတာကို မငြိုငြင်သင့်ပါဘူး။ ဒီအတွက်လည်း ပြင်ဆင်ထားသင့်ပါတယ်။ အခုအချိန်မှာ အကြမ်းဖက်တိုက်ခိုက်မှုဆိုတဲ့ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်နေရတော့ အဘက်ဘက်ကလုံခြုံစိတ်ချရအောင် ပြုလုပ်ထားနိုင်ကာမှ တော်ကာကျမှာပါ။

ဩစတြေးလျစုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ ၂၀၁၁ ခုနှစ်ကထက်စာရင် ၂၀၁၇ ခုနှစ်မှာပိုပြီး ခိုင်မာအားကောင်းလာတယ်လို့လည်း သိရပါတယ်။ အကြမ်းဖက်တိုက်ခိုက်ဖို့ကြံစည်မှု ၁၃ ခုကိုလည်း ဩစတြေးလျစုံစမ်းစစ်ဆေးရေးအဖွဲ့က ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အကြမ်းဖက်မှုတုံ့ပြန်ရေးနဲ့ လေကြောင်းကျွမ်းကျင်သူအချို့ကတော့ ယခုလက်ရှိလုပ်ကိုင်နေတဲ့ လုံခြုံရေးတင်းကျပ်မှုပုံစံဟာ လေကြောင်းပျံသန်းမှု လုံခြုံစိတ်ချရစေရေးအတွက်တော့ ပြည့်စုံလုံလောက်မှုမရှိသေးဘူးလို့ ဆိုပါတယ်။ ဩစတြေးလျဝန်ကြီးချုပ်ကတော့ လုံခြုံရေးတိုးမြှင့်ထားတာနဲ့ ပတ်သက်ပြီး အကျယ်တဝင့်ရှင်းပြတာမျိုးမလုပ်လိုပါဘူး။ ဒါပေမယ့် သတင်းထောက်တွေက လေဆိပ်မှာလုံခြုံရေးတွေ အားနည်းနေသလားဆိုပြီး မေးခွန်းထုတ်လာတဲ့အခါမှာတော့ ဩစတြေးလျ ရဲမင်းကြီးက လေဆိပ်မှာသူတို့စီစဉ်ထားတဲ့လုံခြုံရေးအစီအစဉ်တွေဟာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံနဲ့မဆိုယှဉ်နိုင်တယ်လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။

အခုလိုအကြမ်းဖက်တိုက်ခိုက်မှုတွေ ခဏခဏပေါ်နေတဲ့ကာလမှာ နိုင်ငံအသီးသီးဟာလည်း သူတို့လေဆိပ်တွေ လုံခြုံမှုရရှိအောင်ကိုယ့်နည်းကိုယ်ဟန်နဲ့ ဆောင်ရွက်နေကြပါတယ်။ အစ္စရေးမှာဆိုရင် ခရီးသည်တွေဟာ ခရီးဆောင်အိတ်သယ်ယူဖို့စောင့်ဆိုင်းနေစဉ်မှာ ကျောင်းသားတွေဟာ ခရီးသွားတွေနဲ့အတူ စကားစမြည်ပြောပေးပါတယ်။ ဒီလိုပြောပေးခြင်းအားဖြင့် အစ္စရေးကို ရရှိခဲ့ပါတယ်။ အဓိက လက်သည်တရားခံကတော့ အိုင်အက်စ်တွေပဲဖြစ်ပါတယ်။ အခုအခါမှာတော့ အကြမ်းဖက်သမားတွေအဓိကပစ်မှတ်ထားတိုက်ခိုက်တဲ့နေရာတွေဟာ လူစည်ကားတဲ့နေရာတွေဖြစ်တဲ့ လေဆိပ်တွေ၊ ဘူတာရုံတွေနဲ့ အားကစားပြိုင်ပွဲတွေ ဖြစ်လာပါတယ်။ လူအများအပြားကို ထိခိုက်စေဖို့ ရည်ရွယ်တာပဲဖြစ်ပါတယ်။

ဒီလိုပါပဲ ၂၀၁၅ နိုဝင်ဘာ ၁၃ ရက်မှာလည်း ပါရီမှာ အကြမ်းဖက်တိုက်ခိုက်မှုကြီး ဖြစ်ပွားခဲ့ပါတယ်။ ကော်ဖီဆိုင်တွေ၊ စားသောက်ဆိုင်တွေမှာ ဝင်ရောက်ပစ်ခတ်ခဲ့ပါတယ်။ လူပေါင်း ၁၃၀ ကျော်သေဆုံးခဲ့ပြီး ၃၆၈ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ အဲဒီထဲက လူပေါင်း ၁၀၀ ကတော့ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါတွေကို ကြည့်မယ်ဆိုရင် အကြမ်းဖက်သမားတွေ အဓိကပစ်မှတ်ဟာ လူစည်ကားရာနေရာတွေဖြစ်တယ်ဆိုတာ ပြသနေတာပါပဲ။ တိုက်ခိုက်မှုမျိုး ထပ်မံမဖြစ်ပွားအောင် တားဆီးကာကွယ်မှုတွေလုပ်တယ်'' လို့ ပြောပါတယ်။

အကြမ်းဖက်တိုက်ခိုက်ဖို့ ကြံစည်မှုပေါ်ပေါက်ပြီးတဲ့နောက်ပိုင်း ဆစ်ဒနီလေဆိပ်မှာ ခရီးသည်တွေကို စစ်ဆေးမှုတွေ ပိုမိုပြုလုပ်လာတယ်။ အဆင့်မြင့်နည်းပညာတွေ အသုံးပြုပြီး ခရီးဆောင်အိတ်တွေကိုစစ်တယ်။

ဖောက်ခွဲရေးပစ္စည်းတွေကို ခြေရာခံတဲ့စက်တွေနဲ့ စစ်ဆေးတယ်။ ဒေါက်တာကော်နေးလ်ကတော့ "လေဆိပ်မှာ လုံခြုံရေးအင်အားတွေ အများကြီးထားတာကို ရေရှည်မှာတော့ လုပ်ဆောင်နိုင်ဖို့ မသေချာဘူးလို့ဆိုပါတယ်။ ဘာလို့လဲဆိုရင် လေဆိပ်မှာ လုံခြုံရေးတွေ စုပုံနေခြင်းအားဖြင့် မြို့ထဲမှာ လုံခြုံရေးအင်အားလျော့သွားမယ်။ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နိုင်ဖို့ အားနည်းသွားမယ်။ လေကြောင်းလိုင်းဘာကြောင့်လာရောက်တယ်၊ နေထိုင်စဉ်အတွင်းမှာ ဘာတွေကြုံတွေ့ခဲ့တယ်ဆိုတာကို အလိုလိုသိပြီးသားဖြစ်သွားမှာပါ။



ကမ္ဘာ့နေရာအနှံ့အပြားမှာဆိုရင်လည်း အကြမ်းဖက်ခြိမ်းခြောက်မှုတွေနဲ့ ကြုံတွေ့တဲ့အခါ ဒါမှမဟုတ် ဗုံးပေါက်ကွဲတဲ့အခါမှာတော့ လုံခြုံရေးတင်းကျပ်တာတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ ပိုမိုစေလွှတ်တာတွေ ပြုလုပ်စမြဲပါပဲ။ အဓိက ရည်ရွယ်ချက်ကတော့ ပြည်သူတွေရဲ့ယုံကြည် စိတ်ချရမှုပြန်လည်တည်ဆောက်နိုင်ဖို့ ကြိုးစားကြတာပါပဲ။ တကယ်တမ်းကျတော့ အကြမ်းဖက်တိုက်ခိုက်မှုကိုကြိုတင်ကာကွယ်ဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စပါပဲ။ အဘက်ဘက်က အခက်အခဲတွေအများကြီးပါ။

ဩစတြေးလျမှာတင်မကပါဘူး။ ၂၀၁၆ ခုနှစ် မတ်လ ၂၂ ရက်နေ့ကလည်း ဘရပ်ဆဲလ်မြို့က လေဆိပ်နဲ့ မြေအောက်ဘူတာမှာ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပါတယ်။ အရပ်သား ၃၂ ဦး သေဆုံးခဲ့ပါတယ်။ လူပေါင်း ၃၀၀ ကျော် ဒဏ်ရာ

ဒါကြောင့်မို့ လေဆိပ်တွေမှာ လုံခြုံရေးအပြည့်အဝရရှိဖို့ဟာ တကယ်ပဲလိုအပ်ပါတယ်။ ခရီးသွားပြည်သူတွေ လုံခြုံစိတ်ချစွာ သွားလာစီးနင်းနိုင်ဖို့၊ ယုံကြည်စိတ်ချရတဲ့ လုံခြုံရေးတည်ဆောက်နိုင်ဖို့ အရေးကြီးပါတယ်။ ဩစတြေးလျမဟာ ဗျူဟာမူဝါဒ အင်စတီကျူ့မှ နယ်စပ်လုံခြုံရေးခေါင်းဆောင် ဒေါက်တာဂျွန်ကော်နေးလ်က "အကြမ်းဖက်တိုက်ခိုက်မှုခံရပြီးတဲ့အခါ ဒါမှမဟုတ် အကြမ်းဖက်တိုက်ခိုက်ဖို့ ကြံစည်တဲ့သတင်းတွေရလာပြီဆိုရင် အစိုးရက ပထမဦးဆုံးလုပ်ဆောင်တဲ့အလုပ်ကတော့ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး သူတို့တစ်ခုခုလုပ်ဆောင်နေတယ်ဆိုတာ ပြည်သူတွေကို ချပြပါတယ်။ ဒါမှသာ ပြည်သူတွေကို စိတ်ချလုံခြုံမှုပေးစွမ်းနိုင်မှာပါ။ ပြီးရင်တော့ အစိုးရတာဝန်ရှိသူတွေဟာ သတင်းတွေကို ရနိုင်သမျှ စုဆောင်းတယ်။ တိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့နေရာမှာ လုံခြုံရေးတွေ တင်းကျပ်တယ်။ အဲဒီနောက်မှာတော့ အလားတူတွေကလည်း ပိုက်ဆံတွေ ပိုပြီးကုန်ကျလာမယ်။ လုံခြုံရေးအင်အား များလာလို့ ခရီးသွားတွေ စိတ်ချလာရပေမယ့် တစ်ဖက်ကလည်း ထည့်တွက်စရာတွေက အများကြီးရှိလာတယ်'' လို့ ပြောပါတယ်။ အချို့နိုင်ငံတွေမှာဆိုရင်လည်း လေယာဉ်ပေါ်မှာ လက်တော့ပ်သယ်ဆောင်ခြင်းကို ပိတ်ပင်ထားပါတယ်။

ဩစတြေးလျမှာဖြစ်ပွားခဲ့တဲ့ လေဆိပ်မှာ တိုက်ခိုက်ဖို့ကြံစည်ခဲ့တာကိုကြည့်ရင် ကမ္ဘာ့လေဆိပ်ကြီးတွေမှာ ကျင့်သုံးနေတဲ့ လုံခြုံရေးစနစ်ဟာ တကယ်ပဲအလုပ်ဖြစ်ပါ့မလားဆိုတာ သုံးသပ်ဖို့ အချိန်ကျလာပါပြီ။ ဩစတြေးလျမှာသာမက ကမ္ဘာ့နိုင်ငံအချို့မှာလည်းအလားတူ ကြံစည်တိုက်ခိုက်ခံရမှုတွေရှိနေတော့ အကြမ်းဖက်တိုက်ခိုက်မှုဟာ ပြည်သူလူထုကို အမှန်ပဲ ခြိမ်းခြောက်လာပါတော့တယ်။

**ကိုးကား**

**(BBC၊ Wikipedia)**

**ခရီးသွားပြည်သူတွေဟာလည်း ထပ်ခါထပ်ခါ စစ်ဆေးတာကို မငြိုငြင်သင့်ပါဘူး။ ဒီအတွက်လည်း ပြင်ဆင်ထားသင့်ပါတယ်။ အခုအချိန်မှာ အကြမ်းဖက် တိုက်ခိုက်မှုဆိုတဲ့ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်နေရတော့ အဘက်ဘက်ကလုံခြုံစိတ်ချရအောင် ပြုလုပ်ထားနိုင်ကာမှ တော်ကာကျမှာပါ**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

**ယမန်နေ့မှ အဆက်**

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော နည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သည် အသစ်ဖြစ်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ထားသည့် တူညီသော မည်သည့်ထုတ်ကုန်ပစ္စည်းကိုမဆို ဆန့်ကျင်ကွဲလွဲသည့် သက်သေမပြနိုင်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသောနည်းစဉ်ဖြင့် ထုတ်လုပ်ထားသည်ဟု မှတ်ယူရမည်။

(ဂ) တရားရုံးသည် ယင်း၏ ရှေ့မှောက်၌ စွဲဆိုလာသော တရားစွဲဆိုမှုများအတွက် ပုဒ်မခွဲ (က) အရ သက်သေခံအထောက်အထားတင်ပြရန် တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် တရားပြိုင်က ယင်း၏ ထုတ်လုပ်မှုနည်းစဉ်များနှင့်စီးပွားရေးဆိုင်ရာလျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်း မရှိခဲ့လျှင် ထိုသူ၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၁၀၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက် သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန်အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏ တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့်သက်သေခံ အထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့် စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့်အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ်အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့်ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၁၀၂။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားစေရန် ထိပါးချိုးဖောက်သူအပေါ် အမိန့်ချမှတ်နိုင်သည်။

၁၀၃။ တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် တရားမကျင့်ထုံးဥပဒေတို့ပါပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း(၂၃)**

**ပြစ်ဒဏ်များ**

၁၀၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သော သဘော ဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက်နှင့်အတူ တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်သည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း၊

(ဃ) တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၁၀၅။ မည်သူမဆို ထုတ်ကုန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းထားခြင်းမရှိဘဲဖြစ်စေ၊ တင်သွင်းထားခဲ့သည့် လျှောက်ထားချက်ကို ငြင်းပယ်ခံထားရလျက်ဖြစ်စေ တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက်ကို တင်သွင်းထားသည်ဟု လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ရရှိပြီးဖြစ်သည်ဟု လည်းကောင်း တစ်နည်းနည်း ဖြင့် မမှန်မကန် ဖော်ပြကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၆။ မည်သူမဆို တရားရုံးက ပုဒ်မ ၁၀၂ အရ ချမှတ်သော အမိန့်ကိုလိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

**အခန်း (၂၄)**

**အထွေထွေ**

၁၀၇။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ တီထွင်မှု မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၁၀၈။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူကို တင်ပြကြားနာခွင့်ပေးရမည်။

၁၀၉။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော တီထွင်မှုမူပိုင်ခွင့် လက်မှတ် မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာ တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၁၁၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော တရားမမှုများတွင် သက်သေခံပစ္စည်းသည် တရားရုံးရှေ့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက်စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာ တရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၁၁။ လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့်နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပါက ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မှတ်ပုံတင်ထားသောတီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ် ရှေ့နေမှတစ်ဆင့် ဤဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားနိုင်သည်။

၁၁၂။ တီထွင်ထားသည့် ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ် တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို ရှိစေကာမူ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအဖြစ် မှတ်ယူရမည်။

၁၁၃။ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာ မဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၁၄။ တီထွင်မှုမူပိုင်ခွင့် အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက်ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင် ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည်-

(၁) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

## ထိုင်းရောက် မြန်မာအလုပ်သမားများ ဆက်လက်ဝင်ရောက်

**ဘုရားသုံးဆူ ဩဂုတ် ၆**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ အမှတ် ၁ ရပ်ကွက်၊ ဂေါက်ကွင်းလမ်း၊ ဘုရားသုံးဆူနယ်စပ်သွပ်ပြားပေါက်မှ ဩဂုတ် ၄ ရက်က ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ပြန်လည်ဝင်ရောက်လာခဲ့ရာ မြို့နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများ၊ မြို့အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် လူမှုရေးအဖွဲ့များက ကြိုဆိုခဲ့ကြသည်။

နံနက် ၉ နာရီမှ စတင်ဝင်ရောက်ခဲ့ရာ ၁၁ နာရီအချိန်အထိ ၁၄၉ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မယ်စကြာဝဠာရွေးပွဲတွင် အလှမယ် ၃၀ ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၆**

မယ်စကြာဝဠာပြိုင်ပွဲ မြန်မာ ၂၀၁၈ အတွက် မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၃၀ မှ ကိုယ်စားပြုဆန်ခါတင် အလှမယ် ၃၀ က စက်တင်ဘာလကုန်ပိုင်းတွင် ကျင်းပပြုလုပ်မည့် မယ်စကြာဝဠာရွေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ကတော့ ကျွန်မတို့ မယ်စကြာဝဠာမြန်မာ ၂၀၁၈ အတွက် ရွေးချယ်ထားတဲ့ ပြိုင်ပွဲဝင်မယ့် ဆန်ခါတင်ရွေးချယ်ထားတဲ့ ပြိုင်ပွဲဝင်တွေနဲ့ စာနယ်ဇင်းမိတ်ဆက်ပေးတာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကတော့ ခြောက်ကြိမ်မြောက်လုပ်တာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲဝင်တွေက မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ကြီးပေါင်း ၃၀ မှ ရွေးချယ်ထားတာဖြစ်ပါတယ်။ ဒီထဲကနေ နိုင်ငံကိုယ်စားပြု မယ်စကြာဝဠာမြန်မာကို စက်တင်ဘာ ၃၀ ရက်မှာ အခမ်းအနားဆုံးကျင်းပပြီး ရွေးချယ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု Gandamar Grand Ballroom ၌ ဩဂုတ် ၄ ရက်က ကျင်းပပြုလုပ်သော စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားတွင် Miss Universe Myanmar မှ ဒါရိုက်တာ ဒေါ်စိုးယုဝေက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် မယ်စကြာဝဠာပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှ ပြန်လည်စတင်ကာ နှစ်ပေါင်း ၅၀ ကျော်အတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ခြောက်ကြိမ်မြောက်ရှိသွားပြီဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မှ စတင်ကာမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စိတ်ပါဝင်စားသူ အမျိုးသမီးငယ်များ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိစေရန် ရည်ရွယ်၍ မြို့ကြီးများ၌ အကြိုပြိုင်ပွဲများပြုလုပ်ပြီး ကိုယ်စားပြုအလှမယ်များ ရွေးချယ်ခဲ့ကြောင်း ဒေါ်စိုးယုဝေက ဆက်လက်ပြောကြားသည်။

အဆိုပါ မယ်စကြာဝဠာမြန်မာပြိုင်ပွဲကြီး မကျင်းပမီ Gandamar Wholesale ၌ပင် လာမည့် ဩဂုတ် ၂၅ ရက်တွင် ပြိုင်ပွဲဝင်များ၏ ရိုးရာဝတ်စုံပြိုင်ပွဲကြီးကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် မယ်စကြာဝဠာမြန်မာ ၂၀၁၈ ခုနှစ်အတွက် Gandamar Grand Ballroom ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**



## အနောက်သီရိကျေးရွာ ရွှေ့ပြောင်းနိုင်ရေး ထောက်ပံ့ငွေပေးအပ်

**ပခုက္ကူ ဩဂုတ် ၆**

ပခုက္ကူမြို့နယ် ဆိပ်ခွဝအုပ်စု အနောက်သီရိကျေးရွာ မြေကမ်းပါးပြိုကျမှုကြောင့် နေရာသစ်သို့ ရွှေ့ပြောင်းနိုင်ရေး ထောက်ပံ့လှူဒါန်းငွေပေးအပ်ပွဲကို ဩဂုတ် ၄ ရက်က ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရွှေ့ပြောင်းအိမ်ထောင်စု တစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၆၈ သိန်း၊ ရွှေ့ပြောင်းနေရာအသစ် မြေယာရှင်းလင်းခြင်းအတွက် ငွေကျပ် ၂၂ သိန်း၊ စေတီတော်နှင့် ဘုန်းတော်ကြီးကျောင်းပြန်လည်တည်ဆောက်နိုင်ရေးတွက် ငွေကျပ်သိန်း ၄၀၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ရိက္ခာဆန်ဖိုးငွေနှင့်အိမ်ဆောက်ပစ္စည်းအတွက် ငွေကျပ်သိန်း ၇၅ဒသမ ၈၃၀ တို့ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

အနောက်သီရိကျေးရွာ နေရာသစ်ရွှေ့ပြောင်းနိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ နယ်မြေခံတပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဒေသခံပြည်သူများဖြင့် ရွှေ့ပြောင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်အောင်ဝင်း**

### ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင်လ ၃၀ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၇ ကော်လံ ၅ တွင်ပါရှိသော "ကလေးဝဆည်ကြီး-အင်ဒုတ်ကြိုးတံတားနှင့် ယုဇလယ်-ဆည်ကြီးလမ်းရှိ သစ်သားတံတား ရေတိုက်စား မျောပါ" သတင်းတွင် "နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့်" အစား "စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သည်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ချင်းတွင်းသား**



**မွန်ပြည်နယ် မုဒုံမြို့ (၁)ရပ်ကွက်ရှိ အထက(၁)ကျောင်းတွင် မြို့နယ်ရဲမှူးမြအောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှသန်းတို့ ပါဝင်သောအဖွဲ့သည် ဩဂုတ် ၃ ရက်က ကျောင်းသား ကျောင်းသူများကို လတ်တလော ဖြစ်ပွားလျက်ရှိသည့် ရာသီတုပ်ကွေး ရောဂါအကြောင်းနှင့် မူခင်းပညာပေးအကြောင်း အသိပညာပေး ဟောပြောကြစဉ်**

(မော်လမြိုင်-ကိုယ်ပွား)


# စပါးခင်းများတွင် ကျရောက်တတ်သည့် ဖျက်ပိုးမွှားများနှင့် အပင်ပိုးမွှားရောဂါကာကွယ်နည်းများ

ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ၊ ရေဆင်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးထဲကမှ ဆန်စပါးကို အဓိက သီးနှံအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။ ယခုအခါ စပါးစိုက်ပျိုးရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် မိုးရာသီစပါးများကို စိုက်ပျိုးနေကြပြီဖြစ်သည်။

တောင်သူဦးကြီးများ၏ စပါးခင်းများတွင် ပိုးကျ၍သော် လည်းကောင်း၊ မိုးရေကြောင့် စပါးခင်းများတွင် ရေများဝင်ရောက်၍သော် လည်းကောင်း၊ ရာသီဥတုဖောက်ပြန်၍ သော် လည်းကောင်းပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ အချို့ စိုက်ခင်းများမှာ ရောဂါပိုးကျရောက်၍ သော်လည်းကောင်း၊ သီးနှံဖျက်ပိုးများကျရောက်၍သော်လည်းကောင်း အထွက်နှုန်းမှာ ထက်ဝက်ကျော်လောက် ကျဆင်းခဲ့ရသည်ကိုလည်း တွေ့ရသည်။

ယခုအခါ တိုင်းဒေသကြီးအသီးသီးတွင် ရာသီဥတုဖောက်ပြန်၍ စပါးခင်းများတွင် ခရုများ ကျရောက်ခြင်း၊ စပါးဆစ်ပိုးရောဂါများ ကျရောက်ခြင်း၊ စပါးရွက်ခြောက်ရောဂါများ ကျရောက်ခြင်း၊ ဖြုတ်ပိုးများကျရောက်ခြင်း၊ စပါးရွက်လိပ်အိမ်ပိုး၊ စပါးကြက်သွန်မြိတ်ပိုး စသည့် သီးနှံဖျက်ပိုးများကျရောက်နေမည်ကို



စပါးရွက်လိပ်အိမ်ပိုးကို တွေ့ရစဉ်

တောင်သူများ စိုးရိမ်လျက်ရှိသည်။ စပါးခင်းများတွင် မကဘဲပဲခင်းများ၊ နှမ်းခင်းများ၊ ငရုတ်ခင်းများ၊ ပြောင်းခင်းများစသည့် စိုက်ခင်းအသီးသီးတွင် လည်းရောဂါပိုးအမျိုးမျိုး ကျရောက်လျက်ရှိသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ အဆိုပါရောဂါများကို ကာကွယ်နိုင်ရန်အတွက် စပါးစိုက်ခင်းများတွင် ကျရောက်တတ်သည့် ဖျက်ပိုးမွှားများနှင့် အပင်ပိုးမွှားရောဂါကာကွယ်နည်းများကို အနည်းငယ်တင်ပြပေးမည် ဖြစ်ပါသည်။

**စပါးသီးနှံတွင်ကျရောက်သောဖျက်ပိုးများ**

**လှေးပိုး**

လှေးပိုးမှာ ပိုးမမယ်မှ အကောင်ကြီးပုံစံ စပါးဖျက်ပိုးဖြစ်သည်။ လှေးပိုးသည် စပါးအရွက်များကို ခြစ်စားတတ်ပြီး စပါးပင်များတွင် လှေးပိုးကျရောက်ပါက လှေးပိုးခြစ်စားထားသောကြောင့် အရွက်ထိပ်ဖျားများခြောက်ကာ လိပ်နေသော လက္ခဏာများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။ လှေးပိုးကျရောက်လျှင် ကာကွယ်နှိမ်နင်းနည်းများမှာ စပါးခင်းကို နှစ်ရက်ခန့် ရေလွှမ်းပေးခြင်း၊ ပင်လုံးပြန့်နှင့် ထိသေပိုးသတ်ဆေး တစ်မျိုးမျိုးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**စပါးရွက်ယင်ကောင်**

စပါးပင်များတွင် စပါးရွက်ယင်ပိုးကျရောက်ပါက စပါးရွက်ယင် ကျရောက်ဖျက်ဆီးမှုကြောင့် စပါးရွက်တွင် တံစဉ်ကွေးပုံသဏ္ဌာန် လက္ခဏာများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။ စပါးရွက်ယင်ကောင်ကျရောက်လျှင် ကာကွယ်နှိမ်နင်းနည်းများမှာ ရွှေ့ပြောင်းစိုက်ပျိုးပြီး ၃၀ ရက်အတွင်းတွင် ၃-၄ ရက်ခြားတစ်ခါ ရေထုတ်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးပြီး ၃၀ ရက် အတွင်းတွင် စပါးခင်း၏ ၂၀ ရာခိုင်နှုန်းပျက်စီးပါက ကာဘိုဖျူရမ် ၃ ဂျီ (သို့မဟုတ်) ၅ဂျီ ဆေးအခဲကိုကြဲပေးခြင်းများ ပြုလုပ်ပေးနိုင်ကြောင်း သိရသည်။



စိုက်ခင်းအတွင်း ပိုးမွှားကျရောက်မှုများကို စစ်ဆေးနေစဉ်

**စပါးရွက်လိပ်အိမ်ပိုး**

စပါးပင်များတွင် စပါးရွက်လိပ်အိမ်ပိုးများ ကျရောက်ပါက စပါးရွက်လိပ်အိမ်ပိုး၏ ဖျက်ဆီးမှုလက္ခဏာများမှာ စပါးအရွက်ပေါ်တွင် အပေါက်များဖြစ်ကာ စပါးရွက်များ ပြတ်ကျခြင်းများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။ ကာကွယ်နှိမ်နင်းနည်းများမှာစပါးခင်းကို ရေထုတ်ထားခြင်းဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ ကာဘိုဖျူရမ် ၃ ဂျီ (သို့မဟုတ်) ၅ ဂျီကြဲပက်ခြင်း ပြုလုပ်ပေးနိုင်ကြောင်း သိရသည်။

**စပါးကြက်သွန်မြိတ်ပိုး**

စပါးကြက်သွန်မြိတ်ပိုး၏ ပုံသဏ္ဌာန်မှာ



စပါးရွက်ယင် ကျရောက်ဖျက်ဆီးမှုကြောင့် စပါးရွက်တွင် တံစဉ်ကွေးပုံသဏ္ဌာန်ဖြစ်နေစဉ်

ဥမြုံမှ ပိုးလောက်ကောင်ဖြစ်ကာ အကောင်ကြီးပုံစံဖြစ်သည်။ စပါးကြက်သွန်မြိတ်ပိုး၏ ဖျက်ဆီးမှုလက္ခဏာမှာ စပါးအရွက်ပေါ်တွင် ကိုက်ဖြတ်စားသောက်တတ်ပြီး စပါးပင်ပွားများမှာ ကြက်သွန်မြိတ် ပုံသဏ္ဌာန်ဖြစ်ပေါ်နေတတ်ကြောင်း သိရသည်။ ကာကွယ်နှိမ်နင်းနည်းများမှာ စပါးခင်းကိုရေလွှမ်းခြင်း၊ ရေထုတ်ခြင်း၊ စိုက်ပျိုးချိန်ကို ရွှေ့စိုက်ခြင်း၊ ပင်လုံးပြန့် အာနိသင်ရှိပိုးသတ်ဆေးအခဲတစ်မျိုးမျိုးကိုထည့်ခြင်း ပြုလုပ်ပေးရကြောင်း သိရသည်။

**အဝါရောင်စပါးဆစ်ပိုး**

အဝါရောင်စပါးဆစ်ပိုးမှာလည်း ဥမြုံဘဝမှ ပိုးလောက်ကောင်၊ ပိုးရုပ်ဖုံး၊ အကောင်ကြီးအထိဖြစ်သည်။ အဆိုပါပိုးမှာ အထီး၊ အမပုံစံမှာ ပုံသဏ္ဌာန်ကွဲပြားသည်။ အဝါရောင်စပါးဆစ်ပိုးမှာ ဖုံးတုံးလုံးတုံးအချိန်မှစ၍ စပါးပင်ကို ဖျက်ဆီးတတ်ပြီး နှံဖြူလက္ခဏာ၊ အူပုပ်လက္ခဏာ၊ ရွှေ့ပြောင်းစိုက်ပျိုးပြီး ပင်ပွားထွက်ချိန်တွင် ရွက်ခြောက်ပုံစံလက္ခဏာတို့ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။ ကာကွယ်နှိမ်နင်းနည်းများမှာ ပျိုးခင်းတွင် အဝါရောင်စပါးဆစ်ပိုးကျရောက်ပါက ဥမြုံများကို လက်ဖြင့် ကောက်ယူကာဖယ်ရှားနှိမ်နင်းနိုင်သည်။ ထို့အပြင် စပါးရိတ်သိမ်းပြီးသောအခါ ရိုးပြတ်များကို ထယ်မှောက်ကာ ရေလွှမ်းထားခြင်း၊ ပင်ပွားထွက်ချိန်တွင် ကာဘိုဖျူရမ် ၃ဂျီ (သို့မဟုတ်) ၅ ဂျီကို ရေသွင်းထားသော စပါးခင်းအတွင်းသို့ ထည့်ခြင်း၊ ပင်ပွားထွက်ချိန် ကျော်လွန်ခါနီးတွင် ကျရောက်ပါကပင်လုံးပြန့် ပိုးသတ်ဆေးတစ်မျိုးမျိုးဖျန်းခြင်းတို့ ပြုလုပ်နိုင်ကြောင်း သိရသည်။

**စပါးလောင်မီးပိုး (သို့မဟုတ်) ကျောက်ဆူးပိုး**

စပါးလောင်မီးပိုး (သို့မဟုတ်) ကျောက်ဆူးပိုး ကျရောက်ပါက စပါးရွက်ကို ခြစ်စားသောကြောင့် အရွက်များခြောက်ကာ မီးလောင်ထားသကဲ့သို့ လက္ခဏာတွေ့ရသည်။ ကာကွယ်နှိမ်နင်းနည်းများမှာ ကန်သင်းပေါ်နှင့် စပါးခင်းအနီးရှိ



စပါးကြက်သွန်မြိတ်ပိုးကျရောက်၍ စပါးပင်များ ကြက်သွန်မြိတ်ပုံဖြစ်နေပုံ

စပါးရိုးပြတ်များ၊ မြက်ရိုင်းများနှင့် အခြားသော ပေါင်းပင်များကို ဖယ်ရှားခြင်း၊ စိုက်ပျိုးချိန်ကို ပုံမှန်စိုက်ချိန်ထက် စော၍စိုက်ပျိုးခြင်း၊ စပါးရွက်ထိပ်များကိုဖြတ်ပေးခြင်းများ ပြုလုပ်နိုင်သည်။

**စပါးဖြုတ်ညို**

စပါးဖြုတ်ညိုမှာ ဥမြုံမှ ပိုးမမယ်၊ အကောင်ကြီး (အတောင်တို) အကောင်ကြီး (အတောင်ရှည်) ဟူ၍ ဖြစ်သည်။ ဖြုတ်ညို၏ စားသောက်ဖျက်ဆီးမှုကြောင့် စပါးပင်များ ညိုးခြောက်ကာ ဖြုတ်လောင်လက္ခဏာကို တွေ့ရတတ်သည်။

ကာကွယ်နှိမ်နင်းနည်းများ စပါးခင်းကို (၃ ရက်မှ ၄ ရက်) ကြာမျှ ရေထုတ်ပေးခြင်း၊ ပိုးသတ်ဆေး ပုံမှန်ဖျန်းခြင်းမျိုးကို ရှောင်ရှားခြင်း၊ ပင်လုံးပြန့် ပိုးသတ်ဆေးတစ်မျိုးမျိုးကို ပက်ဖျန်းခြင်းများ ပြုလုပ်ပေးရသည်။

**ဖြုတ်စိမ်း**

စပါးပင်တွင် ဖြုတ်စိမ်းသယ်ဆောင်မှုကြောင့် စပါးရွက်တွင် အဝါရောင်အရွက်ဖြစ်စေသော ရောဂါနှင့် စပါးရွက်ဖုနှင့် ပင်တိုရောဂါတို့ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ ကာကွယ်နှိမ်နင်းနည်းများမှာ စပါးခင်းအတွင်းနှင့် ကန်သင်းပတ်လည်ရှိပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပျိုးပေါင်ကိုအမြင့် ၂ ပေရှိ နိုင်လွန်ဆန်ခါဖြင့် အုပ်ထားပေးခြင်းတို့ ပြုလုပ်ပေးရသည်။

**စပါးရွက်လိပ်ရွက်ကပ်ပိုး**

စပါးရွက်လိပ်ရွက်ကပ်ပိုး ကျရောက်ပါက စပါးရွက်ပေါ်တွင် ချပ်ပြားပုံသဏ္ဌာန်ဥများ ဖြစ်ပေါ်တတ်သည်။ ထို့အပြင် စပါးရွက်၏အနားနှစ်ဖက်ကို ပိုးချည်ဖြင့်ကပ်ကာအတွင်းတွင် ခြစ်၍ စားသောက်ဖျက်ဆီးတတ်သည်။ ကာကွယ်နှိမ်နင်းနည်းများမှာ ပင်ကြားတန်းကြားအကွာအဝေးကို ကျဲကျဲစိုက်၍ ပုလဲမြေဩဇာလျော့ကျွေးခြင်း၊ စိုက်ပျိုးချိန်ကို စောစိုက်ခြင်းတို့ ပြုလုပ်ပေးနိုင်သည်။

**နှံစုပ်ကြမ်းပိုး**

နှံစုပ်ကြမ်းပိုးကျရောက်ပါကလည်း စပါးရွက်ပေါ်တွင် ဖရဲစေ့ပုံသဏ္ဌာန်ဥများဥတတ်ပြီး နှံစုပ်ကြမ်းပိုးစုပ်စားမှုကြောင့် စပါးစေ့များပျက်စီးနိုင်ကြောင်း သိရသည်။ ကာကွယ်နှိမ်နင်းနည်းများမှာ ပေါင်းမြက်များကို စိုက်ပျိုးချိန်တွင်လည်းကောင်း၊ ရိတ်သိမ်းပြီးချိန်တွင် လည်းကောင်း ရှင်းလင်းပေးခြင်း၊ အဆီဖိတ်နှင့် ဖန်သီယွန်တို့ကို ဆေးညွှန်းပါအတိုင်း ပက်ဖျန်းခြင်းတို့ ဆောင်ရွက်ရမည်။

ပိုးသတ်ဆေးများ အသုံးပြုရာတွင်လည်း ရွေးချယ်သတ်နိုင်သော ပိုးသတ်ဆေးများကို သုံးစွဲခြင်း၊ အကျိုးပြုအင်းဆက်ပိုးများကို ထိရောက်မှုအနည်းဆုံး ပိုးသတ်ဆေးများကို သုံးစွဲခြင်း၊ ပန်းပွင့်ချိန်တွင် ဆေးဖျန်းခြင်းကိုရှောင်ရှားခြင်း၊ ကပ်လျက်စိုက်ခင်းများကို ဆေးမှုန်များ မလွင့်အောင် ဂရုစိုက်၍ ဆေးဖျန်းခြင်း၊ အင်း ဆက်ဖျက်ပိုးများအားလုံးကို နှိမ်နင်းခြင်းမပြုဘဲ စိုက်ခင်းထဲတွင် အနည်းငယ်ရှိစေခြင်းတို့ကို သတိထားဆောင်ရွက်ရမည်ဖြစ်သည်။

“ရောဂါကာကွယ်တဲ့ နည်းဆိုတာမှာလည်း ဓာတုပစ္စည်းတစ်ခုတည်း သုံးတာမဟုတ်ဘဲ နည်းမျိုးစုံသုံးတဲ့နည်းတွေနဲ့ ကာကွယ်လို့ရပါတယ်။ အပင်ရောဂါ ကျရောက်ဖို့ဆိုတာက အချက်သုံး ချက်လိုအပ်ပါတယ်။ သူ့ရဲ့လက်ခံပင်ကလည်းရှိမှ၊ သူ့ရဲ့လက်ခံပင်ပေါ်မှာ ကျရောက်မယ့် ရောဂါပိုးကလည်းရှိမှ ပတ်ဝန်းကျင်အခြေအနေကလည်း အခြေအနေပေးမှ ရောဂါကျရောက်နိုင်တာပါ။ ဒါတွေကို ကာကွယ်ဖို့ကတော့ အဲဒီသုံးချက်ထဲက တစ်ခုခုကို ဖြတ်တောက်နိုင်မယ်ဆိုကာကွယ်နိုင်မှာပါ။ နောက်ထပ် ကာကွယ်ဖို့ နည်းလမ်းစဉ်းစားတဲ့အခါမှာ ပတ်ဝန်းကျင်အခြေအနေ မပေးနိုင်တဲ့ဟာ လုပ်မလား။ သူ့ရဲ့အပင်ရောဂါဖြစ်စေတဲ့ သက်ရှိကိုပဲ တိုက်ရိုက်လုပ်မလား၊ ဒါမှမဟုတ် လက်ခံပင်ကိုပဲ ခံနိုင်ရည်ရှိအောင် လုပ်မလားစတဲ့နည်း အမျိုးမျိုးကို သုံးရပါတယ်”ဟု အပင်ရောဂါတွေ ကျရောက်နိုင်မှုနှင့် ကာကွယ်နိုင်မှုကို စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောကြားသည်။

ထို့အပြင် အဆိုပါရောဂါများကို ကာကွယ်နိုင်ရန်အတွက် ရောဂါကျနေကျကွင်းများတွင် သီးနှံပြောင်းစိုက်၍သော် လည်းကောင်း၊



စပါးရွက်လိပ်အိမ်ပိုး၏ ဖျက်ဆီးလက္ခဏာများ

ကွင်းကို လပ်ထားခြင်းဖြင့်သော်လည်းကောင်း ဘက်တီးရီးယား ပိုးမွှားများကို ကာကွယ်နိုင်သလို အပင်ရောဂါကျရောက်မှုကိုလည်း ကာကွယ်နိုင်ကြောင်း၊ လက်ခံပင်ကိုခံနိုင်ရည်ရှိသည့် မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းသည်လည်း အကောင်းဆုံးဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက သုံးသပ်ပြောကြားမှုများရှိသည်။

စိုက်ခင်းများတွင် ရောဂါပိုးများနှင့် သီးနှံဖျက်ပိုးများကျရောက်ပြီဆိုပါက နည်းလမ်းတစ်မျိုးထဲသုံးပြီး ကာကွယ်နှိမ်နင်းတာထက် နည်းလမ်းပေါင်းစုံသုံး၍ နှိမ်နင်းခြင်းသည်ပိုပြီး ထိရောက်ကြောင်း၊ ထို့အပြင် ရောဂါအများကြီးကျရောက်မှနှိမ်နင်းတာထက် ရောဂါလက္ခဏာ စပြီးတော့တွေ့သည်နှင့်လိုအပ်သည့် ပိုးသတ်ဆေးကို သုံးပေးရမည်ဖြစ်ကြောင်း၊ ခံနိုင်ရည်ရှိသည့် မျိုးများကိုသုံးထားပြီးဆိုလျှင် အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးရာရောက်ကြောင်း သိရသည်။

အဆိုပါ ပိုးများကျရောက်ပါက ကာကွယ်နှိမ်နင်းမှုပြုလုပ်ရမည့် အချိန်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**ကာကွယ်နှိမ်နင်းမှု ပြုလုပ်ရမည့် အချိန်**

| ဖျက်ပိုးများ | ပမာဏ |
|---|---|
| စပါးဖြုတ်ညို | ဖြုတ်ညို (၅) ကောင်/တစ်ရုံ |
| ကျောက်ဆူးပိုး (သို့) စပါးလောင်မီးပိုး | (၁-၂)အကောင်ကြီး/တစ်ရုံ |
| စပါးဆစ်ပိုး | ဥမြုံ (၁)မြုံ/တစ်မီတာပတ်လည် (သို့) ၅% အူပုပ်လက္ခဏာ |
| ငမြောင်တောင် | ပိုးလောက်ကောင် (၁)ကောင်/တစ်ရုံ |
| လှေးပိုး | (၁၀)ကောင်/တစ်ရွက် |
| စပါးရွက်ယင် | ၂၀% ပျက်စီးမှု |
| စပါးရွက်လိပ်အိမ်ပိုး | (၁-၂)ရွက်လိပ်အိမ်/တစ်ရုံ |
| စပါးရွက်လိပ်ရွက်ကပ်ပိုး | ပျက်စီးနေသောစပါးရွက်တစ်ရွက်/တစ်ရုံ |
| နှံစုပ်ကြမ်းပိုး | (၁-၂) အကောင်ကြီး/တစ်ရုံ |

# တရုတ်သို့ သကြားတင်ပို့မှုလျော့လာ၍ သကြားဈေး ဆက်တိုက်ကျဆင်း



**ရန်ကုန် ဩဂုတ် ၆**
ပြည်ပနိုင်ငံများမှ တင်သွင်းလာသည့် သကြားများကို Re-Export စနစ်ဖြင့် တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ခြင်း မရှိသေးသည့်အတွက် ပြည်တွင်းမှာ သကြားများပုံနေပြီး ဈေးနှုန်းများလည်း ဆက်တိုက်ကျဆင်းနေကြောင်း သကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ယခုနှစ် မေလအတွင်းက သကြား တစ်တန်လျှင် ကျပ် ၇၃၀၀၀၀ ကျော်ရှိရာမှ လက်ရှိ ဩဂုတ်လထဲတွင် သကြား တစ်တန်လျှင် ကျပ် ၆၈၀၀၀၀ ကျော်သာ ရှိတော့သည်အထိ ဈေးနှုန်းကျဆင်းသွားခဲ့ကြောင်း သကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးစိန်ထွန်းက ပြောသည်။

ဦးစိန်ထွန်းက "သကြံန်ပြီးတဲ့ အချိန်ကစပြီး တဖြည်းဖြည်းကျလာတာ။ မူဆယ်နယ်စပ်ကနေ တင်ပို့နေတဲ့သကြားတွေကို တရုတ်နိုင်ငံက မှောင်ခိုကုန်သွယ်မှုအနေနဲ့ သတ်မှတ်ဖမ်းဆီးနေလို့ တင်ပို့မှုလျော့ကျလာတာ။ စီးပွားကူးသန်းက Re-Export သကြားတင်သွင်းခွင့်လိုင်စင်အသစ်တွေ ထပ်မချပေးတော့ဘူးဆိုပေမယ့် အရင်ကမှာထားတဲ့ သကြားတွေက ရောက်လာတော့ ပြည်တွင်းမှာ ပုံသွားတာပေါ့"ဟု ပြောသည်။

ပြီးခဲ့သည့် ဇွန်လနောက်ဆုံးအပတ်မှ စတင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Re-Export စနစ်ဖြင့် သကြားတင်သွင်းခွင့်လိုင်စင်များကို ပြည်ပတင်ပို့မှုမှရရှိလာသည့်ဝင်ငွေ ပြနိုင်မှသာ လိုင်စင်အသစ် ထပ်မံထုတ်ပေးတော့မည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်ခြင်း အပါအဝင် မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် မြန်မာ့သကြားများကို တရုတ်နိုင်ငံက မှောင်ခိုကုန်သွယ်မှုအဖြစ် သတ်မှတ်ဖမ်းဆီးနေခြင်းတို့ကြောင့် သကြားတင်ပို့မှု လျော့ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သကြားကို Re-Export စနစ်ဖြင့် ကုန်သွယ်မှုတွင် နှစ်စဉ် တန်ချိန်နှစ်သန်းခန့် ရှိခဲ့ကြောင်းနှင့် ယခုနှစ်တွင် တန်ချိန် တစ်သိန်းကျော်ထိ တင်သွင်းထားသော်လည်း အနည်းငယ်သာ ပြန်လည်တင်ပို့နိုင်ခြင်းကြောင့် ကုန်သည်များ အရှုံးပေါ်နေကြောင်း၊ ထိုအကျိုးဆက်က ပြည်တွင်းမှ ကြံတောင်သူများထံ ရိုက်ခတ်နိုင်ကြောင်း သိရသည်။

မန္တလေးမြို့မှ သကြားကုန်သည် ဦးသီဟက "စီးပွားကူးသန်းက Re-Export လိုင်စင်တွေကိုအမြောက်အမြား ချပေးထားတော့ Export တွေက အများကြီးဝင်တယ်။ တချို့ဆို သင်္ဘောရွေး စရာတောင် ပိုက်ဆံမရှိဘူး။ အဲ့ဒီသကြားတွေက ပြန်မတင်ပို့နိုင်တော့ ပြည်တွင်းမှာ စုပုံနေတာ။ အဲ့ဒီသကြားတွေကို ပြည်တွင်းဈေးကွက်မှာ အပြိုင်အဆိုင် ဈေးလျှော့ပြီး ရောင်းနေကြတာလေ။ ဒီအကျိုးဆက်ကတော့ ကြံတောင်သူတွေပဲ ခံရဖို့များနေပြီ"ဟု ပြောသည်။

မြန်မာနိုင်ငံမှ ကုန်သည်များသည် သကြားကိုဘရာဇီးလ်၊ ကာတာ၊ ယူအေအီး၊ အိန္ဒိယ စသည့်နိုင်ငံများမှ တင်သွင်းပြီး Re-Export စနစ်ဖြင့် တရုတ်နိုင်ငံသို့ အဓိက တင်ပို့ရောင်းချနေခြင်းဖြစ်ကာ လက်ရှိအချိန်တွင် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ Re –Export စနစ်ဖြင့် သကြားတင်သွင်းမှုကို တစ်နှစ်ခန့် ပိတ်ထားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ လက်ရှိအချိန်တွင် ပြည်တွင်း၌ သကြားတန်ချိန် တစ်သိန်းကျော်အထိ သောင်တင်နေကြောင်း သိရသည်။

**ဖြိုးလွင်အောင်**(AMIA)
**ဓာတ်ပုံ-ထက်အောင်**(AMIA)

# မကွေးဒေသထွက်နှမ်းများ အရည်အသွေးမြင့်မြင့် ဈေးကွက်ဝင်ရေး အလုပ်ရုံဆွေးနွေး

**မကွေး ဩဂုတ် ၆**
မကွေးတိုင်းဒေသကြီးမှတင်ပို့သော နှမ်းနက်များကို ဂျပန်ပြည်သူများက နှစ်သက်သဘောကျလျက်ရှိရာ မကွေးဒေသတွင်းမှ နှမ်းအထွက်နှုန်းကောင်းရန်နှင့် ယခုထက်ပို၍ အရည်အသွေးကောင်းရန် ရည်ရွယ်ပြီး ဂျပန်နိုင်ငံမှ အဖွဲ့ဝင်ငါးဦးပါ JAICAF အဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများ ၊ တောင်သူ ကိုယ်စားလှယ်များ ပါဝင်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဩဂုတ် ၄ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး Mission Coordinator ဦးစိုးဝင်းမောင်က JAICAF အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ဝင်းက နှမ်းနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ချက်နှင့် အခက်အခဲများ၊ JAICAF မှ Dr.Masaaki Suzuki က မြေဆီလွှာထိန်းသိမ်းရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး နည်းလမ်းများ၊ ဆီထွက်သီးနှံ ဇဟိုသုတေသန စိုက်ပျိုးရေးခြံ သုတေသနအရာရှိ ဒေါ်လှလှဝင်းက နှမ်းသီးနှံမျိုးသစ် ထုတ်လုပ်ခြင်းနှင့် မျိုးသန့်ထိန်းသိမ်းခြင်းအကြောင်း၊ JAICAF မှ Dr.Azusa Fujiie က ပိုးမွှားကာကွယ်ရေးအကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

"နည်းပညာနဲ့ပတ်သက်တာ ကျွန်တော်တို့အတွက် အရေးကြီးတယ်လေ။ ဒီလို ဆွေးနွေးပွဲတွေပြုလုပ်တာကြောင့်ရယ်၊ နှမ်းနဲ့ပတ်သက်တဲ့ နည်းပညာအကူအညီတွေ၊ သုတေသနဆိုင်ရာပစ္စည်းတွေ ဒါတွေပါ သူတို့ဆီကအထောက်အကူရတဲ့အတွက် အများကြီးပြောင်းလဲသွားနိုင်တယ်။ မိရိုးဖလာအစွဲနဲ့ နည်းပညာတွေ ပြောင်းသွားတာတွေနဲ့က ကွာဟမှုတွေရှိနေပြီ။ ဒီစနစ်တွေကို လိုက်နာမှုသာလျှင် သီးနှံရောင်းဝယ်ရေးမှာ ဖွံ့ဖြိုးတိုးတက်လာမယ်"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က ပြောသည်။

ဆွေးနွေးပွဲတွင် JAICAF အဖွဲ့တာဝန်ရှိသူတစ်ဦးက ဝန်ကြီးထံသို့ ပိုးမွှားစစ်ဆေးမှုဆိုင်ရာ ဓာတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ပြီး တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၏ မေးမြန်းချက်များကိုလည်း JAICAF မှ ပညာရှင်များက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# သီးနှံကာကွယ်ရေးဌာနခွဲ၏ Mobile Application သုံးစွဲနည်း တောင်သူများအား ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၆**
ပြည်ထောင်စုနယ်မြေ၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ထုတ်ဝေထားသည့် Plant Protection Mobile Application (Version 1.0)နှင့်ပတ်သက်၍ သုံးစွဲနည်းများကို တောင်သူများအား ကွင်းဆင်းပြသခြင်းများ ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာရှိ ဧက(၃၀၀၀)မျိုးစေ့ထုတ်စိုက်ခင်း ရှေ့တန်းစခန်း၌ ဒေသခံတောင်သူ ၉၅ ဦးနှင့် ဝန်ထမ်း ၁၇ ဦးအား နေပြည်တော် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်မြမြလွင်(လက်ထောက်ညွှန်ကြားရေးမှူး)နှင့်အဖွဲ့က ဩဂုတ် ၁ ရက်တွင် သွားရောက်ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါ မိုဘိုင်းအပလီကေးရှင်းတွင် သီးနှံ ၂၅ မျိုး၊ အင်းဆက်ပိုးမွှား ၁၈၇ မျိုး၊ ရောဂါ ၁၃၇ မျိုး၊ လယ်ယာအမျိုး ၃၀ တို့အကြောင်းအပြင် လယ်ယာများတွင် ကျတတ်သော ကြွက်(Rodent) ၁၂ မျိုး၊ ရွှေခရုတစ်မျိုး၊ ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ၊ ပိုးသတ်ဆေးနှင့်ပတ်သက်သောအချက်အလက်များ ပါဝင်ပြီး နေပြည်တော်ရှိ စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများအနေဖြင့် အပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် ပိုးမွှားရောဂါနှင့် ကြွက်၊ ပေါင်း၊ အမျိုးအစားများကို မိမိကိုယ်တိုင် အလွယ်တကူ ခွဲခြားသိရှိနိုင်ခြင်း၊ ကာကွယ်နှိမ်နင်းနည်းလမ်းများသိရှိပြီး တရားဝင်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို မှန်ကန်စွာ ရွေးချယ်အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း၊ ထို့အပြင် ပိုးမွှားဘက်စုံကာကွယ်ရေးနည်းလမ်းများကိုပါ သိရှိနိုင်ပြီး စိုက်ပျိုးမှုတွင်လည်း ဓာတ်ကြွင်းပါဝင်မှုနည်းသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲအနေဖြင့် အပလီကေးရှင်းအသုံးပြုနည်းများ ရှင်းပြခြင်းကို နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဇမ္ဗူသီရိမြို့နယ်မှ တောင်သူ ၅၀ အား ဇူလိုင် တတိယပတ်အတွင်းက ပညာပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် နေပြည်တော်ရှိ ပိုးသတ်ဆေးအရောင်းဆိုင်များအနေဖြင့် တရားဝင်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကိုသိရှိပြီး ဥပဒေနှင့်အညီ ရောင်းဝယ်ဖောက်ကားနိုင်ရန်၊ တောင်သူများ၏လိုအပ်ချက်ကို မှန်ကန်စွာ ရောင်းချပေးနိုင်ရန်အတွက် ဆေးဆိုင်ရှင်များနှင့် အခြားမြို့နယ်များရှိ တောင်သူများကိုလည်း မိုဘိုင်းအပလီကေးရှင်းနှင့်ပတ်သက်သည့် ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# တစ်ပတ်အတွင်း ကုန်စည်ဈေးနှုန်း

**(ဇူလိုင် ၃၁ မှ ဩဂုတ် ၄ အထိ)**

ဒီတစ်ပတ်မှာတော့ မတ်ပဲနဲ့ ပဲစင်းငုံတို့က ဈေးအနည်းငယ်ပြန်တက်လာခဲ့ပါတယ်။ ဆန်ချောတွေ အဝင်ပါးနေတဲ့အတွက် ပေါ်ဆန်မွှေးဆန်က ဈေးတက်လာနေသလို ကုန်သည်တွေ ဈေးကစားနေတဲ့အတွက် ကြက်သွန်နီဈေးတွေက ဆက်တိုက်ကို မြင့်တက်နေပါတယ်။

**မတ်ပဲ (FAQ/RC) ဈေးအနည်းငယ်**

နှစ်လနီးပါး ဈေးအတက်မရှိဘဲ စံချိန်တင် ဈေးကျဆင်းနေတဲ့ မတ်ပဲက ဩဂုတ်လ ပထမအပတ်မှာ တစ်တန်ကို ကျပ်လေးသောင်းနီးပါးလောက် ဈေးပြန်တက်ခဲ့ပါတယ်။ မြန်မာမတ်ပဲဟာ ပြည်တွင်းရော အဓိကတင်ပို့နေတဲ့ အိန္ဒိယနိုင်ငံမှာပါ အဆမတန် ဈေးကျဆင်းနေခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်က မတ်ပဲအဝင်နည်းနေတဲ့အချိန်ဖြစ်နေပြီး လှောင်ပဲတွေကိုသာ ရောင်းချနေတဲ့ အခြေအနေဖြစ်တဲ့အတွက် ပြည်တွင်းလိုအပ်ချက်အရ အနည်းငယ် ဈေးပြန်တက်လာတာဖြစ်ပါတယ်။ ရန်ကုန်ကနေ ရက်ခြားဝယ်လက်ရှိပြီး အိတ် ၁၅၀ နီးပါးလောက် ရက်ခြား ရောင်းချနေတဲ့အနေအထားမှာရှိတယ်လို့ ကုန်စည်ဒိုင်တွေကနေ သိရပါတယ်။ တစ်တန်ကို ခုနစ်သိန်းကျော်ရုံအထိ ဈေးကျဆင်းသွားခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၇၅၀၀၀၀ ကျော်အထိ ဈေးက ပြန်လည်မြင့်တက်ခဲ့ပါတယ်။ မတ်ပဲက ဇူလိုင် ၂၂ ရက် တစ်လအတွင်းမှာ ပြည်ပကို တန်ချိန် ၁၃၀၀၀ ကျော်တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။

**ပဲစင်းငုံဈေးအနည်းငယ်တက်**

ပဲစင်းငုံက မတ်ပဲလောက် အတက်အကျမကြမ်းပေမယ့် ဈေးကွက်အတွင်း တစ်အိအိနဲ့ ဈေးကျဆင်းခဲ့တာ အချိန်တော်တော်ကြာနေပါတယ်။ ပဲအဝင်မရှိတော့ပေမယ့် လက်ကျန်ပဲတွေရှိတဲ့အတွက် ဈေးက ထင်သလောက်မတက်သေးတဲ့အခြေအနေမှာ ရှိနေပါတယ်။ အိန္ဒိယနိုင်ငံက အနည်းငယ်ပြန်အဝယ်လိုက်လာတဲ့အတွက် ဈေးအနည်းငယ် မြင့်တက်ခဲ့တာဖြစ်ပါတယ်။ တစ်တန်ကို အနိမ့်ဆုံး ၅၃၀၀၀၀ ကျော်အထိ ဈေးကျဆင်းခဲ့တဲ့ ပဲစင်းငုံက ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၅၉၉၀၀၀ အထိ ဈေးပြန်လည်မြင့်တက်ခဲ့ပါတယ်။ ပဲစင်းငုံက ဇူလိုင် ၂၂ ရက်နေ့အထိ ပြည်ပကို တန်ချိန် ၂၀၀၀ ကျော်တင်ပို့ခဲ့ပြီး ဖြစ်ပါတယ်။

**ကြက်သွန်နီဈေးဆက်တိုက်တက်**



ကြက်သွန်နီတွေ ပြည်တွင်းမှာ အလုံအလောက်ရှိနေပေမယ့် ကုန်သည်တွေက ထုတ်မရောင်းဘဲ ဈေးကစားနေတဲ့အတွက် ကြက်သွန်နီဈေးတွေက ဆက်တိုက်ကိုမြင့်တက်နေတယ်လို့သိရပါတယ်။ တစ်ပိဿာကို ၈၀၀ လောက်သာပေးရတဲ့ ကြက်သွန်နီတွေကို တရုတ်နိုင်ငံက တရားမဝင်တင်သွင်းပြီး ရောင်းချနေတဲ့အခြေအနေတွေလည်း နယ်တွေမှာ ဖြစ်ပေါ်နေတယ်လို့သိရပါတယ်။

၂၀၁၅ ခုနှစ်မှာ ကြက်သွန်နီ တစ်ပိဿာကို ၃၀၀၀ အထိ ဈေးမြင့်တက်ခဲ့တဲ့အတွက် ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံကနေ တင်သွင်းရောင်းချခဲ့ဖူးပါတယ်။ ဒီနှစ် ဇွန်လအတွင်းမှာ တစ်ပိဿာကို ၈၀၀ ကနေ ၁၂၀၀ အထိ အများဆုံးဈေးတက်ခဲ့ပေမယ့် ဇူလိုင်လ တစ်လအတွင်းမှာတင် တစ်ပိဿာကို ၅၀၀ လောက်အထိ ဈေးနှုန်းကမြင့်တက်သွားခဲ့တာကြောင့် လက်ရှိကြက်သွန်နီဈေးနှုန်းက အနိမ့်ဆုံးဈေး တစ်ပိဿာ ၁၂၇၅ ကျပ်ကနေ အမြင့်ဆုံးဈေး ၁၇၂၅ ကျပ်အထိ ပေါက်ဈေးရှိနေပြီး လက်လီဈေးကွက်မှာတော့ တစ်ပိဿာကို ၂၀၀၀ ကျော်အထိ ဈေးမြင့်နေပါတယ်။

**ပေါ်ဆန်မွှေးတစ်အိတ် နှစ်ထောင်နီးပါး ဈေးတက်**

ရွှေဘိုပေါ်ဆန်းမွှေးက လက်ရှိမှာ နှစ်ပတ်ဆက်တိုက် ဈေးမြင့်တက်လာနေပါတယ်။ အဝယ်ပုံမှန်ရှိနေပေမယ့် ကုန်စည်ဒိုင်ကို ဝင်ရောက်မှုနည်းတဲ့အတွက် အခုလို ဈေးမြင့်တက်လာတာဖြစ်ပါတယ်။ လက်ရှိ ရွှေဘိုပေါ်ဆန်းမွှေးက တစ်အိတ်ကို နှစ်ထောင်နီးပါး ဈေးမြင့်တက်လာခဲ့ပြီးတော့ ပေါက်ဈေးက တစ်အိတ်ကို ၄၈၀၀၀ ကနေ ၅၀၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**ဆန်ပြောင်း ဈေးတက်**

ဆန်ပြောင်းက ဒီတစ်ပတ်မှာတော့ တဖြည်းဖြည်း ဈေးတက်လာနေပါတယ်။ ဈေးတော်တော်ကြာငြိမ်နေခဲ့တဲ့ ဆန်ပြောင်းက ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ၁၀၀ လောက် ဈေးမြင့်တက်ခဲ့တာပါ။ လက်ရှိဆန်ပြောင်းဈေးနှုန်းက တစ်ပိဿာကို ကျပ် ၇၅၀ ပေါက်ဈေးရှိပါတယ်။

**နှမ်းနက် ဈေးတက်**

ဈေးကွက်အတွင်း ဝယ်လက်ရော ဈေးရောပျောက်ခဲ့တဲ့ နှမ်းနက်က တစ်လအတွင်းမှာတင် တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ ကျော်အထိ ဈေးမြင့်တက်ခဲ့ပါတယ်။ ပြည်ပကိုသာ အဓိကတင်ပို့နေရပြီး ဇူလိုင်လမှာ တင်ပို့မှုများခဲ့တာကြောင့် ဈေးတက်လာတာဖြစ်ပါတယ်။ လက်ရှိနှမ်းနက်ရဲ့ ပေါက်ဈေးက တစ်အိတ်ကို ကျပ်တစ်သိန်းခန့် ရှိနေပါတယ်။

**ပန်းနှမ်း ဈေးအနည်းငယ်တက်**

ပြီးခဲ့တဲ့အပတ်က ဈေးကျဆင်းသွားခဲ့တဲ့ ပန်းနှမ်းက ဒီတစ်ပတ်မှာတော့ တစ်အိတ်ကို ၁၀၀၀ လောက် ဈေးပြန်တက်ခဲ့ပါတယ်။ လက်ရှိပေါက်ဈေးက တစ်အိတ်ကို ကျပ် ၇၁၀၀၀ ရှိပါတယ်။

**ပဲဇီးကွက် ဈေးဆက်တိုက်တက်**

ပဲဇီးကွက်က နှစ်ပတ်ဆက်တိုက် ဈေးမြင့်တက်နေပါတယ်။ ပြည်တွင်းမှာ အဝယ်လိုက်လာတဲ့အတွက် ဈေးမြင့်တက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က တစ်ပိဿာကို ကျပ် ၁၄၀၀ အထိ ဈေးရှိခဲ့ပြီး ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ၁၀၀ လောက်အထိ ဈေးထပ်မြင့်တက်ခဲ့လို့ လက်ရှိပေါက်ဈေးက တစ်ပိဿာကို ကျပ် ၁၅၀၀ ရှိပါတယ်။

လက်ရှိပေါက်ဈေးက တစ်အိတ်ကို ၁၇၇၀၀ ကနေ ၂၀၈၀၀ ပေါက်ဈေးရှိနေပြီး ဇူလိုင် ၁ ရက်ကနေ ၁၄ ရက်အတွင်း ပြည်ပကို ၂၅၇၆ တန် တင်ပို့ခဲ့တယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့စာရင်းအရ သိရပါတယ်။

## ဆွာချောင်းတမံ ရေမပြည့်သေးသော်လည်း နွေစပါး ဧက ၂၀၀၀၀ ကျော်အတွက် ရေပေးမည်

**ရေတာရှည် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဥယျာဥ်မှူးကျေးရွာအထက်ရှိ ဆွာချောင်းတမံသည် ကန်ရေပြည့်သိုလှောင်နိုင်မှု ၂၁၆၃၃၅၀ ဧကပေ ၃၃၇ ပေရှိပြီး လက်ရှိ ဩဂုတ်လဆန်းပိုင်းအထိ ၃၂၈ ပေရောက်ရှိနေကာ ရေမပြည့်သေးသော်လည်း နွေစပါး ဧက ၂၀၀၀၀ ကျော်အတွက် ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရေစီးဝင်နှုန်းနှင့် ပြန်လည်ထုတ်လွှတ်မှုပမာဏ ညီမျှအောင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ဆွာချောင်းတမံမှ ရေပေးဝေမှုဖြင့် နွေစပါး ဧက နှစ်သောင်းကျော်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂ ရက်က ပြောကြားသည်။ “လက်ရှိ ကန်ရေပြည့်ဖို့ ကိုးပေလောက်လိုသေးတယ်။ နှစ်စဉ် မိုးရာသီဆိုရင် ရေဝင်နှုန်းက ဧကပေ လေးသိန်းကျော်ရှိတော့ နေ့စဉ် ကွန်ကျူးကနေ ဆွာချောင်းထဲကို လွှတ်ပေးနေပါတယ်။ ရေကျော်ကျဖို့ကတော့ အတော်လိုသေးတယ်။ ဆည်ရဲ့ကြံ့ခိုင်မှုလည်း ကောင်းပါတယ်”ဟု အဆိုပါတာဝန်ရှိသူက ဆိုသည်။

ဆွာချောင်းတမံသည် တူးမြောင်းမကြီးအရှည် ၁၆ ဒသမ ၆၇ မိုင်၊ လက်တံမြောင်းအရှည် ၄၁ ဒသမ ၉၄ မိုင်ရှိပြီး တောင်သူအကျိုးစီးပွားကို အရှည်သဖြင့် ထောက်ပံ့ကူညီနိုင်ရန် ကမ္ဘာ့ဘဏ်၏ရန်ပုံငွေဖြင့် မြောင်းမကြီးများ အဆင့်မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိကာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကိုးရီးယားနိုင်ငံမှ ပညာရှင်များက ဇူလိုင်နောက်ဆုံးပတ်အတွင်းက ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## နယ်စပ်လမ်းကြောင်းများမှ ကြက်သားပေါက်နှင့် ကြက်ဥတင်သွင်းမှုများ ဆက်လက်ခွင့်ပြုနေ



ပြည်တွင်းမှ ကြက်ခြံအချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5H1) ကူးစပ်မှုရှိနေကြောင်း စစ်ဆေးတွေ့ရှိထားသော်လည်း နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် ကြက်သားပေါက်နှင့် ကြက်ဥတင်သွင်းမှုများကို ဆက်လက်ခွင့်ပြုထားဆဲဖြစ်ကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

လက်ရှိအချိန်အထိ ကြက်ဥ၊ ကြက်သားတင်သွင်းမှုများကို ခွင့်ပြုထားသော်လည်း ထိုင်းနိုင်ငံ DLD ဌာန၏ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်နှင့် မြန်မာနိုင်ငံ ကျန်းမာရေးဦးစီးဌာန၏ စစ်ဆေးချက်အဖြေများ ရရှိမှသာ ပြည်တွင်းကို တင်သွင်းသယ်ဆောင်ခွင့်ပြုနေခြင်းဖြစ်ကြောင်း မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဖြိုးဝေက ပြောသည်။

လက်ထောက် ညွှန်ကြားရေးမှူးက “အခုလောလောဆယ်တော့ ပိတ်ပင်ထားတာမရှိပါဘူး။ သေချာစစ်ဆေးပြီး ခွင့်ပြုပေးနေပါတယ်။ ကြက်သားပေါက်တွေက နေ့စဉ်တင်သွင်းလာတာတော့ မဟုတ်ဘူး။ စစ်ဆေးချက်အဖြေတွေ တိတိကျကျရမှ တင်သွင်းရတာဆိုတော့ ပုံမှန်တော့မရှိဘူး”ဟု ပြောသည်။ မြန်မာနိုင်ငံတွင် အသားတိုး ဥစားကြက်များကို မွေးမြူနိုင်ရန်အတွက် ကြက်သားပေါက်လေးများကို ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကြက်ငှက်တုပ်ကွေး (H5N1)ကူးစက်ရောဂါပိုးကို တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကြက်ခြံအချို့တွင် စစ်ဆေးတွေ့ရှိခဲ့ခြင်းကြောင့် ကြက်ကောင်ရေအများအပြားကို သုတ်သင်မှုပြုလုပ်နေရပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ကြက်ဥနှင့် ကြက်သားရောင်းချခွင့်ကို တိုင်းဒေသကြီးအစိုးရက ပိတ်ပင်ထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က “မန္တလေးတိုင်းဒေသကြီးအတွင်းက ကြက်ခြံတွေကို H5N1 ကူးစက်မလာအောင်တော့ သေချာစနစ်တကျ ကာကွယ်မှုတွေပြုလုပ်နေပါတယ်။ အစိုးရက လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်အပေါ်မှာ ဖြေလျှော့ပေးခဲ့တော့ မွေးမြူရေးလုပ်ငန်းတွေအတွက် အဆင်ပြေလာပေမယ့် ဇီဝလုံခြုံရေးအတွက် နည်းဥပဒေတွေ လိုအပ်နေသေးတယ်။ ကြက်ခြံတွေကို တစ်ခြံနဲ့တစ်ခြံကပ်ပြီး မွေးမြူခွင့်ပြုခဲ့မယ်ဆိုရင် ကူးစက်ရောဂါဖြစ်ပွားချိန်မှာ ပျံ့နှံ့မှုတွေ မြန်ဆန်လာပြီး ထိန်းချုပ်ရခက်လာနိုင်တယ်”ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကို ၂၀၀၆ ခုနှစ်က စတင်တွေ့ရှိခဲ့ပြီး ၁၀ နှစ်ကျော် ကာလအတွင်း ယခုဖြစ်ပွားမှုက (၈)ကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။

**ဖြိုးလွင်အောင်(AMIA)**

## ပုဂ္ဂလိက ပူးပေါင်းပါဝင်သော ရေသွင်းစိုက်ပျိုးရေးစနစ် အကောင်အထည်ဖော်ရန် ဆွေးနွေး

**နတ်တလင်း ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်သော အကျိုးအမြတ်ရှိ စံနမူနာပြ ရေသွင်းစိုက်ပျိုးရေးစနစ်တစ်ခု အကောင်အထည်ဖော်ရန်အတွက် နတ်တလင်းမြို့နယ် တာပွန်မြို့တိလောကမာရဇိန်ရွှေသာလျောင်းဘုရားကြီးဓမ္မာရုံ၌ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ဩဂုတ် ၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်မောင်လွင်၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ Mr. Hiromichi Kitada တို့ ဦးဆောင်သောအဖွဲ့က ဒေသခံတောင်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပြီး Mr.Hirommichi Kitada u Japan International Cooperotion Agency (JICA)၏ ကာလရှည်ချေးငွေ အစီအစဉ်တစ်ရပ်ဖြင့် ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ ဆည်ရေသောက်စနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာလက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုစီမံကိန်းသည် ပုဂ္ဂလိကကဏ္ဍပူးပေါင်းပါဝင်သော အကျိုးအမြတ်ရှိစံနမူနာပြ ရေသွင်းစိုက်ပျိုးရေးစနစ်တစ်ခု ပေါ်ထွက်လာရန်ရည်ရွယ်၍ အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ပြောကြားကာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

စီမံကိန်းနယ်မြေဖြစ်သည့် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တည်ရှိသော မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်တို့၏ ဆည်ရေသောက်ဧရိယာများအတွင်း၌ စုစုပေါင်း အကျိုးပြုဧရိယာ ၂၁၆၃၆၂ ဧကခန့် ရှိနေပြီး စုစုပေါင်းလယ်သမား အိမ်ထောင်စုဦးရေမှာ ၁၁၆၇၃၈ ဦးဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



## ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို တောင်သူများစိတ်ပါဝင်စားလာ

**ရေဦး ဩဂုတ် ၆**

မိုးစပါးစိုက်ပျိုးရာတွင် ကောက်စိုက်စက်ကိုအသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ပျိုးနုတ်စရာမလိုအပ်သလို လုပ်အားခလည်းသက်သာပြီး အခြားအားသာချက်များလည်း ရှိသဖြင့် ရေဦး၊ တန့်ဆည်နှင့် ဒီပဲယင်း မြို့နယ်များအတွင်းမှ တောင်သူများအနေဖြင့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို စိတ်ဝင်စားမှု တိုးလာလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း သုံးမြို့နယ်တာဝန်ခံ ရေဦးမြို့ အမှတ်(၂၁)စက်မှုလယ်ယာစခန်းက ကြီးမှူး၍ တောင်သူများအတွက် ကုန်ကျစရိတ်နည်းပါးပြီး အကျိုးဖြစ်ထွန်းစေမည့် ကောက်စိုက်စက်အသုံးပြု စပါးစိုက်ပျိုးခြင်းကို ဩဂုတ် ၁ ရက်က တန့်ဆည်မြို့နယ် ရေဦးကုန်းကျေးရွာ၌ ဒုတိယအကြိမ် လက်တွေ့သရုပ်ပြခဲ့ရာ ဒေသခံတောင်သူများ စိတ်ဝင်စားစွာ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ကောက်စိုက်စက်ဖြင့်စိုက်ရန်အတွက် စပါးစတင်ပျိုးထောင်ရာတွင် စက်မှုလယ်ယာရုံး ဝန်ထမ်းများက ဌာနပိုင်ပလတ်စတစ်ပေါင်ဖြင့် ကွင်းဆင်းပျိုးထောင်ပေးလျက်ရှိပြီး ပျိုးထောင်ပြီးပျိုးပင် သက်တမ်း ၁၄ ရက် ပြည့်သည့်အခါ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပြီးအပင် ရှစ်လက်မခန့်အရွယ်တွင် ပေါင်းသတ်ဆေးဖျန်းရန် မလိုဘဲ ဝါဒီ( WEEDER )နှစ်တန်းသွား စက်စွမ်းအားသုံး ပေါင်းလိုက်ကိရိယာဖြင့် စက်မှုလယ်ယာရုံးဝန်ထမ်းများက အခမဲ့ပေါင်းရှင်းပေးသည့်အတွက်ဆေးဖိုးလည်းသက်သာစေကြောင်း၊ လုပ်သားငှားရမ်းစိုက်ပျိုးရမည့် ကုန်ကျစရိတ်လည်း သက်သာသဖြင့် ထိုငှားရမ်းခကို လိုအပ်သည့် ဓာတ်မြေသြဇာနှင့်မြေဆီများ ဝယ်ယူခြင်းတွင် အသုံးပြုနိုင်မည်ဖြစ်ရာ တောင်သူများအတွက် ကောက်စိုက်စက်အသုံးပြု စိုက်ပျိုးခြင်းက အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ကွင်းတာဝန်ခံ ဦးသိန်းဝင်းက ရှင်းပြသည်။

ကောက်စိုက်စက်အသုံးပြု၍ စပါးစိုက်ခဲ့သော ဒေသခံတောင်သူ ဒေါ်ဖြူတုတ်က “ကျွန်မတို့က ကောက်စိုက်စက်နဲ့ စိုက်သင့်ပါတယ်။ ကုန်ကျစရိတ်က သုံးပုံတစ်ပုံပဲ ကုန်ကျတယ်။ လူငှားပြီး ပျိုးနုတ်ကောက်စိုက်ရင် တစ်ဧကမှာ လုပ်သား ၁၅ ဦး၊ တစ်ဦးကို လေးထောင်နှုန်းနဲ့ ကုန်ကျစရိတ်က ခြောက်သောင်း နှစ်ခါဆိုတော့ တစ်သိန်းနှစ်သောင်းကုန်သွားပြီ။ ယခင်က နွေစပါးကို သမားရိုးကျစိုက်ခဲ့ရာမှာလည်း တစ်ဧက ၈၅ တင်းပဲထွက်တယ်။ အကျိုးအမြတ်နည်းခဲ့တယ်။ ပြီးခဲ့တဲ့ ဧပြီလက နွေစပါးကို ကောက်စိုက်စက်နဲ့စိုက်တဲ့အခါ တစ်ဧက တင်း ၁၄၀ ထွက်ခဲ့တယ်။ အထွက်နှုန်းကောင်းတာကို ကိုယ်တိုင်စိုက်ပျိုးမှ ယုံခဲ့တယ်။ အခုလို အထွက်နှုန်းကောင်းပြီး ကုန်ကျစရိတ်သက်သာစေတဲ့ စက်မှုလယ်ယာဌာနက ကောက်စိုက်စက်နဲ့ တစ်ရွာလုံးက စိုက်ပျိုးချင်ကြတယ်”ဟု ပြောသည်။

တောင်သူများက စိုက်လိုသော်လည်း ကောက်စိုက်စက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တစ်လုံးသာရှိသဖြင့် မလုံလောက်ကြောင်း သိရသည်။ ကောက်စိုက်စက်တစ်လုံးတည်းကို ခရိုင်နှင့်မြို့နယ်များသို့ လှည့်လည်အသုံးပြု စိုက်ပျိုးပေးနေရပြီး ဌာနအနေဖြင့် တစ်ရက်လျှင် ငါးဧကသာ စိုက်ပျိုးပေးနိုင်ကြောင်း၊ စက်မှုစွမ်းအား အသုံးပြုခြင်းဖြင့် တောင်သူများ၏အကျိုးစီးပွား အဆင်ပြေလာကြသည့်အတွက် လယ်ယာသုံးစက်ကရိယာများကိုအသုံးပြုရန် တောင်သူများ စိတ်ဝင်စားလာကြသော်လည်း ဌာနမှလုံလောက်စွာ မဖြည့်ဆည်းနိုင်ဖြစ်နေ၍ တောင်သူအချို့ကလည်း ကောက်စိုက်စက်ကို အရစ်ကျစနစ်ဖြင့် ကိုယ်ပိုင်ဝယ်ယူလိုသော ဆန္ဒများ ရှိနေကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် လယ်မြေများကို စက်ဖြင့်ထွန်၍ စက်ဖြင့်ရိတ်နေပြီဖြစ်သော်လည်း စိုက်ပျိုးချိန်တွင် စက်ဖြင့်စိုက်ရန် လိုအပ်နေသေးသည့်အတွက် စက်မှုလယ်ယာရည်မှန်းချက်ပြည့်ရန် လိုအပ်နေသေးကြောင်း၊ ကောက်စိုက်စက်များကို ပိုသုံးနိုင်ရန် နည်းလမ်းရှာဖွေပေးမှသာ စက်မှုလယ်ယာစနစ်သို့ အလုံးစုံ ကူးပြောင်းနိုင်မည်ဖြစ်ကြောင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်အောင် ဝန်ကြီးဌာန တာဝန်ရှိသူများထံ တင်ပြပေးသွားမည်ဖြစ်သလို စက်ရှိခဲ့၍ လိုအပ်ပါက စက်မှုပိုင်းဆိုင်ရာ နည်းပညာများကိုလည်း ဌာနမှ မျှဝေပေးမည်ဖြစ်ကြောင်း ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ကျော်သန်းက ပြောကြားသည်။ **သန်းထိုက်(ရေဦး)**



# ဂိုဏ်းပေါင်းစုံသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်ကြီးများ၏ မျှော်မှန်းချက်နှင့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းများ

**မောင်ဟံသ**

ယနေ့ကာလ မြန်မာနိုင်ငံ၌ ငါးသိန်းကျော်သော သံဃာတော်အရှင်မြတ်များ၏ စုစည်းညီညွတ်ခြင်းမှ ရရှိခံစားအပ်သော ချမ်းသာသုခကို 'သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း'က လွှမ်းခဲ့သည့် ၁၉၈၀ ပြည့်နှစ်မှ စတင်လျက် ယနေ့ကာလတိုင် လမ်းခင်းထိန်းကျောင်းပေးလျက်ရှိသည်ကို သာသနာချစ်သူတိုင်း သတိထားမိကြပါသည်။

ပထမသင်္ဂါယနာကာလမှ ဆဋ္ဌသင်္ဂါယနာကာလအလွန် ယနေ့တိုင် ဖြတ်သန်းလာခဲ့ပြီးဖြစ်သော ထေရဝါဒဗုဒ္ဓသာသနာတော်သည် အဆက်ဆက်သော သာသနဝံသာနုရက္ခိတ မထေရ်မြတ်ကြီးများ၊ သာသနမာမက သာသနာချစ်သူ လူဒါယကာ၊ ဒါယိကာမများ၏ တာဝန်ကျေပွန်စွာ အသိဉာဏ်ပါပါ တက်ညီလက်ညီ ကြိုးပမ်းအားထုတ်လာခဲ့ကြသောကြောင့်သာလျှင် ဆက်လက်ရှင်သန် ရပ်တည်လျက်ရှိပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်၏ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ အသိဉာဏ်ပွင့်လင်းခြင်း၊ အတိုင်းအတာတစ်ခု၌ တည်ငြိမ်စွာ ရပ်တည်နိုင်ခြင်းစသော အကျိုးခံစားခွင့်များကို သာသနာတော်နှင့် ထိစပ်သူတိုင်း ရရှိနိုင်ခဲ့ကြသည်။ သမိုင်းစဉ်တစ်လျှောက် ကြုံတွေ့ရင်ဆိုင်ခဲ့ရသော အခက်အခဲ အကြပ်အတည်းများကို ဗုဒ္ဓမြတ်စွာ ညွှန်ပြတော်မူထားသော ဓမ္မနည်းကျလမ်းစဉ်၌ တည်ငြိမ်ရဲရင့် ခိုင်မာပြတ်သားစွာ ရပ်တည်ရင်ဆိုင်လာခဲ့ခြင်းကြောင့်သာလျှင် ယနေ့ကာလ၌ ချိုမြိန်မွန်မြတ်သော အသီးအပွင့်တို့ကို နောင်းလူတို့ ခံစားနိုင်ခွင့် ရရှိနေကြခြင်းဖြစ်သည်။

သာသနာတော်နှစ် (၃)ရာစုကာလအတွင်း တတိယသင်္ဂါယနာအပြီး မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိကြောင်း ဗုဒ္ဓစာပေကျမ်းဂန်များတွင် မှတ်တမ်းရှိသည်။ ယင်းကာလမှ အေဒီ ၁၁ ရာစု ပုဂံခေတ်ကာလအထိ မြန်မာနိုင်ငံတွင်း၌ မထင်မရှား ရပ်တည်လာခဲ့ပြီးနောက် ပုဂံခေတ်အလွန်၌ ထင်ထင်ရှားရှား ထွန်းလင်းဖြန့်ကြက်စီးဆင်းလျက် ထေရဝါဒဗုဒ္ဓဘာသာ အဆုံးအမများက မြန်မာ့ယဉ်ကျေးမှုအတွင်းသို့ တန်ဖိုးရှိစွာ စိမ့်ဝင်လာခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုတန်ဖိုးများက မြန်မာ့လူနေမှုဘဝကို 'မြန်မာ' ဟူသော အမှတ်လက္ခဏာရရှိအောင် မြှင့်တင်ပေးနိုင်ခဲ့သည်။ အလှူဒါနပြုလုပ်ရာ၌ တစ်ကမ္ဘာလုံးတွင် နံပါတ်(၁)နေရာ၌ ရပ်တည်နေသော မြန်မာနိုင်ငံသည် ရှေးဘိုးဘွားဘီဘင်အဆက်ဆက်တို့ ထိန်းသိမ်းလာခဲ့သော ထေရဝါဒဗုဒ္ဓသာသနာ အဆုံးအမကြောင့်သာလျှင် ဤသို့ရပ်တည်နေခြင်းဖြစ်သည်။ ရှေးရှေးသော သူတော်ကောင်းကြီးများကို ရှိခိုးပူဇော် ကန်တော့အပ်ပါ၏။

ပဉ္စမသင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲတို့ကို တာဝန်ယူကျင်းပနိုင်စွမ်းရှိသော မျိုးချစ်မြန်မာတို့သည် သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် အခြေအနေအချိန်အခါအလျောက် ကျရာတာဝန်မှ ဘက်စုံထောင့်စုံထမ်းရွက် တာဝန်ယူခဲ့ကြပုံကို ၁၉၈၀ ပြည့်နှစ်က ကျင်းပခဲ့သော 'ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး'က သက်သေခံလျက်ရှိသည်။

ထိုစဉ်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က ၁၅-၁၂-၁၉၇၉ မှစတင်၍ ပြည်နယ်၊ တိုင်းနှင့် ဂိုဏ်းအသီးသီးမှ အခြေခံဒေသများ အလိုက် သံဃာ့ဆန္ဒအရ သံဃာသမ္မုတိရ ကိုယ်စားလှယ်များ ရွေးချယ်ပေးပါရန် နိုင်ငံအနှံ့အပြားသို့ သွားရောက်လျှောက်ထားခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်နေ့မတိုင်မီ ဂိုဏ်းအသီးသီးနှင့် ပြည်နယ်၊ တိုင်းအခြေခံဒေသအသီးသီးမှ အစည်းအဝေးကြီး ကျင်းပနိုင်ရေးအတွက် သံဃာ့ဝန်ဆောင်ဆရာတော် ၆၆ ပါးကို သံဃဆန္ဒဖြင့် ရွေးချယ်ခဲ့သည်။ သုဓမ္မာဂိုဏ်းမှ ၅၈ ပါး၊ ရွှေကျင်ဂိုဏ်းမှ ငါးပါး၊ မဟာဒွာရဂိုဏ်းမှ နှစ်ပါး၊ မူလဒွာရဂိုဏ်းမှ တစ်ပါးတို့ ပါဝင်ခဲ့သည်။

၃၁-၁-၁၉၈၀ ပြည့်တွင် ရန်ကုန် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်ကြီး၌ လုပ်ငန်းများ စတင်ဆောင်ရွက်တော်မူခဲ့ကြရာ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပသော ၂၄-၅-၁၉၈၀ မတိုင်မီ အဓိကလုပ်ငန်းကြီး လေးရပ်ကို အပြီးသတ်(မူကြမ်း)ဆောင်ရွက်တော် မူနိုင်ခဲ့ကြသည်။

(၁) သမ္မုတိရ သံဃာ့ကိုယ်စားလှယ်များ ရွေးချယ်ရန် စည်းကမ်းချက်များနှင့် ယင်းတို့၏ အရည်အချင်းနှင့် အရေအတွက် သတ်မှတ်ချက်များ၊
(၂) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရန် အခြေခံစည်းမျဉ်းများ ရေးဆွဲခြင်း၊
(၃) ဝိနည်းဓမ္မကံဆိုင်ရာ သံဃာ့အဓိကရုဏ်းမှုခင်းများဖြေရှင်းရန် နည်းလမ်းများ ရေးဆွဲသတ်မှတ်ခြင်း၊
(၄) သာသနာဝင်မှတ်တမ်းထားရှိရန် လုပ်ငန်းစဉ်ရေးဆွဲခြင်း၊

အထက်ပါ လုပ်ငန်းကြီး လေးရပ်ကို သံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်ကြီးများသည် နေ့ညမနား သက်တော်၊ ရွယ်တော်ကို ပမာဏမထားဘဲ သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေးမူအရ ကြိုးစားဆောင်ရွက်တော်မူခဲ့ကြရာ 'ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး'ကို ၂၄-၅-၁၉၈၀ မှ ၂၆-၅-၁၉၈၀ အထိ သုံးရက်တိုင်တိုင် ကျင်းပတော်မူခဲ့ကြသည်။

အစည်းအဝေးပွဲကြီးသို့ တစ်ပြည်လုံးရှိ သံဃာတော်များကိုယ်စား သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၃၄ ပါးအနက် အကြောင်းအမျိုးမျိုးနှင့် ဂိလာနသံဃာတော်များမှအပ စုစုပေါင်း ၁၂၂၆ ပါးနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး လေးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၂၅ ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး သုံးပါး အပါအဝင် ဩဝါဒါစရိယဆရာတော်ကြီး ၃၆ ပါး တက်ရောက်တော်မူခဲ့ကြသည်။

အစည်းအဝေးကြီး၏ သုံးရက်တာကာလအတွင်း ဖော်ပြပါ အဓိကလုပ်ငန်းကြီး လေးရပ်ကို ဘက်စုံထောင့်စုံမှ ဆွေးနွေးတော်မူကြပြီး နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အပါး ၁၀၀၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အပါး ၃၀၀ အတွင်းမှ သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ လုပ်ငန်းကြီးသုံးရပ်ကို အချိန်ပြည့်ရုံးထိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီး ၃၃ ပါးတို့ကို (ထိုစဉ်က အဖွဲ့ဝင် ၃၃ ပါးသတ်မှတ်ပြီး နောက်ပိုင်းတွင် ၄၅ ပါး)ရွေးချယ်နိုင်ခဲ့ပြီး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် 'သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း'ကို စိစစ်သုံးသပ်လျက် တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြသည်။ ယင်းစည်းမျဉ်းအရ တာဝန်ရှိသောအဖွဲ့များက 'ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ'ကို ရေးဆွဲလျက် ထိုရက်အတွင်းကျင်းပသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအကြိမ်အစည်းအဝေးတွင် အတည်ပြုတော်မူခဲ့ကြသည်။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းက မိမိအလိုဆန္ဒအတိုင်း ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဘဲ ထိုစဉ်က သံဃာ(ရဟန်း)ဦးရေ တစ်သိန်းခွဲကျော်ရှိသော သံဃာထုက ဆန္ဒပြုရွေးချယ်သည့် သမ္မုတိရ သံဃာ့ကိုယ်စားလှယ်များက တစ်နည်းအားဖြင့် တစ်ပြည်လုံးရှိ သံဃာထုတစ်ရပ်လုံးက စိစစ်လျက် တညီတညွတ်တည်း သဘောဆန္ဒတစ်ခုတည်း အတည်ပြုခဲ့ကြောင်း အလေးအနက်တင်ပြလိုပါသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပသည့်ရက်များတွင် တာဝန်ရှိဆရာတော်ကြီးများနှင့် အခြေခံဒေသအသီးသီးမှ ဂိုဏ်းအလိုက်၊ ပြည်နယ်/တိုင်းအလိုက် သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်ကြီးများ၏ ထောက်ခံဆွေးနွေးမှု ကောက်နုတ်ချက်များကို ဖော်ပြအပ်ပါသည်။

**ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီး ဘဒ္ဒန္တက္ကန္ဒာစာရ**

"နိုင်ငံတော်အစိုးရ၏ လိုလားအားပေးကူညီမှုဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်အရှင်မြတ်များ၏ဆန္ဒနှင့်အညီ ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်ဘုရား။ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် တိုင်ပင်ညှိနှိုင်း ဆောင်ရွက်ကြရာဝယ် အဓိကအကျဆုံးဖြစ်သည့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များအပေါ်၌ ဆောင်ရွက်ရမည့် ကြီးမားသောတာဝန်များ ကျရောက်လျက်ရှိပါသည်ဘုရား။ သံဃာတော်များက ဘုရားရှင်ပညတ်တော်မူသော ဝိနည်းသိက္ခာပုဒ်တော်များကို ရိုသေစွာ လိုက်နာကျင့်သုံး နေထိုင်ကြပါမှသာလျှင် တပည့်တော်များလည်း လမ်းမမှား၊ ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းကြသည့် ဒကာ၊ ဒကာမများလည်း ကြည်ညိုသဒ္ဓါပွားကြ၍ အကျိုးများပြီးလျှင် ဆရာဒကာ အပြန်အလှန် အမှီရကြလျက် သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားမည်ဖြစ်ပါသောကြောင့် ယခုအစည်းအဝေးပွဲကြီး၌ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များနှင့်သက်ဆိုင်သည့် စည်းမျဉ်းများကို တင်သွင်းထားရှိခြင်းဖြစ်ပါသည်ဘုရား"

**ဂဏဝိမုတ် ကူးတို့ဂိုဏ်းကိုယ်စားလှယ် ဆရာတော်ဦးဝီရိယ**

"သာသနာတော်ကြီး ဂုဏ်သိက္ခာညှိုးနွမ်းဆုတ်ယုတ်လျက် ပျက်စီးပျောက်ကွယ်သွားစေရန် ကျင့်ကြံလုပ်ဆောင် ပြောဆိုရေးသား ထုတ်ဝေနေကြသည့် ရှင်လူအချို့ပေါ်ထွက်စပြုနေပါသဖြင့် မတားဆီး မပိတ်ပင်ဘဲ လျစ်လျူရှုနေကြပါလျှင် တစ်စတစ်စ ကြီးထွား၍ တိမ်းပါးပျက်စီးသွားမည်ဖြစ်ပါသည်ဘုရား။ ဂိုဏ်းအသီးသီးရှိ ဆရာတော် သံဃာတော်အားလုံး ညီညွတ်စွာ ဖွဲ့စည်းထားသည့် သံဃာ့အဖွဲ့အစည်းကြီးရှိမှသာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်ဘုရား။ ထိုလိုအပ်ချက်ကိုဖြည့်ဆည်းရန် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းရန် ဂဏဝိမုတ်ဂိုဏ်းဝင် သံဃာတော်များအနေဖြင့် ခြွင်းချက်မရှိ ထောက်ခံဆန္ဒပြုပါကြောင်း ဂိုဏ်းဝင်သံဃာတော်များကိုယ်စား ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား"

**စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းကိုယ်စားလှယ် ဆရာတော်ဦးဉာဏဝံသ**

"မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ စကားရပ်များအားလုံးသည် သာသနာတော် နှစ်ပေါင်းငါးထောင်မက အဓွန့်ရှည်စေရန် အပြည့်အဝ အထောက်အကူဖြစ်သဖြင့် စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်းကိုယ်စား ထောက်ခံဆွေးနွေးပြီး ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုကြောင်း လျှောက်ထားအပ်ပါသည်ဘုရား"

**မဟာရင်ဂိုဏ်းကိုယ်စားလှယ် ရန်ကုန်၊ ဗဟန်း၊ ကျိုက်သီမွန်ကျောင်းဆရာတော်**

အပိုဒ်(၃)တွင် ဤအခြေခံစည်းမျဉ်းသည် သဗ္ဗညုဘုရားရှင်၏ ဓမ္မဝိနယနှင့်အညီသာလျှင် ဖြစ်စေရမည်ဟု ပြဆိုထားပါသဖြင့် ဓမ္မဝိနယနှင့်ညီညွတ်သော စည်းမျဉ်းဖြစ်သောကြောင့် အခြေခံစည်းမျဉ်းကို ရိုသေစွာ ဆွေးနွေးထောက်ခံပါသည်ဘုရား"

**မြစ်ကြီးနား အခြေခံဒေသ၊ မြစ်ကြီးနားမြို့ မန္တလေးကျောင်းဆရာတော် ဦးဝိမလ**

"သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း(မူကြမ်း) အခန်း (၃)၊ အပိုဒ်(၁၇) မှ (၂၀) အထိ စည်းမျဉ်းများသည် ရွေးချယ်တင်မြှောက်ရေးနှင့်စပ်လျဉ်း၍ ဓမ္မဝိနယနှင့်အညီ စီစဉ်ထားခြင်း ဖြစ်သောကြောင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အောင်မြင်အောင် ဦးတည်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်လျက် ထောက်ခံအပ်ပါသည်ဘုရား"

**ကယားပြည်နယ် လွိုင်ကော်အခြေခံဒေသ နန်းဖဲပရဟိတကျောင်းဆရာတော်**

"စာမျက်နှာ ၁၈၊ စာပိုဒ်(၂၂)၊ (၂၁)၊ (က)၊ (ခ)၊ (ဂ) တို့တွင် ရွေးချယ်ဖွဲ့စည်းရေးလုပ်ငန်းများကို စနစ်တကျ စီစဉ်ထားရှိပြီးသောကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း(မူကြမ်း)တစ်ခုလုံးသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အထောက်အကူပြုသောကြောင့် အလေးအနက် ထောက်ခံအပ်ပါသည်ဘုရား"

**ကရင်ပြည်နယ် ဘားအံအခြေခံဒေသ ထုံးအိုင်အလယ်ကျောင်းဆရာတော် ဦးကဝိန္ဒ**

"အပိုဒ် (၂၅)၊ (၂၆)၊ (၂၇)၊ (က)၊ (ခ)တို့အရ သံဃာ့ဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အညီ ဖွဲ့စည်းတည်ထောင်သော သံဃာ့အဖွဲ့အစည်းကြီးသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယူဆသောကြောင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း"

**ချင်းပြည်နယ် မင်းတပ်အခြေခံဒေသ သာသနာပြုဗဟိုကျောင်း အရှင်စိန္တိတ**

"မြတ်စွာဘုရားရှင်လက်ထက်တော်၌ လက်ျာတော်ရံ အရှင်သာရိပုတ္တရာမထေရ်၊ တန်ခိုးအရာ ဧတဒဂ်ရတော်မူသော အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးတို့သော်မှ နှစ်ပါးတည်းအနေဖြင့် အဿဇိပုနဗ္ဗသုက ရဟန်းဆိုးတို့ကို ဆုံးမနှိပ်ကွပ်ရန်အတွက် အခက်အခဲရှိနေသေးပါလျှင် ယခုခေတ်ကာလ သာမညအနေဖြစ်ပါသော ရဟန်းတော်များအတွက် ရဟန်းဆိုး၊ ရဟန်းယုတ်တို့ကို ဆုံးမနှိပ်ကွပ်ရန်အရေးမှာ တွေးဝံ့စရာမရှိအောင်ပင် ဝန်လေးကြပါလိမ့်မည်ဘုရား။

တစ်နိုင်ငံလုံးရှိ ရပ်ကွက်၊ ကျေးရွာ သာသနာတော် သန့်ရှင်းပါမှ မြို့နယ်မှအစ တိုင်းနှင့်ပြည်နယ်ပါမကျန် နိုင်ငံတော်တစ်ဝန်းလုံးတွင် သာသနာတော် သန့်ရှင်းပြီးဖြစ်နေရုံသာမက တိုးတက်ဖွံ့ဖြိုးမည် ဧကန်ဖြစ်ပါသောကြောင့် ရပ်ကွက်၊ ကျေးရွာ သံဃနာယကအဖွဲ့အသီးသီးကို လုပ်ထုံးလုပ်နည်းနှင့်အညီ မုချမသွေ ဖွဲ့စည်းသင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါသည်ဘုရား"

**စစ်ကိုင်းအခြေခံဒေသ ရွှေဘိုမြို့ မဟာဗောဓိကျောင်းဆရာတော် ဦးမင်္ဂလ**

"အခန်း(၄)၊ အပိုဒ်(၄၄)၊ (၄၅)နှင့် အခန်း(၆)၊ အပိုဒ် (၄၆)၊ (၄၇)၊ (၄၈)၊ အခန်း(၇)၊ အပိုဒ်(၄၉)ပါ ပြဋ္ဌာန်းချက်များတွင် အလုပ်ကိစ္စဆောင်ရွက်ရာ၌ လွယ်ကူမှုရှိခြင်း၊ အကျိုးထူးရရှိနိုင်ခြင်းတို့ကြောင့် အခြေခံစည်းမျဉ်းတစ်ခုလုံးကို အတည်ပြုရန် ထောက်ခံပါကြောင်း"

**မကွေးတိုင်း သရက်အခြေခံဒေသ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဦးကေသရ**

"အခန်း(၈)၊ အပိုဒ်(၆၃)မှ (၇၉)အထိ ဖွဲ့စည်းပုံမူကြီးကြပ်ရေး တာဝန်များကို သတ်မှတ်ထားရာ နိုင်ငံတော်မှ လိုအပ်သောကူညီမှုကို တိကျစွာဖော်ပြထားသဖြင့် လွန်စွာကျေနပ်ဝမ်းမြောက်ပါကြောင်း၊ အနာဂတ် သာသနာ့အဆောက်အအုံ ပုံစံကျန လုပခိုင်ခံ့ရန် အခြေခံအုတ်မြစ်ဖြစ်သော အခြေခံစည်းမျဉ်းဖြစ်ပါသောကြောင့် လေးနက်စွာ ထောက်ခံပါကြောင်း"

**မန္တလေး အခြေခံဒေသ ဆရာတော်ဦးဇင္ဃိလ**

"ဝိနည်းစည်းကမ်း၊ အဘိဓမ္မာနည်းလမ်းတို့ဖြင့် အချင်းချင်း ဆုံးမနိုင်မှ ညီညွတ်မှုသမဂ္ဂဖြစ်ခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားများ ရရှိနိုင်ခြင်းကြောင့် ရဟန်းတော်အချင်းချင်း ဆိုဆုံးမနိုင်ရန် ရည်သန်လျက် အခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း"

**မွန်ပြည်နယ် မော်လမြိုင်အခြေခံဒေသ ရွှေပရိယတ္တိကျောင်းဆရာတော် ဦးကုမာရ**

"မူဝါဒအပိုင်း၊ လက်တွေ့ဆောင်ရွက်မှုအပိုင်းနှင့် သာသနာ့အလံတော် သတ်မှတ်ချက်တို့တွင် လိုအပ်ချက်များ ပြုပြင်ရန်မရှိသဖြင့် လေးနက်စွာ ထောက်ခံပါကြောင်း"

**ရခိုင်ပြည်နယ် စစ်တွေအခြေခံဒေသ ဆရာတော် ဦးကဝိန္ဒ**

"အခန်း (၁၁)၊ အပိုဒ်(၈၃) (က)၊ (ခ)ပါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တံဆိပ်တုံးနှင့်စပ်လျဉ်း၍ ဓမ္မဝိနယနှင့် ညီညွတ်လျက် ကမ္ဘာ့သမိုင်း၊ ဗုဒ္ဓသမိုင်း၊ သာသနာ့သမိုင်းအရပ်ရပ်တို့နှင့် လိုက်လျောညီထွေပြည့်စုံသောကြောင့် ရခိုင်ပြည်နယ် သံဃာသုံးထောင်ကျော်တို့ကိုယ်စား ထောက်ခံအပ်ပါကြောင်း"

**ရန်ကုန်တိုင်း မှော်ဘီအခြေခံဒေသ တိုက်ကြီးမြို့နယ်ဆရာတော် ဦးဥတ္တမသာရ**

"အခန်း(၁၂)၊ (၁၃)ပါ အချက်များနှင့်စပ်လျဉ်း၍ အစည်းအဝေး၏ ဆုံးဖြတ်ချက်များသည် ပုဂ္ဂိုလ်ကို အလေးမပြု၊ များရာသံဃာကိုသာ အလေးပြုထားသဖြင့် သာသနာတော် ကြီးပွားခြင်းအကြောင်းဖြစ်၍ ခြွင်းချက်မရှိ အတည်ပြုရန် ထောက်ခံပါကြောင်း"

**ရှမ်းပြည်နယ် ကျောက်မဲအခြေခံဒေသ ဆရာတော် အရှင်တေဇဝန္တ**

"အခန်း(၂)၊ အပိုဒ်(၄)၊ အခန်း(၁၄)၊ အပိုဒ်(၉၀)ပါ ဖော်ပြချက်များသည် ရဟန်းတု၊ ရဟန်းယောင်များကို ကာကွယ်နိုင်ခြင်း၊ သမဏသာရုပ္ပဖြစ်ရန် အထောက်အကူပြုခြင်းတို့ကြောင့် အခြေခံစည်းမျဉ်းကို အတည်ပြုနိုင်ရန် ထောက်ခံပါကြောင်း"

**ဓမ္မဝိနယာနုလောမ မူလဒွာရနိကာယ ကမ္ဘမြို့နယ် ထုံးကြီးတောင်ကျောင်း ဦးကောဝိဒ**

"အခန်း(၁)၊ အပိုဒ်(၂)၊ (က)မှ(ဏ)အထိ ဝေါဟာရရှင်းလင်းချက်များမှာ အဓိပ္ပာယ်တိကျပီသပြီး ပြည့်စုံမှန်ကန်သဖြင့် အခြေခံစည်းမျဉ်း(မူကြမ်း)တစ်ခုလုံးကို မူလဒွာရဂိုဏ်းမှ အပြည့်အဝထောက်ခံပါကြောင်း"

**မဟာဒွာရနိကာယဂိုဏ်း ဟင်္သာတ မဟာဝိသုတာရုံကျောင်းတိုက် ဦးဣန္ဒြိယာသဘ**

"ထေရဝါဒ သာသနာ့သမိုင်းစဉ်တစ်လျှောက်လုံး အဆက်ဆက်သော မဟာထေရ်ကြီးများက သာသနာတော်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ကြပါသည်။ သာသနာတော်ကို သာသနာ့ဝန်ထမ်းများက စောင့်ရှောက်မှသာ သဘာဝလမ်း ဖြောင့်တန်းပါမည်။ တိုင်းအသီးသီး၊ ပြည်နယ်အသီးသီး၊ ဂိုဏ်းအသီးသီးတို့မှ သံဃာ့ဝန်ဆောင်ဆရာတော်ကြီးများက မျှတစွာ ကြည့်ရှုဝေဖန်၍ အခြေခံစည်းမျဉ်းကို ရေးဆွဲထားသောကြောင့် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တင်ပြပါအတိုင်း ပြင်ဆင်လျက် ကျန်အချက်များကို ထောက်ခံပါကြောင်း"

**ရွှေကျင်ဂိုဏ်း အုတ်တွင်းမြို့ ကန်ကလေးတောရကျောင်းတိုက် ဦးဉာဏိက**

"အပိုဒ်(၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)နှင့်စပ်လျဉ်း၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရခြင်းကြောင့် သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ သီတင်းသုံးနိုင်ခွင့်၊ ခုရနှစ်ပါးကို ကြောင့်ကြကင်းစွာ ထမ်းဆောင်နိုင်ခွင့်၊ ပိဋကတ်တော်နှင့်မညီသော ရေးသားဟောကြားဆောင်ရွက်သည့် အဓမ္မဝါဒများနှင့် အဓမ္မဝါဒီများ ဖယ်ရှားခွင့်ရရှိရန် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အမှန်တကယ် အထောက်အကူဖြစ်သောကြောင့် အခြေခံစည်းမျဉ်းကို ထောက်ခံပါကြောင်း"

**ဝေဠုဝန်ဂိုဏ်း ရန်ကုန် စမ်းချောင်း ဝေဠုဝန်ကျောင်းတိုက် ဦးဣန္ဒဝံသ**

"သာသနာတော်သန့်ရှင်းရေးအတွက် အာဏာစက်ကိုမှီဆန်၍ ဓမ္မစက်ကို ပုန်ကန်သော အလဇ္ဇီ၊ ဒုဿီလတို့ကို နှိပ်ကွပ်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ လဇ္ဇီ သီလဝန္တ ပုဂ္ဂိုလ်များ ကိုယ်စိတ်အေးချမ်းစွာ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံတော်၌ ဘက်စုံသန့်ရှင်းတောင့်တင်းသော သံဃာ့အဖွဲ့အစည်းများ အမှန်တကယ် လိုအပ်နေပြီဖြစ်၍ အခြေခံစည်းမျဉ်းကို အပြည့်အဝထောက်ခံပါကြောင်း"

ဖော်ပြပါ အခြေခံဒေသအသီးသီးနှင့် ဂိုဏ်းအသီးသီးမှ သမ္မုတိရ ကိုယ်စားလှယ်ဆရာတော်ကြီးများ၏ လှိုက်လှဲစွာထောက်ခံချက်ကြောင့် ယနေ့ သာသနာတော်ကို ထိန်းကျောင်းပေးလျက်ရှိသော 'သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း' သည် အသက်ဝင်လာခဲ့ပြီး ယင်းစည်းမျဉ်းနှင့်လျော်ညီသော လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဝိနိစ္ဆယလက်စွဲ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သံဃနာယကလက်စွဲ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာများ အမှတ်(၁)မှ (၉၇)အထိ တို့ကို ထုတ်ပြန်နိုင်ခဲ့ကာ သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေး မူအရ သံဃာတော်များ ဓမ္မဝိနယနှင့်အညီ သံဃာ့ကိစ္စကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရကလည်း ၁၉၈၀ ပြည့်နှစ်တွင် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်(၃)ဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ၊ ၁၉၈၃ ခုနှစ်တွင် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်(၉)ဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ ၁၉၉၀ ပြည့်နှစ်တွင် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ အမှတ်(၂၀/၉၀)တို့ကို ပြဋ္ဌာန်းလျက် ဓမ္မစက်ကို အာဏာစက်ဖြင့် အကူအညီပေးခဲ့၏။

မြန်မာတစ်နိုင်ငံလုံးရှိသံဃာထုကိုယ်စား ဂိုဏ်းပေါင်းစုံသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်ကြီးများ၏ထောက်ခံမှုဖြင့် ယနေ့တိုင် ရပ်တည်လာခဲ့သော 'သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသည် အဆက်ဆက်သော သာသနဝံသာနုရက္ခိတ မထေရ်မြတ်ကြီးများ၊ သာသနာတော်ကို ချစ်မြတ်နိုးသော လူဒါယကာ၊ ဒါယိကာမများ၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ မွန်မြတ်သော သာသနာပြုလုပ်ငန်းများနှင့် နိုင်ငံတော်အေးချမ်းသာယာ စည်ပင်တိုးတက်ရေး အထောက်အကူပြု လုပ်ငန်းများကို ဆက်လက်သည်ပိုး ထမ်းဆောင်လျက်ရှိပါကြောင်း ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ဆိုနိုင်ကြပါရန် တင်ပြအပ်ပါသည်။

အများညီညွတ်လက်ခံသော ဥပဒေစည်းမျဉ်း အရိပ်အာဝါသအောက်၌ နိုင်ငံသူနိုင်ငံသားအားလုံး ချမ်းသာပျော်ရွှင်နိုင်ကြပါစေ။ ။

C B BANK

CB BANK ၏ Easi Mobile Agent များမှတဆင့်
မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ CB BANK ဘဏ်ခွဲများ၊
မြို့ပြနှင့် ကျေးလက်ဒေသများရှိ

EASi Mobile AGENTS

အမှတ်တံဆိပ်ရှိဆိုင်များတွင်
▶ငွေလွှဲခြင်း ▶ငွေလွှဲထုတ်ယူခြင်း ( ပြည်တွင်း၊ ပြည်ပ )
အစရှိသည့် ဝန်ဆောင်မှုများကိုရယူလိုက်ပါ...



## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရွာတော်။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၈ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ် (၅)ပေ (၂)လက်မ၊ပေါင် (၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၈-၂၀၁၇ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၈-၈-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ (မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (တတိယတန်း) (အခြေခံလစာ- ၁၇၀၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + M.H.R.A ၁၀၀၀၀ိ= ၁၈၄၀၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော် (ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က)တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ)အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။




*ဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။*

Sojitz Sunrise Automobile Co., Ltd.
(Authorised Distributor)
Address : No.19, Baho Street, Sanchaung Township, Yangon, Myanmar.
Tel : 01-230 4801, 01-230 4802 Hotline: 09 42509 7655
Web Page : www.dongfeng-myanmar.com Facebook Page : DFM-Myanmar

မန္တလေး၊ မုံရွာ၊ မြန်အောင်၊ မကွေး၊ ပခုက္ကူ၊ ဟသ်ာတ ကြို့ပင်ကောက် စသည့်မြို့ကြီးများရှိ အရောင်း ကိုယ်စားလှယ်ကြီးများထံတွင် ဝယ်ယူနိုင်ပါသည်။

---

**ကုန်အမှတ်တံဆိပ်သတိပေးချက်**

15-1, Kyobashi 1-chome, Chuo-ku, Tokyo, Japan တွင်တည်ရှိပြီး ဂျပန်နိုင်ငံ၏ ဥပဒေများအတိုင်း မှတ်ပုံတင် ဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် **Ajinomoto Co., Inc.**, သည် အောက်ဖော် ပြပါ ကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

**Birdy**

**မှတ်ပုံတင်အမှတ် ၅၈၈၃-၂၀၀၈**

အတန်းအစားအမှတ် (၃၀)တွင် ပါဝင်သော ကော်ဖီ၊ လက်ဖက်ရည်၊ ကိုကိုး၊ ကော်ဖီအခြေပြု အဖျော်ရည် စသည်ဖြင့်။

**AJI-NO-MOTO**

**မှတ်ပုံတင်အမှတ် ၁၄၁၁-၁၉၅၃**

အတန်းအစားအမှတ် (၃၀)တွင် ပါဝင်သော MSG အဓိက ပါဝင်ပေါင်းစပ်ထားသော ဟင်းခတ်အမွှေး အကြိုင်များ။

**Ajinomoto Co., Inc.** နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများ၏ ကုန်ပစ္စည်းများအပေါ်တွင် အထက်ဖော်ပြပါအမှတ်အသားများကို အောက်တွင်နမူနာဖော်ပြပါရှိသည့်အတိုင်း ကန့်သတ်ချက်မထားရှိပါပဲ အသုံးပြုသွားမည်ဖြစ်ပါသည်။







အထက်ဖော်ပြထားသော အမှတ်အသားများ၊ အမည်များနှင့် ထုတ်ကုန်များ၏ ကုန်အမှတ်တံဆိပ်၊ ကုန်သွယ်မှုအမည်၊ ကုန်အမှတ်တံဆိပ်အသွင်အပြင်ဖော်ပြချက်နှင့် အခြားသက်ဆိုင်သည့် အသိဉာဏ ပစ္စည်းဆိုင်ရာအခွင့်အရေးများကို **Ajinomoto Co., Inc.** က ပိုင်ဆိုင်ကြောင်း ကြေငြာအပ်ပါသည်။ ကုန်ပစ္စည်းအတုများနှင့် ဆင်တူယိုးမှားတုပပြုလုပ်ထားသော ကုန်ပစ္စည်းများအပါအဝင် ၎င်း၏ အသိ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သည့် မည်သည့် အပြုအမူကိုမဆို **Ajinomoto Co., Inc.** က သိရှိပါက ၂၀၁၇ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ နောက်ပိုင်းမှစတင်ကာ **Ajinomoto Co., Inc.** နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းတို့၏ အသိဉာဏပစ္စည်း သို့မဟုတ် ဥပဒေကြောင်းအရ ရရှိထားသည့် အခြားအခွင့်အရေးများကို ချိုးဖောက်သူ မည်သူကိုမဆို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်၏ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဥပဒေကြောင်းအရ လိုအပ်သလို အရေးယူဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ကုန်သွယ်ဘက်များနှင့် အများပြည်သူကို အသိပေးကြေညာလိုသည်မှာ Ajinomoto Co., Inc.၏ မိတ်ဖက် အဖွဲ့အစည်းဖြစ်သည့် Ajinomoto Co., (Thailand) Ltd. (ရန်ကုန်ဌာနခွဲ) သည် ရင်းနှီးမြှုပ်နှံ မှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင် အတည်ပြုချက်နှင့်အညီ မြန်မာနိုင်ငံတွင် လုပ်ငန်းများစတင်ဆောင်ရွက်လျက် ရှိပါသည်။

ဒေါ်မေသွယ်လှိုင် LL.B., LL.M., (H.G.P.)
**Ajinomoto Co., Inc. ၏ကိုယ်စား**
**Tilleke & Gibbins Myanmar Ltd.** အမှတ်-၁၆၀၈၊ (၁၆) ထပ်၊ ဆာကူရာတာဝါ၊ အမှတ်(၃၃၉)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။

---

**မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၉၅၂၆၆ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာထွန်း ၁၀/ဘလန(နိုင်) ၀၇၆၉၁၈က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 8K/8644 TUN LIGHT TRUCK ယာဉ်အမည်ပေါက်သူ ဦးဇော်မင်းဦး ၉/ကဆန(နိုင်)၁၁၃၇၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

# ဦးကျော်စိန် (ပုတီးကုန်းမြို့)
## ကုန်သွယ်/လယ်ယာ(ငြိမ်း)
## အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်းမြို့၊ ညောင်တန်းကျေးရွာနေ (ဦးဘိုးစိန်-ဒေါ်စောရှင်)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးအောင်ကြွယ်-ဒေါ်သန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၃)လမ်း၊ အမှတ်(၄၈/က)နေ ဒေါ်ခင်နွဲ့၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဝင်းနိုင်၊ ကိုမောင်မောင်မြင့်၊ ကိုမျိုးအောင်-မမြင့်မြင့်ရီ၊ ကိုခိုင်ဝင်း-မစိုးစိုး၊ ကိုမင်းသူ-မခိုင်မျိုးမြင့်နိုင်၊ မအောင်မျိုးမြင့်နိုင်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၅-၈-၂၀၁၇ရက် (စနေနေ့)မွန်းလွဲ ၁၂း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမင်းထွန်း(ခ)မောင်မောင် B.Sc(IC)
## အသက်(၄၃)နှစ်

အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးသန်းထွန်း (SNIDB ဥက္ကဋ္ဌ၊ ငြိမ်း)(ပုသိမ်အသင်း နာယကကြီး)-ဒေါ်မြသွေး (ကံ့ကော်ရွှေပြည်)တို့၏သား ဦးမျိုးမင်းထွန်း(ခ)မောင်မောင်သည် ၃၁-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အထူးဝမ်းနည်း ကြေကွဲမိပါကြောင်း။

**ဦးဗိုလ်မော်**
**ဦးတင်မောင်ဝင်း**
**ဦးလှရင်နှင့်မိတ်ဆွေများ**
**ပုသိမ်မြို့**

## အမည်ပြောင်း

မန်စီမြို့နယ်၊ မန်ရကျေးရွာနေ ဦးမောင်ရီ၏သမီး မရီရွှေဦးအား မအေးအေးသင်းနှင့် မကေသီစိုးအား မစန္ဒာဌေးဟု ပြောင်းလဲခေါ်ပါရန်။ **ဦးမောင်ရီ**

## အမည်၊ မွေးသက္ကရာဇ်နှင့် ဖခင်အမည်မှန်

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဗန်းမော်မြို့၊ အလက(၃)၊ ထ(ခွဲ)မှ တက္ကသိုလ်ဝင်တန်းဖြေဆိုကျရှုံးခဲ့သူ မောင်တူးနန်၏အမည်မှန်မှာ မောင်အင်ခွမ်တူးနန်၊ မွေးသက္ကရာဇ်အမှန်မှာ ၇-၄-၁၉၉၅ဖြစ်၍ ၎င်း၏ဖခင်အမည်မှန်မှာ ဦးအင်ခွမ်ဘရမ်ခွမ် ၁/မခစ(နိုင်)၀၂၆၆၅၇ ဖြစ်ပါကြောင်း။ **ဦးအင်ခွမ်ဘရမ်ခွမ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ အရှေ့သာစည်ရပ်၊ လှျပ်စစ်ကုန်း၊ အမှတ်(သစ-၄၉၂)နေ ဦးဘောက်ဒီး၏ သားများဖြစ်ကြသော ဦးအင်ခွန်နော်နှင့် ဦးနော်လင်းအောင် ၁/ဗမန(နိုင်)၀၈၀၂၃၅သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဦးအင်ခွန်လနှင့် ဦးလမိုင်အောင် ၁/ဗမန(နိုင်)၀၆၉၃၄၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဦးဘုန်းမြင့်
### ကုန်းလမ်းသယ်ယူပို့ဆောင်ရေး(အငြိမ်းစား)
### အသက်(၇၈)နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာနေ (ဦးစိန်ထွန်း-ဒေါ်မှင်)တို့၏သား၊ ရန်ကုန်မြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးသောင်းထွန်း-ဒေါ်ဆန်းရွှေ) တို့၏ သားသမက်၊ သန်လျင်မြို့နေ (ဦးမြင့်လွင်)-ဒေါ်တိုးကြည်၊ (ဦးကြည်မြင့်-ဒေါ်ငြိမ်းရီ)၊ (ဦးလှမြင့်)-ဒေါ်တင်ရွှေတို့၏ညီ၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ရီ၊ (ဦးမောင်မောင်ထွေး)-ဒေါ်မြင့်မြင့်လှိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ [ဒေါက်တာကျော်ဦး(မျက်စိအထူးကုဆရာဝန်ကြီး)]-ဒေါက်တာဒေါ်ခင်မြဝင်း(နေဇာဆေးခန်း၊ ဓာတ်မှန်ဆရာဝန်ကြီး၊ ပါမောက္ခ-ငြိမ်း)တို့၏မောင်၊ ဦးအုန်းလွင်-ဒေါ်ခင်သန်းထွေး(အထပြ-ငြိမ်း)၊ ဒေါ်ခင်နွဲ့ရီ၊ ဒေါ်ခင်မေလွင်၊ (ဒေါက်တာခင်နှင်းဝေ)၊ (ဦးကျော်ကျော်ခိုင်)-ဒေါ်ဟုန်ထွေး၊ ဦးကျော်ကျော်နိုင်-ဒေါ်ရွှေရည်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ယောမင်းကြီးလမ်း၊ အမှတ် ၄၅Aနေ ဒေါ်ခင်စောကြည်(ကျောင်းအုပ်-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်စောဥမ္မာ၊ ဦးစိုးအောင်(စိုးအောင်ကလပ်ဘရိတ်၊ ဘုရင့်နောင်ဈေး)-ဒေါ်စောမာလာ၊ ဩစတြေးလျနိုင်ငံနေ ဒေါက်တာကျော်လင်းထွန်း-ဒေါက်တာကြူကြူနိုင်တို့၏ဖခင်၊ မောင်ဖြိုးမင်းထွဋ်၊ မလင်းထက်မာလာ၊ မဇေဟန်နိုင်လင်းထွန်းတို့၏အဘိုးသည် ၄-၈-၂၀၁၇ရက်(သောကြာနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၄၅A၊ ယောမင်းကြီးလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးထွန်းသိန်း(ခ)ဦးသံချောင်း
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေ ကလေးရပ်ကွက်၊ အမှတ် ၅၊ ပိတောက်ရွှေဝါလမ်းနေ(ဦးယုံစိန်-ဒေါ်ကျင်စွမ်)တို့၏သား၊ (ဦးဖျော့ဝါ-ဒေါ်လှရင်)တို့၏ သားသမက်၊ ဒေါ်ကျင်ရီ၏ခင်ပွန်း၊ (ဦးကြီးစိန်)-ဒေါ်ဝင်းတို့၏ညီ၊ ဦးထွန်းသောင်း-ဒေါ်ခင်စန်းရီ၊ ဦးထွန်းလှိုင်တို့၏အစ်ကို၊ မနှင်းဥမ္မာချို၊ ကိုစိုးပိုင်၊ မမွန်မွန်ခိုင်-ကိုကျော်ထွန်းဝင်းတို့၏ဖခင်၊ မောင်ဟိန်းဇေယျာအောင်၏အဘိုးသည် ၅-၈-၂၀၁၇ ရက် နံနက် ၆း၁၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၇ ရက် နံနက် ၇ နာရီမှစ၍ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်မှန်

ရွှေကူမြို့နယ်၊ ကျောက်ကြီးကျေးရွာနေ ဦးအောင်ဝင်း-ဒေါ်အေးစု တို့၏ သမီး မမြသွယ်၏ အမည်မှန်မှာ မမြတ်ကြွယ် ၁/ရကန(နိုင်)၀၅၄၀၀၅ ဖြစ်ပါကြောင်း။ **မမြတ်ကြွယ်**

## ဖခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဗန်းမော်မြို့၊ အထက(၄)၊ အဋ္ဌမတန်း (A)မှ မအေးငြိမ်းသူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်မိုး ၁၃/မမတ(နိုင်)၀၄၅၈၆၆ ဖြစ်ပါကြောင်း။ **ဦးမြင့်မိုး**

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၄)၊ အဋ္ဌမတန်း (D)မှ မမေသဇင်မျိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုး ၁/ဗမန(နိုင်)၀၉၈၆၂၅ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုး**

**စာအုပ်စာပေလူ့မိတ်ဆွေ**

# (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## မကစ်ကစ်ခင် (BE.Civil) သီပေါ/ကျောက်ဆည်
## အသက်(၂၂)နှစ်
## ၇-၈-၂၀၁၅ မှ ၇-၈-၂၀၁၇

အူပနဲ့ အမေတို့ကို ခွဲခွာသွားခဲ့သည်မှာ ဒီနေ့ဆိုရင် (၂)နှစ်ပြည့်သွားပါပြီ။ တစ်နေ့တစ်ရက်မှ မေ့မရသေးပါ။ မိသားစုနဲ့အတူအမြဲထာဝရရှိနေဆဲပါ။

နေ့စဉ်၊ လစဉ်လှူဒါန်းမှုအစုစုတို့ကို ပြုလုပ်ရင်းဖြင့် သတိရခြင်း၊ လွမ်းဆွတ်ခြင်းဖြေသိမ့်နေရပါတယ် သမီးငယ်။

ယနေ့(၂)နှစ်ပြည့်မှာလည်း သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်း၊ ပရိက္ခရာ၊ နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းခြင်း၊ ဘာဝနာအားထုတ်မှု ကုသိုလ်များနှင့် ဤကောင်းမှုအစုစုတို့သည် သမီးငယ်၏ကောင်းမှုကုသိုလ်များသာဖြစ်ပါသည်။

ဤကောင်းမှုကုသိုလ်အစုစုတို့ကြောင့် ရောက်ရှိနေသာ ဘုံဘဝမှသည် အေးချမ်းမြင့်မြတ်သော ဘုံဘဝသို့ရောက်ရှိနိုင်ပါစေ။ ခံစားနိုင်ပါစေ။ စံစားနိုင်ပါစေ။

သမီးကစ်ကစ်ရေ အမျှ-အမျှ-အမျှ သာဓု-သာဓု-သာဓု

**အူပ-ဦးစိုင်းမြသောင်း**
**အမေ-ဒေါ်ခင်မေသန်း**
**ကိုကြီး-စိုင်းဝေလင်းသောင်း**
**ကိုငယ်-စိုင်းဟန်လင်းသောင်း**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးထွန်းလှစိန်(ခ)ကိုကြီး (Loyd Moz, Dinnis)
### Peace Maker Band & STUDIO(Lead Guitarist)
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန် အပိုင်း(၃)၊ ပန်းပိတောက်လမ်း၊ အမှတ်၁၉၀(စီ)နေ (ဦးကျော်စိန်ဖေ-ဒေါ်လှလှအုန်း)တို့၏သား၊ (ဦးခရူးစိန်)-ဒေါ်မေစီတို့၏သားသမက်၊ ဒေါ်မူးမူးစိန်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ချစ်ဦးစိန်၊ မောင်ချစ်ထူးစိန်၊ မောင်ချစ်ထွန်းစိန်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်မာလာစိန်-Ong Teik Hong (Singapore)၊ Denny Sein-Victoria (USA)၊ (ဦးကျော်လှစိန်)-ဒေါ်မေလားနီတို့၏အစ်ကို၊ တူ/တူမ ၁၀ယောက်တို့၏ ဦးကြီးသည် ၄-၈-၂၀၁၇ရက်(သောကြာနေ့)နံနက် ၂း၀၁နာရီတွင် ရွှေလမင်းဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ရှိ တိုက်ခန်းကို တိုက်ခန်းနေရာချထားခြင်းခံရသူထံမှ ဝယ်ယူထားသူက အမည်ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်း ကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးခင်ညို<br>KMYT-၀၀၀၁၆၀<br>ဦးအုန်းလှိုင်<br>၁၂/ကမရ(နိုင်)၀၀၈၁၅၆(မှ) | ဒေါ်တင်တင်သန်း<br>၁၂/ကမရ(နိုင်)၀၄၁၉၆၃<br>ဒေါ်ခင်လေးမြင့်<br>၁၂/ကမရ(နိုင်)၀၂၆၇၈၈ | တိုက်အမှတ် ၁၈၊<br>အခန်းအမှတ်၆၂၊<br>ပြည်ရိပ်မွန်အိမ်ရာ၊<br>ကမာရွတ်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ် (၉၄/က)နေ မသန္တာဝင်း ၁၂/ဥကတ(နိုင်) ၁၄၉၅၂၆သည် အုပ်ထိန်းသူမိဘနှစ်ပါး၏ ပြောဆိုဆုံးမခြင်းအား နာခံမှုမရှိဘဲ ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးလှဝင်း-ဒေါ်ဝင်းဝင်းမြင့်**
**၁၂/ဥကတ(နိုင်)၀၀၄၆၃၉၊**
**၁၂/ဥကတ(နိုင်)၀၁၇၇၂၉**

## အများသိစေရန်ကြော်ငြာခြင်း

တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/နတ်သျှင်နောင်၊ ဦးပိုင်အမှတ်(၁၉၃ဃ)၊ မြေကွက်တည်နေရာအမှတ် (၁၉၃ဃ)၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့ ဒေါ်သန်းသန်းထွေး ၉/စကတ(နိုင်)၀၄၈၀၄၅ အမည်ပေါက် နှစ်(၃၀) ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းထွေး ၉/စကတ(နိုင်)၀၄၈၀၄၅မှ မြေငှားစာချုပ်ဂရန် မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ မြေငှားစာချုပ်ဂရန် မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန် ထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် DCRP V 2/1995-1996 ဒေါ်သန်းသန်းထွေး အမည်ပေါက် နှစ်၃၀ မြေငှားစာချုပ်ဂရန် (မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မိုးညှင်းမြို့၊ အထက (ခွဲ-အုတ်ကျင်း)၊ တက္ကသိုလ်ဝင်တန်း ($B_7$) မှ မနန်းအိန္ဒြာချစ်စု၏ မိဘအမည်မှန်မှာ ဦးထွန်းကြည် ၁/မညန(နိုင်)၀၀၆၄၁၀နှင့် ဒေါ်မြစိန် ၁/မညန(နိုင်)၀၀၇၇၂၀ဖြစ်ပါသည်။

## အမည်ပြောင်း

မြစ်ကြီးနားတက္ကသိုလ် (အဝေးသင်ဌာနခွဲ)၊ ဒုတိယနှစ်(အင်္ဂလိပ်)မှ မမြင့်မြင့်စန်း ၁/မညန(နိုင်)၁၅၈၃၂၁ အား မမေဂျူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၃)၊ ဦးပိုင်အမှတ် (၁၅၀)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေယာကွက်ကို ဦးထွန်းဖေ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၆၄၇/V၊ ၁၉၈၉-၁၉၉၀ ဖြင့် (၅)နှစ် သက်တမ်းရှိ မြေငှားဂရန်ရရှိထားရာ အဆိုပါမြေယာကွက်ကို ဟိုပင်မြို့၊ မြို့မရပ်၊ အိမ်အမှတ် (၁/၉၁)၊ ဦးဟန်လင်း ၁/မညန(နိုင်) ၀၀၀၇၇၁မှ စာရွက်စာတမ်းအပြည့်အစုံဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မြေငှားဂရန် အမည်ပြောင်းလျှောက်ထားသော မြေယာကွက်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ယခုကြေညာသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝဏ္ဏဦး LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၂၃၇၀)**
**အမှတ်(၆)၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၂၃၅၇၇၊ ၀၉-၂၅၅၈၈၂၁၅၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၇၂၂၁ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းမောင် ၁၁/ရသတ(နိုင်)၀၆၃၇၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၆၃၃၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းဦး ၁၄/ညတန(နိုင်)၁၆၂၂၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မအူပင်)၊ (မအူပင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၃၆၇၊ မြေကွက်တည်နေရာအမှတ် ၃၆၇၊ သီဂီ ၄ လမ်း၊ ဒဂုံ/တောင် ဒေါ်သောင်းစိန် ISN-၁၄၇၇၂၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်သောင်းစိန် (မိခင်)နှင့် ဖခင်ဖြစ်သူ ဦးထွန်းအောင်တို့ ကွယ်လွန်သွားကြသောကြောင့် ကျန်သားသမီးများဖြစ်သော ဒေါ်မွန်ရည်အောင် ၂/လကန(နိုင်)၀၀၆၆၀၀နှင့် ဦးကျော်ထူးအောင် ၁၂/သကတ(နိုင်)၁၂၇၆၆၂တို့မှ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ (၁၇-၁၂-၁၅)၊ ထောက်ခံကျမ်းကျိန်လွှာ (၁၇-၁၂-၁၅)၊ သေစာရင်းများ၊ သန်းခေါင်စာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်သူသို့ ကျေးဇူးတင်လွှာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**"ပြည်သူသို့ကျေးဇူးတင်လွှာ"**
**၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်**
**(၂၀၁၇ခုနှစ် ဩဂုတ်လ ၆ ရက်)**

၁။ ရန်ကုန်မြို့ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် ဩဂုတ်လ ၂ ရက်နေ့မှ ဩဂုတ်လ ၅ ရက်နေ့အထိ မျိုးချစ်အဖွဲ့အမည်ခံ သံဃာအချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် ထိုင်သပိတ်များ ပြုလုပ်ကာ ဆန္ဒပြမှုများဆောင်ရွက်ခဲ့ပါသည်။

၂။ ပြည်သူလူထုအနေဖြင့် ဤလုပ်ရပ်များကို ထောက်ခံခြင်း၊ ပူးပေါင်းပါဝင်ခြင်းများ မပြုခဲ့သည့်အပြင်၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း ဥပဒေနှင့်အညီ တည်ငြိမ်စွာဖြင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခဲ့ကြပါသည်။

၃။ နိုင်ငံ၏ရေရှည်အကျိုးကိုမျှော်ကိုးပြီး နိုင်ငံသူနိုင်ငံသားတို့က တာဝန်သိစိတ်ဖြင့် ရပ်တည်ခဲ့ခြင်းအတွက် ကျေးဇူးဥပကာရ အထူးပင်တင်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။



# (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ အောင်မြင်မှုရရှိရန် မြန်မာ-တရုတ်ချစ်ကြည်ရေး စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၆**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် စားပွဲတင်တင်းနစ်အားကစားသမားများ အောင်မြင်မှုရရှိစေရန်အတွက် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော မြန်မာ-တရုတ်ချစ်ကြည်ရေး စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့ (၂၉)ကြိမ်မြောက် ဆီးဂိမ်းအတွက် ရွေးချယ်ထားတဲ့ မြန်မာ့လက်ရွေးစင်အမျိုးသား၊ အမျိုးသမီး အသင်းနဲ့ ထိုင်ဝမ်ကလပ်က ကစားသမားများရယ် ဆီးဂိမ်းအောင်မြင်မှုရရှိအောင် လက်ရည်စစ်ပွဲ ကစားကြတာဖြစ်ပါတယ်။ ဒါ့ပြင် ထိုင်ဝမ်အားကာသိပ္ပံကျောင်းသားများနဲ့ ဩဂုတ် ၁၈ ရက်အထိ ပူးတွဲလေ့ကျင့်မှုတွေ ဆက်လက်လေ့ကျင့်သွားမှာဖြစ်ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသားလေးဦး၊ အမျိုးသမီးသုံးဦးတို့က အသင်းလိုက်၊ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ *စာမျက်နှာ ၁၃ ကော်လံ ၅* ✪

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အားကစားသမား ၃၈၄ ဦးဖြင့် ယှဉ်ပြိုင်မည်

**သတင်း-ညီမြတ်သော်တာ**

**ရန်ကုန် ဩဂုတ် ၆**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က အားကစားသမား ၃၈၄ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၈ မျိုးတွင် ၂၉ မျိုးတွင်သာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ *စာမျက်နှာ ၁၃ ကော်လံ ၅* ❒

# မကျေပွဲပြန်နွှဲသော စိုးလင်းဦးနှင့် ပိုလန်နိုင်ငံသား ဆာလာဒ္ဒိုက် အရှုံးအနိုင်မပေါ်ခဲ့

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး Victory Myanmar Group Co. Ltd က အဓိက ကူညီပံ့ပိုးကာ T & T Group က စီစဉ်ကျင်းပသော မကျေပွဲပြန်လည်စိန်ခေါ်ပွဲနွှဲသော နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် အဓိကစိန်ခေါ်ပွဲအဖြစ် ပါဝင်ယှဉ်ပြိုင်ထိုးသတ်သော ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် ပိုလန်နိုင်ငံသား ဆာလာဒ္ဒိုက်တို့ ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်ရာ တစ်ဦးနှင့်တစ်ဦး ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် ပြီးဆုံးခဲ့သည်။

မြန်မာနိုင်ငံသား ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးသည် ပြီးခဲ့သော ဇွန် ၁၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသော WLC-2 ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ပိုလန်နိုင်ငံသား ဆာလာဒ္ဒိုက်ကို *စာမျက်နှာ ၁၃ ကော်လံ ၁* ❄



မကျေပွဲပြန်နွှဲသည့် စိုးလင်းဦးနှင့် ပိုလန်နိုင်ငံသား ဆာလာဒ္ဒိုက်တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

## မာတိကာ

**ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်ခဲ့သည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံ၏ ပြည်ပသို့တင်ပို့မှုများကိုပိတ်ပင်**
စာမျက်နှာ-၁၄

**လေဆိပ်လုံခြုံရေးကို စိန်ခေါ်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ**
စာမျက်နှာ-၁၅

